# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ စနေနေ့ (30-3-2013) (၇၄၄၀)


- တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများအနေဖြင့် Sim Card များကို သတ်မှတ်ပေးထားသည့် ဈေးနှုန်းအတိုင်း ပြည်သူများထံ မှန်မှန်ကန်ကန်နှင့် မျှမျှတတဖြန့်ဝေပေးသွားရန်ဖြစ်။
- Sim Card များကို လစဉ်ဈေးနှုန်းမပြောင်းလဲဘဲ ဖြန့်ဝေပေးမည်ဖြစ်သည့်အတွက် ယခုလမရရှိပါက နောက်လတွင် ရရှိမည်ဖြစ်။

# Sim Card များကို တူညီသည့်ဈေးနှုန်းဖြင့် လစဉ်ရောင်းချပေးသွားရန် စီစဉ်ထား Hand Set များကိုလည်း ဈေးမကစားနိုင်အောင် နည်းလမ်းရှာဖွေ ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၂၉**

"ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်အတွက် ဆက်သွယ်ရေးကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍဖြစ်ကြောင်း" ဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက်ပိုင်းတွင်ကျင်းပသည့် တန်ဖိုးနည်းမိုဘိုင်းလ်ဖုန်း Sim Card များ ရောင်းချရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။**(ဝဲပုံ)**

အဆိုပါအစည်းအဝေးကို နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများ ဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးသိန်းညွန့်၊ ဦးစိုးမောင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးမြတ်ဟိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ ယခုအစည်းအဝေးမှာ ပြည်သူလူထုအား ကြိုတင်အသိပေးထားသည့်အတိုင်း မိုဘိုင်းလ်ဖုန်း Sim Card များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရန် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်သာမက နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးစသည်ဖြင့် ကဏ္ဍစုံကို အထောက်အကူပြုသည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီးသည့် ကဏ္ဍဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တယ်လီဖုန်းသိပ်သည်းဆမှာ(၇)ရာခိုင်နှုန်းခန့်သာရှိနေသေးကြောင်း၊ တယ်လီဖုန်းသုံးစွဲနိုင်မှုများပြားလာအောင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် စီမံချက်များရေးဆွဲပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တယ်လီဖုန်းသုံးစွဲမှုတိုးတက်များပြားလာအောင် တိုးမြှင့်တပ်ဆင်ပေးနိုင်ရေးအတွက်စီမံဆောင်ရွက်ရာတွင် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် လိုင်း ၈ သန်း၊ ၂၀၁၄-၂၀၁၅ တွင် လိုင်း ၁၈ သန်း စုစုပေါင်း ၂၆ သန်းတိုးချဲ့တပ်ဆင်ပေးသွားမည် **စာမျက်နှာ ၈ ကော်လံ ၁ သို့**

## ယနေ့ မာတိကာ


၅၀၀၀ ကျပ်တန် ငွေစက္ကူအတုနှင့် အစစ် ခွဲခြားနိုင်ရန် အချက်အလက်များ — စာမျက်နှာ ➢ ၅

သဘာဝပတ်ဝန်းကျင် ထာဝစဉ်ရှင်သန်ရေး စနစ်ကောင်းများ ချမှတ်ပေး — စာမျက်နှာ ➢ ၆

မျက်မမြင်တွေရဲ့ဘဝကို စာနာကာ လှူဒါန်းမှုများပြုလုပ်ခဲ့တဲ့ ကိုရီးယားသရုပ်ဆောင် ဆောင်းဟေကျို — စာမျက်နှာ ➢ ၁၂

ဒေးဗစ်ဘက်ခမ်းအား စာချုပ်သက်တမ်းတိုးရန် ပီအက်စ်ဂျီနည်းပြအန်ဆန်လော့တီ မျှော်လင့် — စာမျက်နှာ ➢ ၁၃


# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Evan Greenberg အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ အမေရိကန်-အာဆီယံကုန်သွယ်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ သစ်တော၊ သတ္တု၊ ဘဏ္ဍာရေးနှင့်ငွေကြေးကဏ္ဍ၊ အာမခံလုပ်ငန်းကဏ္ဍများတွင် ခိုင်မာသော ကတိကဝတ်များဖြင့် ရေရှည်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ အရင်းအနှီးသာမက နည်းပညာ၊ အသိပညာသင်ကြားလေ့ကျင့်မှုများကိုပါ တစ်ပါတည်း အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ကြေးမုံ စာတည်းရှုထောင့် ၃၀-၃-၂၀၁၃ [စနေနေ့]

# မည်သူမပြု မိမိမှု

လောကတွင် လူတို့နိစ္စဓူဝလုပ်ဆောင်နေသည့်အလုပ်မှာ နှစ်မျိုးသာ ရှိပါသည်။ တစ်မျိုးမှာ ကောင်းမှု (သုစရိုက်)ဖြစ်၍ တစ်မျိုးမှာမကောင်းမှု (ဒုစရိုက်)ဖြစ်သည်။ ကောင်းမှုလည်းမဟုတ်၊ မကောင်းမှုလည်းမဟုတ်မှုဘဲ ကြားအလုပ်ဟူ၍မရှိကြောင်း ဖတ်ရှုဖူးသည်။

စင်စစ်လူသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူသည့် ခန္ဓာငါးပါးနှင့် အဖွဲ့အစည်းပြုထားရာ ဖောက်ပြန်ခံစားတတ်ခြင်း၊ မှတ်သားစေ့ဆော်တတ်ခြင်း၊ အာရုံယူတတ်ခြင်း၊ သိတတ်ခြင်းစသည်တို့သည် အချိန်နှင့်အမျှ ပြောင်းလဲသိမြင်ခံစားနေကြသည်သာဖြစ်သည်။ တစ်နည်းအားဖြင့် ကောင်းစိတ်နှင့်မကောင်းစိတ်တို့ ဒွန်တွဲလွန်ဆွဲနေကြသည်ပင်။ ကောင်းစိတ်ကလေးဝင်နေချိန်တွင် သီတင်းသီလပညာဒါနစာဂ စသည့် ကောင်းမှုကုသိုလ်စိတ်များဖြင့် ပြည့်လျှံနေတတ်လေ့ရှိသည်။ မကောင်းစိတ်များဝင်လာသောအခါတွင်လည်း ဖောက်ပြန်ပြောင်းလဲသွားတတ်သည်မှာ အသိဉာဏ်ပညာရှိသောသူဟူ၍ပင်ယုံနိုင်ဖွယ်ရာမရှိသည့်အဖြစ်အပျက်များလည်း ကြုံခဲ့ဖူးကြပါသည်။

"လူတို့၏စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏" (ပါပသ္မိံရမတိမနော)။ ဤသည်မှာ လူတို့တွင် မကောင်းမှုအကုသိုလ်စိတ်များ ပြည့်လျှံနေခြင်းကို ဖော်ပြခြင်းမည်၏။ စင်စစ်မကောင်းမှုမှန်သမျှ ကျူးလွန်နိုင်ခွင့်ကို မည်သည့်ဘာသာကမျှ ခွင့်ပြုမထားပေ။ ဣဿာနှင့် မစ္ဆရိယစိတ်သည် မကောင်းမှုအကုသိုလ်စိတ်များပင် ဖြစ်သည်။ ယင်းစိတ်များကို မပယ်နိုင်သရွေ့ လူ့လောကအတွင်း အေးချမ်းသာယာမှုမရနိုင်။

လောကအတွင်း၌ လူတို့သည် ယဉ်ကျေးပျူငှာသော ကိုယ်စိတ်နှလုံးရှိဖို့လိုသည်။ အဘယ့်ကြောင့်ဆိုသော် လူတို့နေ့စဉ်ထိတွေ့ဆက်ဆံနေရသည့် ဝန်းကျင်သည် ကိုယ်အလုပ်၊ နှုတ်မှုအလုပ်နှင့် စိတ်အလုပ်များနှင့်သာ ဆက်စပ်နေရာ ကိုယ်အမူအရာ၊ နှုတ်အမူအရာကြမ်းတမ်းခြင်း၊ သေးသိမ်ယုတ်ညံ့သည့် စိတ်သဘောထားများ လွှမ်းမိုးနေခြင်းသည် လူ့အဖွဲ့အစည်းအတွက် ပုံရိပ်ဆိုးများပင် ဖြစ်သည်။

လူတို့သည် သည်းခံမှုတရားလက်ကိုင်ထားနိုင်ကြလျှင် ငြိမ်းအေးခြင်းမည်သည်။ သို့မဟုတ်မှုဘဲ စိတ်ကိုအလိုလိုက်ကာ စိတ်၏အလိုဆန္ဒကို မထိန်းကျောင်းနိုင်ကြလျှင် ငြိမ်းအေးမှုကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ ငြိမ်းအေးမှုကင်းမဲ့သော နယ်မြေဒေသသည် မည်သို့သောသူအတွက်ပင်ဖြစ်စေ တုန်လှုပ်ချောက်ချားဖွယ်ရာသာဖြစ်သည်။

လူအမျိုးမျိုးစိတ်အထွေထွေရှိပါသည်။ စိတ်ဆိုသည်မှာ မိမိတစ်ဦးတည်းပိုင်ဖြစ်သည်။ မိမိ၏စိတ်ကို မိမိကိုယ်တိုင်နိုင်နင်းအောင် ထိန်းကျောင်းနိုင်ဖို့ကြိုးပမ်းရမည်မှာ မိမိပင်ဖြစ်သည်။ မိမိကိုယ်တိုင်အားထုတ်မှုမရှိလျှင် မည်သို့သော တရားဒေသနာအမျိုးမျိုးတို့က ဆုံးမဟန့်တားနည်းလမ်းပြနေစေကာမူ အချည်းနှီးသာဖြစ်သည်။

စင်စစ်လူတိုင်းတွင် "နားလည်မှု"ဆိုသည့် ခံစားချက်တစ်ရပ်ရှိရန်လည်း လိုအပ်ပါသည်။ နားလည်မှုဆိုသည်မှာ မတူညီကွဲပြားခြားနားမှုအားလုံးကို စေ့စပ်ညှိနှိုင်းပေးသည့် ကြားခံစိတ်ခံစားမှုတစ်ခုပင်ဖြစ်သည်။ "မိမိသာ ဤသို့တွေ့ကြုံခံစားခဲ့ရလျှင်"ဆိုသည့် စာနာတတ်မှုသည် နားလည်ပေးမှုပင်ဖြစ်သည်။ စာနာမှု၊ နားလည်ပေးနိုင်မှုအားနည်းနေသည်နှင့်အမျှ လူ့အဖွဲ့အစည်းအတွင်း ငဲ့ညှာထောက်ထားမှုခေါင်းပါး၍ တည်ငြိမ်အေးချမ်းမှု မရနိုင်။

ထို့ကြောင့် မိမိစိတ်ကို နားလည်ပေးနိုင်သူ၊ တရားချနိုင်သူ၊ ပြုပြင်ပေးနိုင်သူမှာ အခြားသူမဟုတ်၊ မိမိသာလျှင်ဖြစ်သည်။ "မည်သူမပြု မိမိမှု" ဟုဆိုသည့်အတိုင်း မိမိပြုမူလုပ်ဆောင်ခဲ့သည့် အမှုကိစ္စအားလုံးတို့သည် မိမိမှတစ်ပါး အခြားသူမဖြစ်နိုင်တော့ပါ။ ။

## ကုန်သည်/စက်မှု အသင်းချုပ်ဥက္ကဋ္ဌ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ SME ဆိုင်ရာ ဆွေးနွေးပွဲများ တက်ရောက်ခဲ့

**ရန်ကုန် မတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် ခေါင်းဆောင်သည့် အဖွဲ့ဝင်လေးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၆ ရက် မှ ၂၇ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသော Seminar on Strategies for Successful Business in the ASEAN markets သို့ တက်ရောက်ခဲ့သည်။

ထို့ပြင် အသင်းချုပ်ဥက္ကဋ္ဌသည် ကိုရီးယားစီးပွားရေးလုပ်ငန်းရှင် ၂၀၀ ကျော်နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်လုပ်ကိုင်နေမှုများ၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်နှင့် လုပ်ထုံးလုပ်နည်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက်အခွင့်အရေးများ ယခင်ကထက် ပိုမိုပြဋ္ဌာန်းပေးထားသည့်ကိစ္စ၊ ကိုရီးယားနိုင်ငံမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်သည့် အခွင့်အလမ်းများကို ဆွေးနွေးတင်ပြပြီး ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည့် အချက်အလက်များကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

အသင်းချုပ်ဥက္ကဋ္ဌသည် ခရီးစဉ်အတွင်း Korea International Trade Association (KITA) ဥက္ကဋ္ဌ Mr. Han, Duck-soo၊ Korea Trade-Investment Promotion Agency (KOTRA) မှ Executive Vice President, Mr. Bae Chang Haon နှင့် Korea Chamber of Commerce and Industry (KCCI) ဥက္ကဋ္ဌ Mr. Sohn, Kyung-shlk တို့အား သီးခြားစီတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

ကိုယ်စားလှယ်အဖွဲ့ဝင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များကလည်း ကိုရီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေကြည်မြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား အထောက်အကူပြုပစ္စည်းများ ပေးအပ်

**ရေကြည် မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ရေကြည်ခန်းမ၌ မတ် ၂၇ ရက် (တပ်မတော်နေ့) မွန်းလွဲ ၂ နာရီတွင် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှ ရေကြည်၊ ငါးသိုင်းချောင်း၊ အသုတ်မြို့နယ်များမှ မသန်စွမ်းသူများအား အထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် သစ်တောနှင့် သတ္တုဝန်ကြီးဦးစိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက မသန်စွမ်းသူများကို အထောက်အကူပြုပစ္စည်း ပေးအပ်ရခြင်းနှင့် ရေကြည်မြို့နယ်ရုံးခွဲဖွင့်လှစ်ရခြင်းအကြောင်းများကို အကျယ်တဝင့်ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။ ဆက်လက်ပြီး အထောက်အကူပြုပစ္စည်းများပေးအပ်ရာ ဘီးချဲလေးဘီးသုံးစီးနှင့် ဘီးချဲသုံးဘီး တစ်စီး၊ ချိုင်းထောက် ၁၂ ချောင်း၊ မျက်မမြင်လမ်းလျှောက်တုတ် တစ်ချောင်းတို့အား တာဝန်ရှိသူများက အမှန်တကယ်လိုအပ်သည့် မသန်စွမ်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၆၉၇)**

### မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ် မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစားငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

Toe Toe Yadanar တိုးတိုးရတနာ TRAVELS & TOURS CO.,LTD
Your Destinations ....., Our Creations
ဗီယက်နမ်(ဟိုချီမင်း၊ဟလောင်ကျွန်း) ၆ ရက်-Apr:14 ၉ သိန်း
စင်ကာပူ ၊မလေးရှား ၇ ရက်- Apr:12 ၁၁.၅ သိန်း
ဘီကင်း ၊ ရှန်ဟိုင်း ၈ ရက်-Apr:9/13 ၁၃.၅ သိန်း
ဟောင်ကောင်၊မကာအို ၈ ရက်- Apr: 13 ၁၃.၅ သိန်း
MAI Apr:12
ဝန်ကောက်၊အယုဒ္ဓယ၊ပတ္တရား ၆ ရက် - ၆ သိန်း
Hot Line: 09421027657 , 095058894 လူဦးရေကန့်သတ်ထားပါသည်။
အမှတ်-၁၅/၁၇ (6 / B) အင်းစိန်လမ်းမကြီး၊ လှည်းတန်း ဈေး ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
toetoeyadanar.travels@gmail.com 01-503925 , 01-527539

UNIQUE STAR TRAVELS & TOURS
Promotion (၃)ဦး ဝယ်လျှင် + (၁)ဦး အခမဲ့
ရွှေလီ Apr: 10,11,12,13 (350,000)
တောင်ကြီး Apr: 11,12,13,17 (205,000)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ Apr: 13 (195,000) | ပုဂံ၊ရွှေစက်တော် Apr: 11,13 (195,000)
မန္တလေး၊မိုးမြန်၊ပြင်ဦးလွင် Apr: 12 (195,000) | ပုဂံ၊မန္တလေး Apr: 11,13 (205,000)
အလောင်းတော်ကဿပ Apr: 11,13 (215,000) | ပုဂံ၊တောင်ကြီး Apr: 11,13 (265,000)
ချောင်းသာ Hotel Max Apr: 10 (80,000) | မန္တလေး၊တောင်ကြီး Apr: 11,13 (265,000)
(5),Ground Fl, Asia Plaza. Ph: 391 372, 391 373, 708 353, 705 723, 09 514 8079
70(A),Kabaraye Pagoda Rd.09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော်　မတ်　၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အဲလက်စ်ဂါစီရာချွာသည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အဲလက်စ်ဂါစီရာချွာ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၃၀-၃-၂၀၁၃(စနေနေ့)**

| | |
|---|---|
| ၇း၀၃ | တရားတော် |
| ၇း၁၆ | ဓမ္မပူဇာတေး |
| ၇း၂၂ | မျိုးချစ်တပ်မတော် |
| ၇း၂၉ | မြန်မာ့ရှုခင်း |
| ၇း၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၈း၁၀ | မှတ်တမ်း |
| ၁၁း၁၅ | ကာတွန်းအစီအစဉ် -"အမှန်တရားရဲ့ ရိုဘော့ဗ်" (အပိုင်း-၃) |
| ၁၁း၄၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -တစ်ခါက (မြင့်မြတ်၊ ဖွေးဖွေး၊ အေသင်ချိုဆွေနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ မီးပွား) |
| ၁း၂၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ဒဏ်ရာများနဲ့ချစ်သူ" (အပိုင်း-၃၃) |
| ၄း၄၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၅း၀၀ | ကျန်းမာသုတ |
| ၅း၃၀ | ရွှေလမ်းငွေလမ်း သူဌေးလမ်း |
| ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇း၅၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လူငယ်လေးရဲ့ အစိမ်းရောင်ကမ္ဘာ" (အပိုင်း-၂၃) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -လူ့ရွှင်တော်စတား -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "Red Tails " (မီးခိုးကြွက်လျှောက်) (အပိုင်း-၂) (ဇာတ်သိမ်း) |

## သစ်အလုံးလိုက်ပြည်ပတင်ပို့ခွင့် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ရပ်ဆိုင်းမည်

**နေပြည်တော်　မတ်　၂၉**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာနှင့်အညီ ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားဘဝ သိသာစွာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် နိုင်ငံတော်၏ အဓိကသယံဇာတတစ်ခုဖြစ်သည့် သစ်တောသယံဇာတများ ရေရှည်အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရန် သစ်အလုံးလိုက် ပြည်ပတင်ပို့ခွင့်ကို ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှ စတင်ရပ်ဆိုင်းမည်ဖြစ်သည်။

ပြည်ပသို့ သစ်အချောထည် (သို့မဟုတ်) တစ်ဝက်တစ်ပျက် အချောထည်အဖြစ်ဖြင့်သာ ပြုလုပ်တင်ပို့ ခွင့်ပြုခြင်းဖြင့် ပြည်ပစက်မှုလုပ်ငန်းရှင်များမှ သစ်အချောထည်စက်မှုလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာကာ ပြည်တွင်းမှ နိုင်ငံသားလုပ်ငန်းရှင်များနှင့် ပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း ခေတ်မီနည်းပညာနှင့် ဝင်ငွေများတိုးတက်ရရှိစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟိုလန်အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော်　မတ်　၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ယန်ဟိုလန်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

# ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)**
**၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်**
**(၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ တွင် ဒုတိယပိုဒ်နှင့် တတိယပိုဒ်တို့၌ ပါရှိသော "one hundred kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၇ တွင်-

(က) ပုဒ်မခွဲ (က)ပုဒ်မခွဲငယ်(၁)တွင်ပါရှိသော"Government of India or"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၁)တွင်ပါရှိသော "The Government of the Union of Burma"ဆိုသည့် စကားရပ်ကို "The Government of the Republic of the Union of Myanmar" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (င)တွင်ပါရှိသော "the High Court"ဆိုသည့် စကားရပ်ကို "the High Court of the Region or the High Court of the State"ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၄။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(စ)တွင်ပါရှိသော "in any of the following towns, namely, the town of Yangon, Mawlamyine, Pathein and Sittwe, and in any other town which the President of the Union may, by notification in the Gazette, specify in this behalf" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၉ တွင်ပါရှိသော "one hundred kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၆၉ ပုဒ်မခွဲ(၁)ပုဒ်မခွဲငယ်(ဂ) တွင်ပါရှိသော "Situate within the towns of Yangon, Mawlamyine, Pathein, Sittwe or in any other town or area which the president of the Union may, by notification in the Gazette, specify in this behalf " ဆိုသည့်စကားရပ်အစား "Situated in any town of the Repubilc of the Union of Myanmar" ဆိုသည့် စကားရပ်ကို အစားထိုးရမည်။

၇။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၄ တွင်ပါရှိသော "the High Court"ဆိုသည့် စကားရပ်ကို "the Supreme Court of the Union"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## သဲကုန်းမြို့နယ်၌ ဆူပူအကြမ်းဖက်မှုများဖြစ်ပွား လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ပစ်ဖောက်လူစုခွဲခဲ့ရ

**နေပြည်တော် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပုတီးကုန်းကျေးရွာအုပ်စု ပုတီးကုန်းဘူတာ ရထားသံလမ်းဘေးရှိ ဆိုင်အချို့အား မတ် ၂၈ ရက် ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် လူအုပ်စုများက ဝင်ရောက်ဖျက်ဆီးခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သဲကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့က သေနတ်ပစ်ဖောက် လူစုခွဲခဲ့ရကြောင်း၊ အလားတူ ပုတီးကုန်းကျေးရွာအုပ်စု ရွှေပြည်အေးရပ်ကွက်၌လည်း နေအိမ်နှစ်လုံးအား ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် လူအုပ်စုများက ဝိုင်းဝန်းဖျက်ဆီးခဲ့ကြသဖြင့် လုံခြုံရေးအဖွဲ့က သေနတ်ပစ်ဖောက်၍ လူစုခွဲခဲ့ရကြောင်း သိရသည်။

ထို့ပြင် မြို့မ(၁)လမ်းရှိ ဘာသာရေးအဆောက်အအုံတစ်လုံးအနီးသို့ ည ၁၁ နာရီခွဲခန့်တွင် လူအုပ်စုများ စုဝေးရောက်ရှိလာသဖြင့် လုံခြုံရေးအဖွဲ့က တားဆီးပြီး သေနတ်ပစ်ဖောက် လူစုခွဲခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် လူစုကွဲသွားကြောင်း၊ ထို့အတူ သဲကုန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဘာသာရေးအဆောက်အအုံတစ်လုံးအနီးသို့ ည ၁၀ နာရီခွဲခန့်တွင် လူအုပ်စုများ စုဝေးရောက်ရှိလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သံဃာတော်များ၊ ရပ်ကွက်ရှိ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က လူစုခွဲခဲ့ရာ ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် လူစုကွဲသွားကြောင်း သိရှိရသည်။

အလားတူ အင်းမကျေးရွာအုပ်စုဈေးလမ်း၌ လူစုလူဝေးများ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးအဖွဲ့က သွားရောက်တားမြစ်လူစုခွဲခဲ့ရာ မတ် ၂၉ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် လူစုကွဲသွားကြောင်း၊ အဆိုပါဖြစ်စဉ်တွင် ဈေးဆိုင်ခန်းလေးခန်း၊ နေအိမ်နှစ်လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အတူ မင်းလှမြို့နယ် စစ်ကွင်းဈေးအတွင်းသို့ ယနေ့ညနေ ၃ နာရီခွဲခန့်တွင် လူစုလူဝေးတစ်စုက ဈေးဆိုင်တစ်ဆိုင်နှင့် နေအိမ်တစ်လုံးအား ဝိုင်းဝန်းဖျက်ဆီးခဲ့ကြကြောင်း၊ မသင်္ကာသူနှစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း နှင့် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်တွင် လူစုကွဲသွားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

## မိတ္ထီလာမြို့၌ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများ၌ ဒုက္ခသည်များ ကိုယ်တိုင်ကိုယ်ကျချက်ပြုတ်စားသောက်

**နေပြည်တော် မတ် ၂၉**

မိတ္ထီလာမြို့ပေါ်တွင် ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းငါးခုနှင့် ဘုန်းတော်ကြီးကျောင်းရှစ်ကျောင်းမှ ဒုက္ခသည်များသည် ယနေ့မှစတင်ကာ ဒုက္ခသည်များအဖွဲ့ခေါင်းဆောင်များမှဦးစီး၍ ကယ်ဆယ်ရေးစခန်းအလိုက် ကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်စားသောက်နေကြပြီဖြစ်သည်။ **(အောက်ယာပုံ)**

အဆိုပါယာယီဒုက္ခသည်စခန်းများအတွင်း၌ ဒုက္ခသည်များ၏ ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအသောက် သန့်ရှင်းရေး၊ ကူးစက်ရောဂါများဖြစ်ပွားမှု ရှိ၊ မရှိ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့် ရရှိရေးနှင့် အညစ်အကြေးစနစ်တကျစွန့်ပစ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် မိတ္ထီလာဆေးရုံကြီးမှ ကလေးအထူးကု ဒေါက်တာခင်မြင့်သန်း၊ ကျောက်ဆည် ဆေးရုံအထွေထွေရောဂါကု ဒေါက်တာသူရဇော်၊ အရိုးရောဂါကုဆရာဝန်ကြီး ဒေါက်တာဇော်မင်းလွင်၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာနှင်းမွန်မွန်တင်နှင့် မန္တလေးအရိုးရောဂါအထူးကု ဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာသစ်သစ်ပြုံးနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု (ရောဂါနှိမ်နင်းရေးအဖွဲ့)တို့က ကျန်းမာရေးစစ်ဆေးပေး၍ စောင့်ရှောက် ကူညီပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုဦးနှင့် ရုံးအဖွဲ့ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကယ်ဆယ်ရေးစခန်းအတွင်းသို့ ရောက်ရှိနေထိုင်လျက်ရှိသော မိသားစုစာရင်းများအား အသက် အပိုင်းအခြားအလိုက် လူဦးရေစာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အတူ ကျန်ကယ်ဆယ်ရေးစခန်းအသီးသီးများ၌လည်း ဒုက္ခသည်များ ကိုယ်တိုင်ကိုယ်ကျ ချက်ပြုတ်စားသောက်နေထိုင်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် လူဦးရေစာရင်းကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ရွှေနန်းတော်ဝင်ပိုးထည်ဆိုင် ၏ မြန်မာနှစ်သစ်ကူးအကြိုအထူးအစီအစဉ်

"ရွှေနန်းတော်ဝင်ပိုးထည်"ဆိုင်တိုင်းတွင် ၃၀-၃-၂၀၁၃ မှ ၈-၄-၂၀၁၃ ထိ ဝယ်ယူအားပေးသူတိုင်းအား ၅% မှ ၃၀% ထိ အထူးလျှော့ဈေးများဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆိုင်(၁) - အမှတ်(၂၁)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၅၁၅၀၊ ၀၉-၇၃၁၈၁၃၈၁၊ ဖက်(စ်)-၉၅ ၁ ၅၁၃၅၃၆
ဆိုင်(၂) - အမှတ်(၈၀)၊ မြေညီထပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၅၇၀၈၁
ဆိုင်(၃) - အမှတ်(၁၁၅)၊ ဗိုလ်ချုပ်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၉၀၀၀၉၄၄၊ ၀၉-၇၃၂၁၂၇၄၄
ဆိုင်(၄) - အမှတ်(၇၆)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၈၆၂၀၇၅၇
ဆိုင်(၅) - အမှတ်(၂၃၀)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့။ ဖုန်း-၀၉-၅၃၂၂၄၉၂၊ ၀၅၇-၂၁၇၈၅

# မြန်မာနှင့်တရုတ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မတ် ၂၉**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ နိုင်ငံတကာဆက်ဆံရေးရာကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာနှင့်တရုတ် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ကဏ္ဍများ ဆက်လက်တိုးမြှင့်နိုင်စေရေး၊ မြန်မာနှင့်တရုတ် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# ၅၀၀၀ ကျပ်တန် ငွေစက္ကူအတုနှင့် အစစ် ခွဲခြားနိုင်ရန်အချက်အလက်များ

**ပြည်သူများအနေဖြင့် ၅၀၀၀ ကျပ်တန် ငွေစက္ကူအတုနှင့် အစစ်ခွဲခြားနိုင်ရန်အတွက် သာမန်အားဖြင့် ထင်သာမြင်သာရှိသည့် အလွယ်တကူ နှိုင်းယှဉ်ခွဲခြားသိရှိနိုင်သော အောက်ပါအချက်အလက်များအား သတိပြုနိုင်ရန် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်မှ သတင်းရရှိပါသည်-**

| ငွေစက္ကူအစစ် | ငွေစက္ကူအတု |
|---|---|
| (က) **စက္ကူအမျိုးအစားမှာ** စက္ကူသားကျစ်လျစ်သိပ်သည်းပြီး အထူအပါးညီညာမှုရှိခြင်း၊ ခရမ်းလွန်ရောင်ခြည်အောက်တွင် နို့နှစ်ရောင်ပြောင်းခြင်း၊ ရာသီဥတုနှင့် ရေစိုဒဏ်ခံနိုင်ခြင်း၊ | (က) **စက္ကူအမျိုးအစားမှာ** သာမန်စက္ကူတွင် ရိုက်နှိပ်ထား၍ ပြောင်ချောနေပြီး စက္ကူသားပွကာ ကျစ်လျစ်သိပ်သည်းမှု မရှိခြင်း၊ အထူအပါးညီညာမှု မရှိခြင်း၊ ခရမ်းလွန်ရောင်ခြည်အောက်တွင် နို့နှစ်ရောင် မပြောင်းခြင်း၊ ရာသီဥတုနှင့် ရေစိုဒဏ်ခံနိုင်မှု မရှိခြင်း၊ |
| (ခ) **ငွေစက္ကူနံပါတ်များမှာ** အက္ခရာ (၂)လုံး၊ ဂဏန်း (၇)လုံးပါ မြန်မာအက္ခရာဂဏန်းနှင့် အင်္ဂလိပ်အက္ခရာဂဏန်းတို့ဖြင့် (၂)မျိုး ရိုက်နှိပ်ထားပြီး ခရမ်းလွန်ရောင်ခြည်အောက်တွင် နီရဲတောက်ပစွာ တွေ့မြင်ရခြင်း၊ | (ခ) **ငွေစက္ကူနံပါတ်များမှာ** အက္ခရာ (၂)လုံး၊ ဂဏန်း (၇)လုံးပါ မြန်မာအက္ခရာဂဏန်းနှင့် အင်္ဂလိပ်အက္ခရာ ဂဏန်းတို့ဖြင့် (၂)မျိုးရိုက်နှိပ်ထားသော်လည်း ခရမ်းလွန်ရောင်ခြည်အောက်တွင် နီရဲတောက်ပမှု မရှိခြင်း၊ |
| (ဂ) **ရေစာများ**အနေဖြင့် ဆင်ဖြူတော်ပုံရေစာနှင့် ၅၀၀၀ တန်ဖိုး ရေစာပါရှိခြင်း၊ အလင်းရောင်တွင် ထောင်ကြည့်က မြင်ရပြီး ခရမ်းလွန်ရောင်ခြည်အောက်တွင် မမြင်ရခြင်း၊ | (ဂ) **ရေစာများ**အနေဖြင့် ဆင်ဖြူတော်ပုံရေစာနှင့် ၅၀၀၀ တန်ဖိုးရေစာမှာ အလင်းရောင်တွင် ထောင်ကြည့်က ပေါ်လွင်ပြတ်သားမှု မရှိခြင်း၊ |
| (ဃ) **လုံခြုံရေးကြိုး**အား ငွေစက္ကူတွင် ဒေါင်လိုက်ထည့်သွင်းထားပြီး 5000K စာတန်းအား အတည့်/ပြောင်းပြန် ရိုက်နှိပ်ထားခြင်း၊ ခရမ်းလွန်ရောင်ခြည်အောက်တွင် နီ၊ ပြာ၊ ဝါ အရောင်များ တွေ့ရခြင်း၊ | (ဃ) **လုံခြုံရေးကြိုး**အား ငွေစက္ကူတွင် ဒေါင်လိုက် ထည့်သွင်းထားခြင်းမရှိဘဲ ငွေစက္ကူပေါ်တွင် 5000K စာတန်းအား အတည့်/ပြောင်းပြန်ပုံနှိပ်ထားပြီး သပ်ရပ်မှုမရှိခြင်း၊ |
| (င) **ပုံနှိပ်နည်းစနစ်**မှာ ဖောင်းကြွပုံနှိပ်နည်းစနစ်ဖြင့် ရိုက်နှိပ်ထားပြီး စာလုံး၊ ဆေးကြောင်းများကြွနေပြီး ကြည်လင်တောက်ပပြတ်သားမှုရှိခြင်း၊ | (င) **ပုံနှိပ်နည်းစနစ်**မှာ သာမန်ပုံနှိပ်ထားခြင်းကြောင့် စာလုံး၊ ဆေးကြောင်းများ ကြည်လင်ပြတ်သားမှု မရှိဘဲ အရောင်မှိန်နေခြင်း၊ |

# ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

**နေပြည်တော် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် မတ် ၂၃ ရက် နံနက်ပိုင်းက ပဲခူးမြို့ မဇင်းရပ်ကွက် (၆၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နဂါးလိန် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ လမ်းမုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးသည်။

ယင်းလမ်းသစ်မှာ ကတ္တရာလမ်းဖြစ်ပြီး လမ်းအရှည် ၂၀၂၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

**နေပြည်တော် မတ် ၂၉**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဆဋ္ဌမပုံမှန် အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ် ၆၅ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးလွှတ်တော်စည်းဝေး

**နေပြည်တော် မတ် ၂၉**

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် လွှတ်တော်ကိုယ်စားလှယ် ၆၈ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများ တင်သွင်းဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မတ် ၂၉**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ ဆွေးနွေးဆုံးဖြတ်ချက်များအား ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးမြင့်အောင်က ပြည်ထောင်စုစာရင်းစစ်ချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ**

# ကမ္ဘာလှည့်ခရီးသွားများနှင့် မြန်မာလက္ခဏာဆရာ

**ရန်ကုန် မတ် ၂၉**

မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ကမ္ဘာလှည့်ခရီးသည်များနှင့် စည်ကားလျက်ရှိသည်။ မဟာဗန္ဓုလပန်းခြံဘေး ဆူးလေဘုရားလမ်းဘက် ဗေဒင်လက္ခဏာဆရာများ သစ်ပင်ရိပ်အဝိုင်းခုံများတွင် ဆိုင်းဘုတ်လေးများဖြင့် လက္ခဏာဗေဒင်ဟောနေကြသည်။ သစ်ပင်ခုံဝိုင်းတစ်ခုတွင် ကမ္ဘာလှည့်ခရီးသွားအမျိုးသမီးတစ်ဦးက လက္ခဏာဆရာအား အင်္ဂလိပ်လိုလက္ခဏာကြည့်ချင်ကြောင်းပြောရာ လက္ခဏာဆရာက အင်္ဂလိပ်လိုပြန်ပြောကာ ၎င်းလက်ဝါးအားဖြန့်၍ လက္ခဏာပါ အရေးအကြောင်းများကို အင်္ဂလိပ်လိုရှင်းလင်းဟောပြရာ ၎င်းဆရာဟောပြောခြင်းကို နားလည်သဘောပေါက်နားထောင်နေပြီး ၎င်းနှင့်ပါလာသူ ကမ္ဘာလှည့်ခရီးသွား အမျိုးသမီးနှစ်ဦးကလည်း ဘေးမှရပ်ကာ သဘောကျနှစ်ချိုက်စွာ နားထောင်နေပုံကို တွေ့ရှိရ၍ ဓာတ်ပုံရိုက်ခွင့်တောင်းယူကာ ဓာတ်ပုံရိုက်ပြီး မှတ်တမ်းတင်ခဲ့ပါသည်။ ကမ္ဘာလှည့်ခရီးသွားများအား အင်္ဂလိပ်ဘာသာစကားဖြင့် လက္ခဏာကြည့်ဟောပေးသော ကျွန်တော်တို့ မြန်မာလူမျိုး လက္ခဏာဆရာအားလည်း အသိအမှတ်ပြု မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။ **(ညွှန့်သန်း-စမ်းချောင်း)**




သန်းထိုက်(ရွှေရိပ်)

နိုင်ငံရပ်ခြားကို ဖုန်းအခမဲ့ခေါ်ဖို့အတွက်

Smart Phone , Tablet , Computer

ကမ္ဘာတစ်လွှားအခမဲ့ဖုန်းခေါ်နည်းပညာ

၂၅၀၀ကျပ်

မဇ္ဈိမစာပေတိုက်



CELEBRITY magazine

အတွဲ-၁၊ အမှတ်-၆၊ ၂၀၁၃ ဧပြီလထုတ်

ဂျူး ရဲ့ဝတ္ထု၊ ဆုးငှက် ရဲ့သဘြန်ခံစားမှု

မြင့်မိုးအောင် ရဲ့ ကဗျာ

ကြည်ဖြူသျှင် ရဲ့ အိပ်မက်

ခန့်စည်သူ ရဲ့ပရဟိတ၊ ဘိုဘို ရဲ့ ရင်ဖွင့်စကား

ရဲလေး၊ ဖွေးဖွေး၊ ဝတ်မှုံရွှေရည်၊ ခင်သဇင်၊

အိန္ဒြာကျော်ဇင် တို့ရဲ့အနုပညာများနဲ့

စီးဆင်းလာပြီ...။

Ph : 657237,
09 5197 164

ရောက်ပြီ

# သဘာဝပတ်ဝန်းကျင် ထာဝစဉ်ရှင်သန်ရေး စနစ်ကောင်းများ ချမှတ်ပေး

ဇလွန် - အေးခိုင်

**ရေဘူးနဲ့ဖိနပ်မပါ နွေခါမှသိ**
**ဒါနနဲ့ သီလမပါ သေခါမှသိ**
**သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းနား၏။**

အထက်ပါ ရှေးပညာရှိကြီးများ၏ ဆိုဆုံးမစကားများသည် ကမ္ဘာတည်သရွေ့ တန်ဖိုးမဖြတ်နိုင်သည့်အပြင် နာယူမှတ်သားကျင့်ကြံရမည်သာ ဖြစ်ပါသည်။

ထို့အပြင် သစ်တောများ၏ တန်ဖိုးများကိုလည်း လောကီလောကုတ္တရာနှစ်ဖြာသော အကျိုးအကြောင်း ဆက်နွှယ်မှုဖြင့် မီးမောင်းထိုးပြနေသည်ကိုလည်း မမေ့သင့်ပါ။

တစ်နည်းဆိုရသော် လူသားတိုင်းအတွက် မရှိမဖြစ် လိုအပ်နေသော သစ်ကြီးဝါးကြီးများ၏ ရေ၊ မြေ၊ လေ၊ မီး(နေ)အတွက် ကြားခံစွမ်းဆောင်ပေးမှုများနှင့် သဘာဝပတ်ဝန်းကျင်၏ အလှတရားများကိုလည်း ဖော်ကျူးပြသနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများသည် ကြက်ဥနှင့် ကြက်မဘယ်ကစရမည်ဆိုသကဲ့သို့ သဘာဝပတ်ဝန်းကျင်၏ ဖျက်ဆီးတိုက်ခိုက်မှုကြောင့် သစ်တောများ ပျက်သုဉ်းရသည်လား၊ သစ်တောများ ပျက်သုဉ်းကုန်၍ သဘာဝပတ်ဝန်းကျင် ပျက်စီးရသည်လား တွေးတောငေးမောအဖြေရှာရင်းရှိရင်းစွဲသက်တမ်းမပြည့်သေးသည့် သစ်ပင်များ၊ သစ်တောများ၏ရပ်တည်ရှင်သန်မှုနှင့် သဘာဝပတ်ဝန်းကျင် မပျက်သုဉ်းရေး၊ မပျောက်ပျက်ရေးစသည့်အရေးများကို ရှေးရှု၍ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများမပျက်သုဉ်းရန် အောက်ပါရည်ရွယ်ချက်နှစ်ရပ် ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၁။ အမှိုက်ပုံဖျောက်စနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်အံ့။
၂။ မြစ်ကြောင်းထိန်းသိမ်းရေးစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်အံ့။

၁။ အမှိုက်ပုံဖျောက်စနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်အံ့။

(က) မိမိ၏ အိမ်ခြံဝင်းပရဝဏ်ရှိ သစ်ရွက် သစ်ခက်များနှင့် အမှိုက်များကို မျိုးတူခွဲ၍ ကြိမ်ဖန်များစွာ သုံးစွဲနိုင်သော ပီနံအိတ်ထဲသို့ အဆင်သင့်ထည့်ထားပေးပါ။

(ခ) မိမိတို့၏ မီးဖိုချောင်တိုင်းတွင်လည်း အိမ်ရှင်မများ၏ ဈေးမှပါလာသော ပလတ်စတစ်၊ ဖက်ရွက်၊ ပုလင်း၊ ကော်ခွက်၊ သံဖုံး၊ စက္ကူများစသည့် စွန့်ပစ်ပစ္စည်းများကိုလည်း သီးခြားစီမျိုးတူခွဲ၍ အထက်ပါပီနံအိတ်မျိုးနှင့် အဆင်သင့်ထည့်ထားပေးပါ။

စည်ပင်သာယာဝန်ကြီးဌာနမှ အမှိုက်သိမ်းကားများသည်လည်း စည်ပင်နယ်နိမိတ်အတွင်းရှိ အိုးအိမ်များထံမှ စွန့်ပစ်ပစ္စည်းပါဆယ်အိတ်များကို မချန်လှပ်ဘဲ သိမ်းယူပြီး အသင့်ပါလာသော သန့်ရှင်းမှုပြုထားသည့် ပီနံအိတ်ခွံများနှင့် အစားပြန်ပေးခဲ့စေလိုပါသည်။

သို့မှသာလျှင် ပြည်သူများအဖို့ အစဉ်အမြဲအိတ်သစ် ပြန်လည်၍ မဝယ်ရတော့ပါ။

စည်ပင်သာယာရေးဝန်ကြီးဌာန၏ ပြည်သူအများထံမှ စုစည်းခဲ့သော သစ်ရွက်အမှိုက်များနှင့် သား၊ ငါးအရိုးများကို မြေဩဇာအဖြစ် ပြုပြင်ထုတ်လုပ်ပြီး စိုက်ပျိုးရေးဌာနသို့ ပြန်လည်ရောင်းချစေလိုပါသည်။

တစ်ဖန် မီးဖိုချောင်များမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကိုလည်း (ရီဆိုက်ကယ်)ခေါ် အဟောင်းကို အသစ်ဖြစ်ရန် ပြန်လည်ပြုပြင်ထုတ်လုပ်သော စက်ရုံများသို့ ပို့ဆောင်ရောင်းချစေလိုပါသည်။ စည်ပင်သာယာရေးဝန်ကြီးဌာနမှ အထက်ပါကဲ့သို့လုပ်ဆောင်စေခြင်းဖြင့် အမှိုက်များနှင့် မီးဖိုချောင်စွန့်ပစ်ပစ္စည်းများ အဟောသိကံမဖြစ်ရဘဲ (ရီဆိုက်ကယ်)၏ အကျိုးကြောင့် ပြန်လည်သုံးစွဲရသည့်အတွက်

၁။ သယံဇာတရှာဖွေရမှုအတွက် ကမ္ဘာမြေကြီးအား မြေလှန်ရမှုကြောင့်ဖြစ်ပေါ်လာသည့်သဘာဝပတ်ဝန်းကျင်ပျက်စီးရမှုနှင့် သစ်တောများ ပျက်သုဉ်းရမှုကိုလည်း လျော့ပါးစေပါသည်။

၂။ စက်မှုကုန်ချောများ ကမ္ဘာပေါ်တွင် ဈေးနှုန်းမြင့်မားနေချိန်တွင်(ရီဆိုက်ကယ်)၏ အကျိုးကြောင့် ကျွန်ုပ်တို့၏ စက်မှုကုန်ချောများ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်မည်မှာ ဧကန်မလွဲပါ။

၃။ အမှိုက်ပုံဖျောက်စနစ်ကြောင့် သားကောင်းရတနာလေးများ ပလတ်စတစ်၊ ရေသန့်ဘူးခွံများစသည်တို့ကို လိုက်လံကောက်ယူပြီး ရောင်းရသောငွေကိုလည်း စက်ဘီးကျွတ်ဖာသော ကော်များဝယ်ယူရှူရှိုက်ခြင်း ပြုကြသည့် လေလွင့်ကလေးငယ်လေးများဘဝမှ မိဘများနှင့် ရင်အုပ်မကွာနေနိုင်ပြီး မိမိ၏ဘဝနှင့် နိုင်ငံတော်အတွက် လူရည်ချွန်ကောင်းလေးများဖြစ်ရန် ကျောင်းတော်ကြီး၏ ပညာ့အရိပ်အာဝါသအောက်သို့ ခိုလှုံနိုင်မည်ဖြစ်ပါသည်။

၄။ အမှိုက်ပုံကြောင့် အမှိုက်ပုံမှ ထွက်ရှိလာသည့် အနံ့ဆိုးများနှင့်အမှိုက်ပုံသို့ တစ်ပတ်တစ်ခါရောက်လာရသော အမှိုက်အသစ်များကြောင့် ဥတုနှင့်အာဟာရအသစ်များပြောင်းလဲဖြစ်ပေါ်နေပါ၍ ကံ၊ စိတ်၊ ဥတု၊ အာဟာရအသစ်များလည်းဖြစ်ပေါ်နေပါသည်။

သို့အတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရအသစ်များကြောင့်ဖြစ်ပေါ်လာရသော လူနှင့်တိရစ္ဆာန်တို့ကို တိုက်ခိုက်မည့် ပိုးမွှားအသစ်များကိုလည်း ထိန်းချုပ်ရာရောက်ပါသည်။

ထို့ကြောင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ယခုတင်ပြအပ်ပါသော အထက်ပါစီမံချက်ကို ချမှတ်လုပ်ဆောင်စေခြင်းဖြင့် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်၊ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း အမှိုက်ပုံဖျောက်စနစ်ကောင်းစီမံချက်ကို တင်ပြအပ်ပါသည်။

၂။ မြစ်ကြောင်းထိန်းသိမ်းရေးစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်အံ့။

"မြစ်တို့၏နဒီ ရောဝတီ"

၁။ မြစ်ပြင်ကျယ်သော်
မိုးခါလွန်မြောက်၊ နွေဦးပေါက်ဝယ်
လက်တက်များစွာ၊ ဖြာထွက်တတ်ပြီး
ရေစူးပါးလွှာ၊ စီးဆင်းနေ၏။

၂။ မြစ်ပြင်ကျဉ်းသော်
ရေစူးနက်ရှိုင်း၊ စီးဆင်းသန်လွန်း
မဖြောင့်လမ်းမှ၊ ကမ်းပါးဝန်းကျင်
ပျက်သုဉ်းလွယ်၏။

၃။ မူလနှစ်ဖြာ၊ ချိန်ယူတွက်ဆ
ထိန်းသိမ်းရေလမ်း၊ စံနစ်မှန်ဖြင့်
ပြည်ကျိုးစီးပွား၊ မြစ်မှရှာသော်
တိုင်းထက်သာလွန်ဖြစ်မည်မှတ်။ ။

လှိုင်းကြီးလေ့အောက်၊ တောင်ကြီးဖဝါးအောက်ဆိုဘိသကဲ့သို့(လူကြုံလျှင် သံတောင်အရည်ပျော်ရသည့်အတွက်) သဘာဝပတ်ဝန်းကျင်မှ သဘာဝသယံဇာတများကို ပွဲကိုင်ထိန်းကွပ်၍ ရှာဖွေဖော်ထုတ်မည်ဆိုပါက သဘာဝ၏တိုက်ခိုက်မှုကြောင့် ပတ်ဝန်းကျင်ပျက်သုဉ်းရခြင်းမဖြစ်နိုင်ပါ။

အကြောင်းအမျိုးမျိုးကြောင့် သစ်တောများ ပျက်သုဉ်းလာသဖြင့် မိုးစက်မိုးပေါက်များ၏ ရိုက်ခတ်မှုကြောင့် တောင်မြေများလွင့်စဉ်ကုန်ရပြီး မြစ်ထဲသို့ သဲနုန်းမြေများ အထိန်းအကွပ်မရှိ ဝင်ရောက်လာမှုကြောင့် မြစ်ဝကျွန်းပေါ်ဒေသထိတိုင် သဲနုန်းများပိတ်ဆို့လာမှုကြောင့် မြစ်ရေစီးကြောင်းများ ပြောင်းလဲလာပြီး ကမ်းပါးနှင့် တာတမံများ နိမ့်ဆင်းပြိုပျက်ရပါ၍ မလိုလားအပ်သောဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါသည်။

ထို့ကြောင့် နည်းစနစ်မှန်ကန်စွာဖြင့် ရေလမ်းထိန်းသိမ်းရန် အလွန့်အလွန်အရေးတကြီး လိုအပ်လာပါသည်။ ထိုသို့ ရေလမ်းထိန်းသိမ်းခြင်းနှင့်အတူ (ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာ)ဆိုသကဲ့သို့ မြစ်အတွင်းမှ သဘာဝသယံဇာတများကိုလည်း သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းစနစ်မှန်ဖြင့် ထုတ်ယူသင့်ပါသည်။

တစ်ဖန် မြစ်ကြောင်းအမှန်သည် မြစ်၏ဘေးနှစ်ဖက်တွင်ရှိသော တာတမံ၏အလယ်လောက်တွင်သာ ရှိသင့်ပါသည်။ ထိုသို့နည်းစနစ်မှန်ကန်စွာဖြင့် ထိန်းသိမ်းနိုင်ပါက မြစ်ကြောင်းတောက်လျှောက် တည်ဆောက်နိုင်သော နေရာများတွင် မြစ်ကိုဖြတ်လျက် ပိုင်တိုင်များစိုက်ပြီး ရေလုပ်ငန်းလမ်းကြောင်းနှင့် သင်္ဘောလမ်းကြောင်းစသည်တို့ကို မထိခိုက်စေဘဲ (၁) ရေအားလျှပ်စစ်တည်ဆောက်နိုင်ခြင်းနှင့် (၂)ဆန်စက်မှ ဆန်ခပ်ခွက်နည်းပညာကိုအသုံးပြုပြီး မြစ်၏ ရေစီးအားကိုအသုံးပြု၍ မြစ်ရေများကိုလည်း ရူပဗေဒနည်းပညာဖြင့် စိုက်ခင်းမြေယာများသို့ ပို့ဆောင်နိုင်သည့်အတွက် မြစ်ရေနှင့် အတူတကွ မြစ်ရေမှပါလာသော သဘာဝမြေဩဇာရရှိနိုင်သည့်အတွက် လောင်စာဆီကုန်ကျမှုသက်သာသည့်အပြင် လျှပ်စစ်စွမ်းအင်များကိုလည်း ထုတ်ယူနိုင်သောကြောင့် သဘာဝအရင်းအမြစ်များ အဟောသိကံမဖြစ်စေရဘဲ တိုင်းပြည်၏အကျိုးစီးပွားများ မြစ်မှထုတ်ယူနိုင်ပါ၍ (ပြည့်စွမ်းအင်ပြည်တွင်းမှာရှိကြောင်း) တစ်ထောင့်တစ်နေရာမှ တင်ပြရင်း ပြည်သူအများ၏ နည်းပညာများကိုလည်း ဖိတ်ခေါ်အပ်ပါသည်။

ဆယ်မိုးဆယ်နွေ မျှော်လေလေမဝေးကြဘဲများမကြာမီနှစ်များအတွင်း ကမ္ဘာမှာမြန်မာထိပ်ဆုံးရောက်ရန်ကြိုးစားကြပါစို့။ ။

## ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Startic Electricity) တို့ဖြစ်ပေါ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မီးသတ်ဦးစီးဌာန)**




စာပေမြင့်မှ လူမျိုးတင့်မည်

# မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၉**

ကိုရီးယားနိုင်ငံသို့ အလုပ်သမားများ စေလွှတ်နေမှုကိစ္စများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံရေး ကိစ္စများကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ပတ်ဝန်းကျင်နှင့်အလုပ်သမားရေးရာကော်မတီဥက္ကဌ H.E.Mr. SHIN, Geh-Ryeun ဦးဆောင်သော အဖွဲ့တို့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်း

**နေပြည်တော် မတ် ၂၉**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်သည် ယမန်နေ့ ညနေပိုင်းတွင် မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်မှုနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ထိုသို့တွေ့ဆုံရာ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ထို့နောက်ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်ရန်လိုအပ်ချက်များ၊ လုပ်ဆောင်ရသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိတ္ထီလာမြို့၌ တည်ငြိမ်အေးချမ်းမှုရှိပြီဖြစ်သော်လည်း လုံခြုံရေးတာဝန်ကျဝန်ထမ်းများ ဆက်လက်၍ လုံခြုံရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၉**

မိတ္ထီလာမြို့တွင် ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများအပါအဝင် ခရီးသွားပြည်သူများ စိုးရိမ်ကြောင့်ကြမှုဖြစ်ပေါ်နေခြင်းအပေါ် ပြေပျောက်စေရေးအတွက် လုံခြုံရေးတာဝန်ကျဝန်ထမ်းများ၊ တပ်မတော်သားများနှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ နယ်မြေအလိုက် တာဝန်ခွဲဝေပြီး လုံခြုံရေးဆောင်ရွက်ခဲ့ရာ ယနေ့ဆိုလျှင် မြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ အပါအဝင် အနီးပတ်ဝန်းကျင်ရှိ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် ကူးလူးဆက်ဆံသွားလာရောင်းဝယ်ဖောက်ကားနေကြပြီဖြစ်ကြောင်း သိရှိရသည်။

ယခုအခါ မြို့ပေါ်တွင် တည်ငြိမ်အေးချမ်းသွားပြီဖြစ်သော်လည်း ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် လုံခြုံရေးတာဝန်ကျဝန်ထမ်းများသည် သတ်မှတ်နယ်မြေအသီးသီး၌ ပြည်သူများလုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် အစဉ်တစိုက် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိနေဆဲဖြစ်ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မိတ္ထီလာမြို့ပေါ်၌ တည်ငြိမ်အေးချမ်းစွာ ရောင်းဝယ်ဖောက်ကားကူးလူးဆက်ဆံလျက်ရှိ

**နေပြည်တော် မတ် ၂၉**

မကြာမီရက်ပိုင်းအတွင်းက ဆူပူအကြမ်းဖက်မှုဖြစ်ပွားခဲ့သော မိတ္ထီလာမြို့တွင် ယခုအခါ အခြေအနေများ တည်ငြိမ်အေးချမ်းမှုရှိလာပြီး မိတ္ထီလာမြို့၏ အဓိကလူစည်ကားရာဖြစ်သော ကားဂိတ်များတွင်လည်း ပုံမှန်ခရီးသွားလာကြသူများ၊ မြို့ပေါ်ရှိ ဈေးဆိုင်များ၊ စတိုးဆိုင်များတွင်လည်း ပုံမှန်ရောင်းဝယ်ဖောက်ကားသွားလာကြသူများဖြင့် စည်ကားလျက်ရှိနေပြီဖြစ်သည်။**(အပေါ်ပုံ)**

မိတ္ထီလာမြို့၏ အထင်ကရနေရာများဖြစ်သည့် မိတ္ထီလာမြို့အဝင်မှ ရွှေမြင်တင်ဘုရား၊ ရပ်တော်မူဘုရား၊ နဂါးရုံဘုရားတို့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး မိတ္ထီလာမြို့မဈေးကြီးဝန်းကျင်၊ ကန်လယ်တံတားနှင့် ပညာရေးကောလိပ်၊ မိတ္ထီလာတက္ကသိုလ်ရှေ့ဝန်းကျင်နေရာများတွင်လည်း ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာလှုပ်ရှားလျက်ရှိနေပြီဖြစ်သည်။

ထို့ပြင် မိတ္ထီလာမြို့အနီး ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကုန်စည်များ လာရောက်ရောင်းဝယ်ဖောက်ကားလျက်ရှိသည့် မိတ္ထီလာမြို့ဈေးအနောက်ဘက်၊ ဈေးကုန်းဘုန်းတော်ကြီးကျောင်းနံဘေးရှိ ကားဝင်းတွင်လည်း ကျေးရွာများမှ လာရောက်ကုန်သွယ်ကြသော ဈေးပတ်ကားများ၊ ဈေးရောင်းဈေးဝယ်များ၊ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ကယ်ဆယ်ရေးစခန်းများမှ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် မတ် ၂၉**

မိတ္ထီလာမြို့တွင် တည်ငြိမ်အေးချမ်းနေပြီဖြစ်၍ ဒေသခံပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိတော့ဘဲ မိမိတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို စိတ်အေးချမ်းသာစွာဖြင့် ပြန်လည်လုပ်ကိုင်စားသောက်နေထိုင်နေကြပြီ ဖြစ်ကြောင်း သိရသည်။

ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်း ငါးခုတွင် အိမ်ထောင်စု ၁၉၈၇ စု၊ ဒုက္ခသည် ဦးရေ ၇၄၂၁ ဦးတို့ ခိုလှုံလျက်ရှိကြပြီး ဒုက္ခသည်များ၏ နေထိုင်မှုနှင့် စားသောက်မှုကိစ္စရပ်များ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ယာယီဖွင့်လှစ်ထားသည့် ဘုန်းတော်ကြီးကျောင်း ၂၀ သို့ရောက်ရှိခိုလှုံနေရသည့် ဒုက္ခသည် ၃၀၀၀ ကျော်တို့အနက် အချို့ဒုက္ခသည်များသည် ၎င်းတို့၏ အိမ်များမီးလောင်ဆုံးရှုံးမှုမရှိ၍ စိတ်အေးချမ်းသာစွာဖြင့် မိမိတို့၏အိမ်များသို့ ပြန်လည်နေထိုင်နိုင်ရန်အတွက် တာဝန်ရှိသူများက ပို့ဆောင်ပေးကြကြောင်း သိရှိရသည်။

ယခုအခါ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိရာ အိမ်ထောင်စု ၂၈၉ စု၊ ဒုက္ခသည် ဦးရေ ၁၂၅၃ ဦးသာရှိတော့ကြောင်း သိရှိရသည်။

အဆိုပါ ယာယီဖွင့်လှစ်ထားသော ကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များအတွက် စေတနာရှင်ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများကလည်း အလှူငွေနှင့် ပစ္စည်းများလာရောက်လှူဒါန်းလျက်ရှိရာ ဦးမျိုးလှိုင် - ဒေါ်ဝေဝေခိုင်(ရွှေစင်စကြာကားဂိတ်)က ငွေကျပ်သိန်း ၅၀၊ ဦးနေထွန်းဝင်း-ဒေါ်အေးမြင့်က ငွေကျပ် တစ်သိန်း၊ ဦးစောစီလာ-ဒေါ်လေးနုထွေးက ငွေကျပ် တစ်သိန်း၊ နယ်မြေ(၁၁) အောင်ဇေယျရပ်ကွက် သီရိလမ်းပြည်သူများက ငွေကျပ် ၅၅၀၀၀၊ နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) က ငွေကျပ် ၁၁၅၀၀၀၀၊ ဦးမောင်မောင်ဇင်မိသားစုက ငွေကျပ် သုံးသိန်း၊ ဦးလှသိန်းမောင်-ဒေါ်အေးသန္တာထွန်း မိသားစု(ရန်ကုန်)က ငွေကျပ် ၅၀၀၀၀၊ ဦးထွေးရီ-ဒေါ်ခင်ခင်အေးက ငွေကျပ် ၂၀၀၀၀၊ စံချိန်ဦးကုမ္ပဏီလီမိတက်၊ ထက်သူရိန်ကုမ္ပဏီလီမိတက်၊ ဝင်းထိန်ရောင်းဝယ်ရေးကုမ္ပဏီ၊ မြန်မာဘိုဘိုကုမ္ပဏီလီမိတက်၊ တင်အောင်မြတ်ကျော်ကုမ္ပဏီ၊ဟိန်းဧရာကုမ္ပဏီလီမိတက်၊White Peacock ကုမ္ပဏီ၊ သူ့ထက်သာကုမ္ပဏီ၊ မြင့်ခင်နှင့် သားများကုမ္ပဏီ၊ ညရွှေယုန် ကုမ္ပဏီတို့က ငွေကျပ် သုံးသိန်းစီ၊ San Myanmar ကုမ္ပဏီက ငွေကျပ် ၁၀ သိန်း၊ ဧရာဝတီယူနိုက်တက် ဆောက်လုပ်ရေးမိသားစုက ငွေကျပ် နှစ်သိန်းခွဲ၊ Save the Children က Family kit ၇၁ ခု၊ အိမ်သာလေးလုံး၊ ယာယီခိုလှုံနေရာ အဆောက်အအုံများအပါအဝင် စုစုပေါင်း ငွေကျပ် ၅၉၅၁၅၀၀ တို့ကို လှူဒါန်းကြပြီး ထောက်ပံ့ပစ္စည်းများမှာ ပျဉ်းမနားမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခေါက်ဆွဲခြောက်ထုပ် ၃၉၀၊ အဝတ်အထည် လေးထုပ်၊ ဆန်အိတ် ၁၀၀၊ ပန်းကန်အချပ် ၅၀၊ Grand Wyinne Group က ခေါက်ဆွဲခြောက်အထုပ် ၉၀၀၊ ကော်ဖီမစ် အထုပ် ၆၀၀၊ ဆန်အိတ် ၁၂၀၊ ဆီ ပိဿာ ၁၈၀၊ ပြင်ဦးလွင်မြို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အဝတ်အထည် ၅၉ အိတ်၊ ဆန် ၁၂ အိတ်၊ ဇွန်း ၁၅၆ ခု၊ ခြင်ထောင်အလုံး ၁၀၀၊ စောင်အထည် ၅၀၊ နေပြည်တော်ပျဉ်းမနားမြို့ပေါင်းလောင်းရပ်ကွက်မှ သုတဒယမေတ္တာပြု ပရဟိတလုပ်ငန်းက**(ဝဲပုံ)** ဆန် ၃၂ အိတ် သုံးပြည်၊ ဆီ ၄၈ ပိဿာ၊ ဆားပိဿာ ၄၀၊ ရေသန့် ၅၂၈ ဘူး၊ ခေါက်ဆွဲခြောက် (ရွှေအိုး)ကိုးဖာ၊ ခေါက်ဆွဲခြောက် (ယမ်ယမ်) ၄၇ ဖာ ၁၀ ထုပ်၊ အသားတု ကိုးပိဿာ၊ ကော်ဖီမစ်+ကွေကာ ရှစ်ထုပ်၊ ငါးသေတ္တာ ၁၀ ဘူး၊ ကြက်ဥ အလုံး ၄၅၀ နှင့် အဝတ်အထည်များအပါအဝင် စုစုပေါင်း တန်ဖိုးကျပ် ၁၄၂၃၇၀၀ ၊ နယ်လှည့်စတုဒိသာအလှူရှင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ နတ်စင်တစ်ရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာတေဇအား အမှူးထား၍ ရန်ကုန်မြို့နေ ဦးရွှေကြည်နှင့် မိသားစု(ဒိုင်းမွန်းစိန်တိုက်ပိုင်ရှင်)နှင့် ဦးအောင်ထွေးနှင့်မိသားစု(ကိုင်ရိုကုမ္ပဏီပိုင်ရှင်)တို့က ငွေကျပ် ၁၀ သိန်းနှင့် ရိက္ခာပစ္စည်းတန်ဖိုး သိန်း ၅၀ တို့ဖြစ်ကြောင်း သိရသည်။

ယနေ့အထိ ကယ်ဆယ်ရေးစခန်းသို့လာရောက်၍ လှူဒါန်းကြသည့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၂၉၇၆၄၀၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

● ရှေ့ဖုံးမှ

ဖြစ်ပါကြောင်း၊ သိပ်သည်းဆအားဖြင့် ၂၀၁၂-၂၀၁၃ တွင် (၁၀) ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ တွင် (၂၇)ရာခိုင်နှုန်းနှင့် ၂၀၁၄-၂၀၁၅ တွင် (၅၀)ရာခိုင်နှုန်း ဖြစ်လာအောင် လျာထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလျာထားချက်မှာ အနိမ့်ဆုံးရည်မှန်းချက်ဖြစ်ပြီး ယင်းရည်မှန်းချက် ဖြစ်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်သည်နှင့်အမျှ နိုင်ငံတော်၏ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ တယ်လီဖုန်းသည် လက်တွေ့နယ်ပယ်အသီးသီးတွင် ထိရောက်စွာအသုံးပြုနေသည့် ပစ္စည်းတစ်ခုဖြစ်ပါကြောင်း၊ တယ်လီဖုန်းသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းကဏ္ဍမှာ များပြားပါကြောင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်သည့် အပိုင်းနှင့် တယ်လီဖုန်းလိုင်းများ တည်ဆောက်သည့်အပိုင်းဟူ၍ ရှိပါကြောင်း၊ အခြေခံအဆောက်အအုံနှင့် တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်နိုင်ရေးအတွက် ပြည်တွင်းကုမ္ပဏီများသာမက ပြည်ပကုမ္ပဏီများကိုပါ ဖိတ်ခေါ်ထားပါကြောင်း။

မိုဘိုင်းလ်တယ်လီဖုန်း Sim Card များကို ယခင်က ပြည်သူများဝယ်ယူသုံးစွဲရသည်မှာ ဈေးနှုန်းများပြားခဲ့ပါကြောင်း၊ ဈေးများရသည့်အကြောင်းမှာ ပြည်သူများထံမှ ရောင်းချရသည့် ငွေများဖြင့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် လိုင်းများတပ်ဆင်ရခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ယခုအခြေအနေတွင် အခြေခံအဆောက်အအုံနှင့် လိုင်းများမှာ တော်တော်များများ တပ်ဆင်ပြီးဖြစ်၍ လိုင်းများများ သုံးနိုင်ရန် အတွက်ဆိုလျှင် Sim Card များကိုလည်း ပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်သူများအား Sim Card များ ရောင်းချပေးမည့်ရက်နှင့် ဈေးနှုန်းတို့ကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက အချိန်မီသတင်းထုတ်ပြန် ကြေညာပေးသွားမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် ခွဲဝေရရှိလာသော Sim Card များကို တယ်လီဖုန်းမရရှိသေးသည့် ပြည်သူများ မျှမျှတတရရှိနိုင်အောင် စနစ်တကျ ဖြန့်ခွဲရောင်းချပေးသွားရန် ဖြစ်ပါကြောင်း၊ ပြင်ပတွင် ဈေးမကစားနိုင်ရေးအတွက် Sim Card များကို တူညီသည့်ဈေးနှုန်းဖြင့် လစဉ်ရောင်းချပေးသွားရန် စီစဉ်ထားပါကြောင်း၊ Sim Card များ ရောင်းချပေးသည့်နည်းတူ Hand Set များကိုလည်း ပုဂ္ဂလိကမှ ရောင်းချရာတွင် ဈေးမကစားနိုင်အောင် အခွန်လျှော့ပေးသည့်နည်း၊ အပြိုင်အဆိုင်ရောင်းချ ပေးစေသည့်နည်း စသည့်နည်းလမ်းများအပါအဝင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး နည်းလမ်းရှာဖွေဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများအနေဖြင့် Sim Card များကို သတ်မှတ်ပေးထားသည့် ဈေးနှုန်းအတိုင်း ပြည်သူများထံ မှန်မှန်ကန်ကန်နှင့် မျှမျှတတဖြန့်ဝေပေးသွားရန် ဖြစ်ပါကြောင်း၊ Sim Card များကို လစဉ် ဈေးနှုန်းမပြောင်းလဲဘဲ ဖြန့်ဝေပေးမည်ဖြစ်သည့်အတွက် ယခုလမရရှိပါက နောက်လတွင် ရရှိမည်ဖြစ်ကြောင်းကိုလည်း ပြည်သူများအား အသိပေးတင်ပြထားရန်ဖြစ်ပါကြောင်း၊ Sim Card များ ရရှိပြီးနောက် ဖုန်းလိုင်းများ ကျပ်တည်းမှုမရှိစေရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တန်ဖိုးနည်း မိုဘိုင်းလ်ဖုန်း Sim Card များ ဖြန့်ဖြူးရောင်းချနိုင်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသော တိုင်းဒေသကြီးနှင့် ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များနှင့် စီစဉ်ဆောင်ရွက် ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

တန်ဖိုးနည်း မိုဘိုင်းလ်ဖုန်း Sim Card များကို ဧပြီလမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တစ်လလျှင် Sim Card ၃၅၀၀၀၀ နှုန်း စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးမည်ဖြစ်သည်။ ထိုသို့ ဖြန့်ဖြူးရောင်းချပေးရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၏ အစီအမံဖြင့် ရောင်းချပေးမည်ဖြစ်ပြီး Sim Card များကို စုဆောင်းဝယ်ယူ၍ ဈေးကွက်လက်ဝါးကြီးအုပ်မှု မဖြစ်စေရန်နှင့် ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ရောင်းချမည့် အစီအစဉ်၊ လက်ရှိအခြေအနေနှင့် နောင်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့ကို မီဒီယာများမှတစ်ဆင့် စဉ်ဆက်မပြတ် အသိပေးတင်ပြသွားမည်ဖြစ်သည်။

Sim Card များ အရေအတွက်နှင့် စက်အင်အား ကန့်သတ်ချက်များကြောင့် ကန့်သတ်ရောင်းချနေရခြင်းဖြစ်ကြောင်း၊ ဆက်သွယ်ရေးဥပဒေအတည်ပြု ပြဋ္ဌာန်းပြီးနောက်တွင် အခြားအော်ပရေတာကြီး နှစ်ခုကလည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်းပြည်ပ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်ကိုလည်း အများပိုင် ကုမ္ပဏီအဖြစ် ပြောင်းလဲကာ တိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်းအားဖြင့် လည်းကောင်း လာမည့်နှစ်အနည်းငယ်အတွင်း ပြည်သူများ၏ လိုအပ်ချက်ကို ကန့်သတ်ချက်မရှိ ဖြည့်တင်းနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

တန်ဖိုးနည်းမိုဘိုင်းလ်ဖုန်း Sim Card များ ရောင်းချရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

* မြန်မာနိုင်ငံအတွင်းမှ

ပြည်သူလူထု၏ ရိုးသားမှုကို အခွင့်ကောင်းယူပြီး လှုံ့ဆော်လုပ်ဆောင်မှုများကို တွေ့ရှိရသဖြင့် မြို့နယ် ၁၅ မြို့နယ်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံမှုကို ကာကွယ်နိုင်ရေးအတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ နှင့်အညီ တားဆီးမိန့်များထုတ်ပြန်ခဲ့ရပါသည်။

၄။ အဆိုပါဖြစ်ပွားသော ဖြစ်စဉ်များသည် တည်ဆဲဥပဒေများကို ဖောက်ဖျက်၍ပြစ်မှုကျူးလွန်ခြင်းများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ အများဆုံးဖြစ်ပွားခဲ့သော ပြစ်မှုများမှာ-

- (က) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄၃ (ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင်ပါဝင်မှု)၊
- (ခ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄၄ (ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် လက်နက်စွဲကိုင်ပါဝင်မှု)၊
- (ဂ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄၅ (လူစုခွဲရန် အမိန့် ပေးပြီးကြောင်းသိလျက် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ဆက်လက်ပါဝင်နေမှု)၊
- (ဃ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (ရုန်းရင်းဆန်ခတ်မှု)၊
- (င) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၄၈ (ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် လက်နက်စွဲကိုင် ရုန်းရင်းဆန်ခတ်မှု)၊
- (စ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၅၂ (ရုန်းရင်းဆန်ခတ်စသည်တို့ကို နှိမ်နင်းနေသော ပြည်သူ့ဝန်ထမ်းကို လက်ရောက်မှု)၊
- (ဆ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၇ (ပြည်သူ့ဝန်ထမ်းက ဆူပူအကြမ်းဖက်မှုကိုနှိမ်နင်းရန် ဥပဒေအရ အကူအညီတောင်းဆိုသည်ကို အကူအညီမပေးဘဲနေမှု)၊
- (ဇ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၈ (ဥပဒေနှင့်အညီထုတ်ပြန်သည့် အမိန့်ကို ဖီဆန်မှု)၊
- (ဈ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅ (လူတစားကိုးကွယ်သည့် ဘာသာသာသနာကို စော်ကားရန်အကြံဖြင့် ကိုးကွယ်ဝတ်ပြုသောနေရာကို ဖျက်ဆီးမှု)၊
- (ည) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (လူသတ်မှု)၊
- (ဋ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ (အပြင်းအထန်နာကျင်စေမှု)၊
- (ဌ) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၆ (သေစေလောက်သော လက်နက်ဖြင့် အပြင်းအထန်နာကျင်စေမှု)၊
- (ဍ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ (လုယက်မှု)၊
- (ဎ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ (အကျိုးဖျက်ဆီးမှု)၊
- (ဏ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၃၆ (မီးဖြင့်အကျိုးဖျက်ဆီးမှု)၊
- (တ) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၂ (နာကျင်စေမှုကိုဖြစ်စေ၊ လက်ရောက်မှုကို ဖြစ်စေ၊ မတရားတားဆီးမှုကို ဖြစ်စေ ကျူးလွန်ရန်ပြင်ဆင်၍ အိမ်ကျော်နင်းမှု)၊
- (ထ) ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ)(နိုင်ငံတော် ငြိမ်ဝပ်ရေးကို ဆန့်ကျင်သည့်ပြစ်မှုဖြစ်စေရန် လှုံ့ဆော်မှု၊ ကောလာဟလ ဖြန့်ချိမှု)တို့ဖြစ်ပါသည်။

၅။ ယင်းသို့ ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ တာဝန်သိပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးပြီး တရားဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။

၆။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၂၇ အရ လူ ၅ ဦးနှင့်အထက်ပိုသည့် ဥပဒေနှင့်ဆန့်ကျင်သော လူစုလူဝေးကို လူစုခွဲစေရန် အုပ်ချုပ်ရေးတာဝန်ရှိသူများက အမိန့်ပေးသည့်အခါ အဆိုပါ အစုအဝေးသည် လူစုခွဲရန် တာဝန်ရှိပါသည်။ အမိန့်ပေးသော်လည်း လူစုခွဲခြင်းမပြုလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၂၈ အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မြို့ပြအင်အားအသုံးပြု၍ လူစုခွဲနိုင်ပါသည်။ ယင်းကဲ့သို့ အင်အားကို အသုံးပြုလူစုခွဲရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က လက်နက်ကိုင်မဟုတ်သူ မည်သည့်အမျိုးသားကိုမဆို အကူအညီတောင်းခံနိုင်ကြောင်း ဖော်ပြထားပါသည်။ သို့ဖြစ်၍ ပြည်သူလူထုက ပါဝင်ကူညီဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းပန်ကြားအပ်ပါသည်။

၇။ ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဌာနဆိုင်ရာများကလည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့်အတူ ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၈။ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည့်အလျောက် မင်းမဲ့စရိုက်ဆန်သည့် လုပ်ဆောင်မှုများ၊ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ကြောင်း ပြစ်မှုထင်ရှားသူများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည့်အပြင် ထပ်မံမဖြစ်ပွားစေရေးအတွက် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ ကာကွယ်တားဆီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ကမ္ဘောဇအသင်းဘက်သို့ ရန်ကုန်အသင်း တိုက်စစ်ဆင်နေစဉ်။

## လက်ရှိချန်ပီယံရန်ကုန်အသင်း နှစ်ပွဲဆက်ရှုံးနိမ့်

ရန်ကုန် မတ် ၂၉

သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၇)ကို ယနေ့ ညနေပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ရာ ကမ္ဘောဇအသင်းနိုင်ပွဲရပြီး ရောဝတီနှင့် ရတနာပုံတို့ သရေကျသွားသည်။

၂၀၁၂ ရာသီကတည်းက ရန်ကုန်အသင်းနှင့် တွေ့ဆုံတိုင်းရလဒ်ကောင်းလေ့ရှိသည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင်လည်း ထပ်မံအနိုင်ယူကာ အဝေးကွင်းအဖိုးတန်နိုင်ပွဲကို ရယူနိုင်ခဲ့သည်။ ယခုပွဲအနိုင်ရလဒ်ကြောင့် ကမ္ဘောဇအသင်းမှာ ရန်ကုန်အသင်းကိုကျော်ကာ ဒုတိယနေရာသို့ ရောက်ရှိသွားသည်။ ကမ္ဘောဇအသင်းအတွက် ဂိုးများကို ၁၁ မိနစ်တွင် စိုးမင်းဦး၊ ၂၇ မိနစ်နှင့် ၉၃ မိနစ်တွင် နူနက်ဇ်တို့က သွင်းယူခဲ့ပြီး ရန်ကုန်အတွက် ချေပဂိုးများကို ၁၆ မိနစ်တွင် ပယ်နယ်တီမှ ဆီဇာ၊ ၄၆ မိနစ်တွင် ကိုနေးအဒမ်မာတို့က သွင်းယူခဲ့သည်။ ရန်ကုန်အသင်းမှာ နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်းလည်း ဖြစ်သည်။

(အောင်ဆန်းကွင်း)
ရတနာပုံ - နှစ်ဂိုး
(အီနာမာနှင့် ပိုင်စိုး)
ရောဝတီယူနိုက်တက် - နှစ်ဂိုး
(လီအန်ဒရိုနှင့် ဆာတိုရှီ)

ယနေ့ပွဲ
(အောင်ဆန်းကွင်း)
ဇွဲကပင် - နေပြည်တော်
(မုံရွာကွင်း)
ဇေယျာရွှေမြေ - မကွေး

☆ ကျောဖုံးမှ

ဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ သတ်မှတ်ကြရမည်ဖြစ်ကြောင်း။

အလှည့်ကျဥက္ကဋ္ဌအနေဖြင့် အာဆီယံနှင့် ဆက်နွှယ်ပြီး ပေါ်ပေါက်လာမည့် ဒေသတွင်း အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၏ အဆင့်မြင့်ကောင်စီ အစည်းအဝေးကျင်းပပါက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရခြင်း၊ UN အတွင်းရေးမှူးချုပ်နှင့် UN အထွေထွေညီလာခံ ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံမှု များက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများကို ခေါင်းဆောင်ဆွေးနွေးရခြင်းနှင့် G20 ထိပ်သီးအစည်းအဝေးတွင် အာဆီယံကို ကိုယ်စားပြုရခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌသည် ဥက္ကဋ္ဌရာထူးတစ်ခုတည်းအတွက်သာ မဟုတ်ဘဲ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်ရန်အတွက်ပါ တာဝန်ရှိကြောင်း၊ အာဆီယံအသိုက်အဝန်းတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း AEC က အဓိကဖြစ်ကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းကို ခိုင်မာအောင် တည်ဆောက်နိုင်မှသာ ASEAN Community ကြီးကို အောင်အောင်မြင်မြင်ဖြင့် တည်ဆောက်နိုင်မည် ဖြစ်ကြောင်း။

ယခုအချိန်တွင် အာဆီယံ လွတ်လပ်စွာ ကုန်သွယ်မှုဧရိယာကို ထူထောင်နိုင်ကြရန် အကောက်ခွန်ဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ခဲ့ကြပြီး တကယ်လွတ်လပ်သည့် ကုန်သွယ်မှုဧရိယာဖြစ်လာရန် အကောက်အခွန် မဟုတ်သည့် အတားအဆီးများကို ဆက်လက်ဖယ်ရှားပေးကြရန် လိုအပ်ကြောင်း၊ ပို့ကုန်သွင်းကုန်များကို တစ်ထိုင်တည်းမှာ ရှင်းလင်းဆောင်ရွက်နိုင်ရန် Single Window စနစ်ကို အကောင်အထည် ဖော်ကြရန် လိုအပ်ပါကြောင်း၊ ပို့ကုန်သွင်းကုန်များကို ဆောင်ရွက်ကြရာတွင် (transaction costs) ကို လျှော့ချနိုင်ရန်လည်း လိုအပ်ကြောင်း။

ASEAN POLITICALS & SECURITY COMMUNITY အပိုင်းတွင် MOFA အနေဖြင့် Focal ယူထားသည် ဆိုသော်လည်း အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနိုင်ငံဖြစ်

## လျှပ်စစ်စွမ်းအားဝန်ကြီးဌ...
## ပြည်သူလူထုသို့ အသိပေးနှိုး...

နေပြည်တော် မတ် ၂၉

စွမ်းအင်ဝန်ကြီးဌာန ရတနာဓာတ်ငွေ့ကမ်... ကမ်းလွန်ပလက်ဖောင်း အထွေထွေပြုပြင်ခြင်းလုပ်ငန်... ရက်မှ ၁၃-၄-၂၀၁၃ ရက်အထိ ကိုးရက်ကြာဆောင်... ကြောင့် ၎င်းကာလအတွင်း ပြည်တွင်းသို့ သဘာဝ... သော ကန်ဘောက်-မြိုင်ကလေးပိုက်လိုင်းနှင့် ရန်ကု... ဒေသများသို့ ပို့လွှတ်နေသော သဘာဝဓာတ်ငွေ့ပိုက်... ပို့လွှတ်မှုများ ရပ်တန့်ထားမည်ဖြစ်သည်။

ထိုသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ရပ်တန့်ထာ... လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအ... စက်ရုံလေးရုံနှင့် နယ်မြို့များရှိ ဓာတ်အားပေးစက်ရုံ... ထုတ်လုပ်မှု ၃၃၀ မဂ္ဂါဝပ်ခန့် လျော့နည်းသွားမည်ဖြစ်... ထုတ်လုပ်မှု လျော့နည်းခြင်းသည် နိုင်ငံတော်ဓာတ်အ... ရာခိုင်နှုန်းရှိမည်ဖြစ်သည်။

☆ ကျောဖုံးမှ

ဆောင်ရွက်သွားရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ သတ်မှတ်ကြရမည်ဖြစ်ကြောင်း။

အလှည့်ကျဥက္ကဋ္ဌအနေဖြင့် အာဆီယံနှင့် ဆက်နွယ်ပြီး ပေါ်ပေါက်လာမည့် ဒေသတွင်း အငြင်းပွားမှုများကို ဖြေရှင်းခြင်း၊ အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၏ အဆင့်မြင့်ကောင်စီ အစည်းအဝေးကျင်းပပါက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရခြင်း၊ UN အတွင်းရေးမှူးချုပ်နှင့် UN အထွေထွေညီလာခံ ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံမှု များက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများကို ခေါင်းဆောင်ဆွေးနွေးရခြင်းနှင့် G20 ထိပ်သီး အစည်းအဝေးတွင် အာဆီယံကို ကိုယ်စားပြုရခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌသည် ဥက္ကဋ္ဌရာထူးတစ်ခုတည်းအတွက်သာ မဟုတ်ဘဲ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း ထူထောင်ရန်အတွက်ပါ တာဝန်ရှိကြောင်း၊ အာဆီယံအသိုက်အဝန်းတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း AEC က အဓိကဖြစ်ကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းကို ခိုင်မာအောင် တည်ဆောက်နိုင်မှသာ ASEAN Community ကြီးကို အောင်အောင်မြင်မြင်ဖြင့် တည်ဆောက်နိုင်မည် ဖြစ်ကြောင်း။

ယခုအချိန်တွင် အာဆီယံ လွတ်လပ်စွာ ကုန်သွယ်မှုဧရိယာကို ထူထောင်နိုင်ကြရန် အကောက်ခွန်ဆိုင်ရာ အတားအဆီးများကို လျှော့ချနိုင်ခဲ့ကြပြီး တကယ်လွတ်လပ်သည့် ကုန်သွယ်မှုဧရိယာဖြစ်လာရန် အကောက်အခွန် မဟုတ်သည့် အတားအဆီးများကို ဆက်လက်ဖယ်ရှားပေးကြရန် လိုအပ်ကြောင်း၊ ပို့ကုန်သွင်းကုန်များကို တစ်ထိုင်တည်းမှာ ရှင်းလင်းဆောင်ရွက်နိုင်ရန် Single Window စနစ်ကို အကောင်အထည် ဖော်ကြရန် လိုအပ်ပါကြောင်း၊ ပို့ကုန်သွင်းကုန်များကို ဆောင်ရွက်ကြရာတွင် (transaction costs) ကို လျှော့ချနိုင်ရန်လည်း လိုအပ်ကြောင်း။

ASEAN POLITICALS & SECURITY COMMUNITY အပိုင်းတွင် MOFA အနေဖြင့် Focal ယူထားသည် ဆိုသော်လည်း အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနိုင်ငံဖြတ်ကျော်မှုခင်းများ၊ အာဆီယံဥပဒေဝန်ကြီးများနှင့် အာဆီယံဒေသဆိုင်ရာ ဖိုရမ်အစည်းအဝေးများမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် လူ့အခွင့်အရေးကိစ္စ၊ မူးယစ်ဆေးဝါး ကင်းစင်သည့် အာဆီယံ၊ လူမှောင်ခိုကူးမှု၊ ရွှေ့ပြောင်းလုပ်သားများ ကိစ္စအတွက် ဦးဆောင်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အကျပ်အတည်းများ ပေါ်ပေါက်လာပါက အာဆီယံဥက္ကဋ္ဌအနေနှင့် မည်သို့ကိုင်တွယ်ဆောင်ရွက်သွားမည် ဆိုသည်ကိုလည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း။

ASEAN SOCIAL & CULTURAL COMMUNITY ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး၊ ယဥ်ကျေးမှု အမွေအနှစ်များကိစ္စ၊ လူငယ်များကိစ္စ၊ အမျိုးသမီးများကိစ္စကို ပြီးခဲ့သည့် အာဆီယံဥက္ကဋ္ဌနိုင်ငံများက ဦးစားပေးဆောင်ရွက်သည်ကို တွေ့ရပြီး ယင်းအချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လူမှုရေးဆိုင်ရာတရားမျှတမှုရှိရေးနှင့် လူမှုအခွင့်အရေးများကိုလည်း ဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာ ကော်ပိုရေးရှင်းများအနေဖြင့် ၎င်းတို့လုပ်ငန်းဆောင်ရွက်သည့်နိုင်ငံများမှာ လူမှုရေးအရတာဝန်ရှိမှု Corporate Social Responsibility များကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယဥ်ကျေးမှုအမွေအနှစ်များစွာကို ပိုင်ဆိုင်ထားသည့်အတွက် အာဆီယံဒေသတစ်ရပ်လုံး၏ ယဥ်ကျေးမှုနှင့် ထူးခြားသည့် သမိုင်းအစဥ်အလာကို တိုးမြှင့် ကာကွယ်စောင့်ရှောက်ကြရန် ဦးဆောင်မှုပြုသင့်ကြောင်း။

သို့ဖြစ်၍ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေး၊ (၇)ကြိမ်မြောက် CLMV နှင့် (၆)ကြိမ်မြောက် ACMECS ဆိုင်ရာ အစည်းအဝေးအတွက် ဆပ်ကော်မတီများအနေဖြင့် ကြိုတင်ပြင်ဆင်မှု၊ လုပ်ငန်းတိုးတက်မှုနှင့် လုပ်ငန်းဘတ်ဂျက်လျာထားမှု၊ စီမံချက်များရေးဆွဲမှုနှင့် လုပ်ငန်းအဖွဲ့အလိုက်

တင်ပြကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းကော်မတီ၏ လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် မြန်မာနိုင်ငံက သတ်မှတ်မည့် Theme၊ မဟာဗျူဟာ မျှော်မှန်းချက်နှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်CLMV၊ ACMECS ထိပ်သီးအစည်းအဝေး ကျင်းပရေးတို့နှင့်စပ်လျဥ်း၍ လည်းကောင်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) မဏ္ဍိုင်မှ ဆောင်ရွက်ချက်များနှင့် ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် စီးပွားရေး အသိုက်အဝန်းဆိုင်ရာ လုပ်ငန်းများ ပြင်ဆင်နေမှုများကို လည်းကောင်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ယဥ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အာဆီယံ လူမှုယဥ်ကျေးမှု အသိုက်အဝန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဥ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဝင် ဦးကံချွန်က အာဆီယံ Summit Main အစည်းအဝေးကျင်းပမည့် ခန်းမတည်ဆောက်နေမှု၊ အရေးကြီးပုဂ္ဂိုလ်များတည်းခိုမည့် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်များ တည်ဆောက်နေမှုနှင့် အခမ်းအနားပြင်ဆင်ရေး၊ အဆောက်အအုံ ဆောက်လုပ်ရေးနှင့် စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ထားရှိမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ် ဦးကိုကိုလှိုင်က အာဆီယံ ပြည်သူ့ဖိုရမ်နှင့် အာဆီယံလူမှုအဖွဲ့အစည်း အစည်းအဝေးများ ကျင်းပနေချိန်တွင် တွေ့ကြုံရမည့် အခြေအနေများနှင့် ကြိုတင်ပြင်ဆင်ထားသင့်သည့် အချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက အစည်းအဝေးများ မကြာခဏ ပြုလုပ်လာသည်နှင့်အမျှ လုပ်ဆောင်ရမည့် ပြင်ဆင်ရမည့်အပိုင်းများကို ထပ်မံတွေ့ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ချိန်တွင် ဆောင်ရွက်စရာရှိသည်များကို ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်း၊ နောင်အစည်းအဝေးများတွင် တင်ပြစရာရှိသည်များကို ယခုထက် ပြည့်ပြည့်စုံစုံ တင်ပြနိုင်ရေး ကြိုတင်ဆောင်ရွက်ထားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် ASEAN Summit အစည်းအဝေး၌ နိုင်ငံ့ခေါင်းဆောင်များဝတ်ဆင်မည့် ဝတ်စုံနမူနာကို ကြည့်ရှုသည်။**(အပေါ်ပုံ)**

ယနေ့အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန၏ Web Portal ကို ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန၏ Web Portal ကို ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ www.moi.gov.mm အမည်ဖြင့် စတင်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ Web Portal တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် လက်အောက်ဌာနများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့၏ Web page များကလည်း ပေါင်းစပ်ပါဝင်မည်ဖြစ်သည်။ ဦးစီးဌာနနှင့် လုပ်ငန်းများ၏ Web Page များတွင် ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် နောက်ဆုံးရသတင်းများနှင့် နေ့စဉ်ထုတ် သတင်းစာများ Up to Date ရယူနိုင်ခြင်း၊ စာပေဆု ပြိုင်ပွဲလျှောက်လွှာများ၊ ဥပဒေ၊ နည်းဥပဒေများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် စာအုပ်၊ စာစောင်များ၊ သတင်းများ၊ မိန့်ခွန်းများ၊ ကြေညာချက်များ၊ သတင်းထုတ်ပြန်ချက်များ၊ နိုင်ငံတော်ပြန်တမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြထားမည်ဖြစ်သည်။ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များကိုလည်း ဖော်ပြထားမည်ဖြစ်ပြီး နောက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များ၊ မြန်မာ့အသံရေဒီယိုအစီအစဉ်များကို တိုက်ရိုက်ကြည့်ရှုနားဆင်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**မတ် ၂၉ ရက် က (၄၂) နှစ် မြောက် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့နှင့် အမျိုးသားနေ့ညစာ်ခံပွဲ အခမ်းအနားသို့တက်ရောက်လာသော ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Maj. Gen Anup Kumar Chakma ndc,psc နှင့် ဇနီးတို့ က Sedona Hotel တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## အလွတ်တန်းဖိတ်ခေါ် မြင်းစီးအားကစားပြိုင်ပွဲကျင်းပမည်

**နေပြည်တော် မတ် ၂၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြင်းစီးအားကစားသမားများ အင်အားဖြည့်တင်းရွေးချယ်ရန် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ အလွတ်တန်းဖိတ်ခေါ်မြင်းစီးအားကစားပြိုင်ပွဲကို နေပြည်တော် မြင်းစီးအားကစားကွင်း၌ ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲများမှာ တစ်ဦးချင်း တာဝေး ၄၈ ကီလိုမီတာ၊ မြင်းအလှစီးနှင့် မြင်းတန်းခုန်စီး(၈၀-cm)ပြိုင်ပွဲများဖြစ်ပြီး Borrowed Horses စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်လိုသူများသည် မတ် ၂၆ ရက်မှ ဧပြီ ၁၀ ရက်အတွင်း အားကစားဝန်ကြီးဌာန ယှဉ်ပြိုင်/လေ့ကျင့်ဌာနခွဲ ရန်ကုန်မြို့ ဖုန်း-၀၁-၅၇၁၀၅၇ နှင့် ဆက်သွယ်ကာ ပြိုင်ပွဲဝင်လျှောက်လွှာ စည်းကမ်းချက်များနှင့် ကိုက်ညီသည့် အားကစားသမားများယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲမှ ရွေးချယ်ခံရသူများအား နိုင်ငံ့ကိုယ်စားပြု မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

**နေပြည်တော် မတ် ၂၉**

စွမ်းအင်ဝန်ကြီးဌာန ရတနာဓာတ်ငွေ့ကမ်းလွန်တွင်းတူးစင်၏ ကမ်းလွန်ပလက်ဖောင်း အထွေထွေပြုပြင်ခြင်းလုပ်ငန်းများကို ၅-၄-၂၀၁၃ ရက်မှ ၁၃-၄-၂၀၁၃ ရက်အထိ ကိုးရက်ကြာဆောင်ရွက်မည် ဖြစ်သောကြောင့် ၎င်းကာလအတွင်း ပြည်တွင်းသို့ သဘာဝဓာတ်ငွေ့ ပို့လွှတ်နေသော ကန်ဘောက်-မြိုင်ကလေးပိုက်လိုင်းနှင့် ရန်ကုန်-ပြည်-မြန်အောင်ဒေသများသို့ ပို့လွှတ်နေသော သဘာဝဓာတ်ငွေ့ပိုက်လိုင်းများသို့ ဓာတ်ငွေ့ပို့လွှတ်မှုများ ရပ်တန့်ထားမည်ဖြစ်သည်။

ထိုသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှု ရပ်တန့်ထားမည့်ကာလအတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားပေးစက်ရုံလေးရုံနှင့် နယ်မြို့များရှိ ဓာတ်အားပေးစက်ရုံလေးရုံမှ ဓာတ်အားထုတ်လုပ်မှု ၃၃၀ မဂ္ဂါဝပ်ခန့် လျော့နည်းသွားမည်ဖြစ်သည်။ ၎င်းဓာတ်အားထုတ်လုပ်မှု လျော့နည်းခြင်းသည် နိုင်ငံတော်ဓာတ်အားလိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းရှိမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံများ၊ စက်မှုဇုန်များ၊ အကြီးစားစက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအားဓာတ်အားဖြန့်ဖြူးမှု ရပ်တန့်ထားမည့်အပြင်၊ စွမ်းအင်ဝန်ကြီးဌာနမှ ကုန်းတွင်းသဘာဝဓာတ်ငွေ့ တိုးမြှင့်တောင်းခံ၍လည်းကောင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားတိုးမြှင့်ထုတ်လုပ်၍လည်းကောင်း၊ ပြည်သူလူထုသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ပြည်သူလူထုသို့ လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သော်လည်း ယခုကာလသည် နွေရာသီဖြစ်ပြီး ရေအားလျှပ်စစ်စီမံကိန်းများရှိ ဆည်တမံများတွင် ရေဝင်ရောက်မှုမရှိသည့်အပြင် ရေပမာဏလျော့နည်းကျဆင်းသည့်ကာလဖြစ်ခြင်း ကမ်းလွန်ပလက်ဖောင်း ပြုပြင်ရန် ကာလအတွင်း ဓာတ်အားထုတ်လုပ်မှုမှာ နိုင်ငံတော် ဓာတ်အားလိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားမည်ဖြစ်ခြင်းတို့ကြောင့် ကမ်းလွန်ပလက်ဖောင်းပြုပြင်စဉ် ဓာတ်အားထုတ်လုပ်မှု လျော့နည်းမည့် အခိုက်အတန့်ကာလအတွင်း ပြည်သူလူထုအနေဖြင့် လျှပ်စစ်ဓာတ်အားကို ချွေတာသုံးစွဲခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ပါရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မေတ္တာရပ်ခံအသိပေး နှိုးဆော်ထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုနေ့စဉ်သတင်းစာ စာနယ်ဇင်း မိတ်ဆက်

**ရန်ကုန် မတ် ၂၉**

ဧပြီ ၁ ရက်တွင် စတင်ထုတ်ဝေမည့် ပြည်ထောင်စုနေ့စဉ် သတင်းစာ စာနယ်ဇင်း မိတ်ဆက်ပွဲအခမ်းအနား ကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပရာ ထုတ်ဝေသူ ဦးတင့်ဇော်နှင့် အယ်ဒီတာချုပ် ဦးဝင်းတင် (သီဟအောင်)တို့က နှုတ်ဆက်စကား ပြောကြားကြသည်။

ပြည်ထောင်စုနေ့စဉ်သတင်းစာကို ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ စာဖတ်ပရိသတ်အား မိတ်ဆက်သည့် အနေဖြင့် အခမဲ့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

မီးမှန်သမျှ
သုံးတတ်က
မှချမီးဘေး
စဉ်ကင်းဝေး

# တနင်္သာရီတိုင်းဒေသကြီး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံတောင်ဘက်စွန်းဒေသ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင် သုံးခရိုင်၊ ၁၅ မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူများ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် စက်မှုလက်မှုကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်မှု အဓိကမဏ္ဍိုင်မောင်းနှင်အားအဖြစ် ဒေသကြီးအတွင်း အကျိုးတူဖက်စပ်လုပ်ငန်းထူထောင်ခြင်း တစ်ဖက်ကလည်း မိမိနိုင်ငံ လူမျိုးအကျိုးစီးပွား မထိခိုက်ရေး၊ နိုင်ငံ့ဂုဏ်သိက္ခာ မထိခိုက်ရေး၊ နိုင်ငံ့အချုပ်အခြာအာဏာ မထိခိုက်ရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်ရေး၊ ရေအရင်းအမြစ် မထိခိုက်ရေး၊ ရေ-လေ-မြေ သယံဇာတများ၊ သစ်တော-ရွှေသတ္တု-တွင်းထွက်ပစ္စည်း သယံဇာတများ အစရှိသည့် သဘာဝသယံဇာတအရင်းအမြစ်များကို တိုင်းရင်းသားများ ခံစားစံစားနိုင်ရေးနှင့် ထားဝယ်မြို့နှင့်အတူ မြိတ်မြို့-ကော့သောင်းမြို့တို့၏ ဖွံ့ဖြိုးတိုးတက်နေမှုသည် မြင်ရသူတိုင်း တအံ့တသြ ငေးမောကြည့်ရှုရအောင် မြို့ပြဖွံ့ဖြိုးတက်မှုများတို့သည် တနင်္သာရီတိုင်းဒေသကြီး၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်အဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တနင်္သာရီတိုင်းဒေသကြီး၏ ထားဝယ်အထူးစီးပွားရေးဇုန် (ထားဝယ်ရေနက်ဆိပ်ကမ်းဖော်ထုတ်ရေး)- မြိတ်အထူးစီးပွားရေးဇုန်(ကျောက်ဖျာဆိပ်ကမ်း-မောတောင်ကုန်သွယ်ရေးဇုန်- မြိတ်ရေနက်ဆိပ်ကမ်း-ပြင်းငယ်စက်မှုဇုန်ဖော်ထုတ်ရေး) ကော့သောင်းစက်မှုဇုန် (ဆလုံကျွန်းစီမံကိန်းနှင့် ကရသူရိရေနက်ဆိပ်ကမ်းဖော်ထုတ်ရေး) ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်နေသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့နယ်များတို့သို့ မြန်မာနိုင်ငံ၏ ဗဟိုအချက်အချာဖြစ်သော ရန်ကုန်မြို့မှတစ်ဆင့် ထားဝယ်မြို့-မြိတ်မြို့-ကော့သောင်းမြို့တို့သို့ နေ့ညမပြတ် ကုန်းလမ်းခရီး၊ ရေကြောင်းခရီး၊ လေကြောင်းခရီး၊ မီးရထားခရီး စသည့် ခရီးစဉ်များဖြင့် ရောက်ရှိနေကြသည်။

မြန်မာနိုင်ငံ၏ ဗဟိုအချက်အချာဖြစ်သော ရန်ကုန်မြို့ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးမှတစ်ဆင့် ထားဝယ်မြို့-မြိတ်မြို့-ကော့သောင်းမြို့များသို့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည်ဖြင့် ကိစ္စအကြောင်းအမျိုးမျိုးဖြင့် နေ့စဉ် အထက်အောက် အစုန်အဆန် လေကြောင်းခရီး သွားလာနေကြပြီး နိုင်ငံတော်၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဝေဟင်ခရီးသွားဖွံ့ဖြိုးတိုးတက်နေမှုကို မြင်တွေ့ရကြောင်း တင်ပြလိုက်ရပါသည်။ ။

**စပါယ်**

# မီးသတ်ဦးစီးဌာနဆိုသည်မှာ

**ဦးရှိန်**
**(ဘဏ်ဥပဒေအကြံပေး)**

မီးသတ်ဦးစီးဌာနဟု ဆိုလိုက်သည်နှင့် အများပြည်သူနားလည်သဘောပေါက်လက်ခံထားသည်မှာ မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ပေးရန်ဖြစ်သော မီးသတ်ဌာနဖြစ်သည်ဟုသာ မှတ်ယူနားလည်ထားကြပါသည်။ အမှန်တကယ်မှာ မီးသတ်ဦးစီးဌာနဆိုသည်မှာ မီးလောင်မှုတစ်ခုတည်းကိုသာ ဆောင်ရွက်ရခြင်းမဟုတ်ဘဲ အခြားသော ကိစ္စရပ်များကိုလည်း ပါဝင်ကူညီဆောင်ရွက်ရသောအလွန်မှ ကျယ်ဝန်းလှသည့် ဌာနတစ်ခုဖြစ်ပါသည်။ မီးသတ်ဦးစီးဌာနသည် မီးလောင်မှုတစ်ခုတည်းသာ ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာလျှင်သော်လည်းကောင်း စသည့်လုပ်ငန်းများနှင့် အခြားသောလိုအပ်သည့် လုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသော ဌာနတစ်ခုဖြစ်ပါသည်။ မီးသတ်ဌာနဆိုသည်မှာ ပြည်သူလူထု၏ အခက်အခဲ လိုအပ်ချက်များအား ပြည်သူလူထုနှင့် ပူးပေါင်း၍ အမြဲဆောင်ရွက်နေသော ဌာနကြီးတစ်ခု ဖြစ်ပါသည်။ မီးသတ်ဦးစီးဌာနသည် ရှေးနှစ်ပေါင်းများစွာကပင် တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပြည်သူလူထုနှင့် ပါဝင်ဆောင်ရွက်ခဲ့သော သမိုင်းမှတ်တိုင်အဖြစ် ရှိခဲ့ဖူးသည်ကို အနာဂတ်လူငယ်များ သိရှိနိုင်ပါရန် တင်ပြရပါလျှင်-

"မီးသတ်ကိစ္စကို၊ မီးသတ်အဖွဲ့ထဲရှိတဲ့ လူတွေနဲ့ လုံလောက်တဲ့ ခေတ်မဟုတ်ဘူး။ တိုင်းပြည်ကာကွယ်ရေးမှာ စစ်တပ်ကလူတွေနဲ့ လုံလောက်အောင် ကာကွယ်နိုင်တဲ့ ခေတ်မဟုတ်ဘူး။

တိုင်းပြည်ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်ကလူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မှာ ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာ ဖြစ်ဖြစ်လုပ်တဲ့အခါမှာ တိုင်းပြည်လူထုနဲ့ယှဉ်ပြီး ကိုယ်ထိလက်ရောက်ပါဝင်ကူညီဖို့ သဘောတရားတစ်နေ့တခြား ပိုမိုထင်ရှားလာတယ်" ဟု ၁၉၄၇ ခုနှစ် ဇွန်လဆန်း ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သော မိန့်ခွန်းမှကောက်နုတ်ချက် ဖြစ်ပါသည်။

ထို့ကြောင့် မီးသတ်ဌာနဆိုသည်မှာ မီးလောင်မှုကိုသာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်များ စသော ကိစ္စရပ်မျိုးစုံကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိကြစေလိုပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးရှိ မီးသတ်ဦးစီးဌာနအား မီးလောင်မှုဖြစ်ပွားလျှင်သော်လည်းကောင်း၊ မီးလောင်မှုအား တွေ့ရှိလျှင်သော်လည်းကောင်း၊ မီးလောင်မှုနှင့် ပတ်သက်၍သော်လည်းကောင်း၊ မီးလောင်မှုဖြစ်ပွားရန် ပေါ်ပေါက်နေလျှင်သော်လည်းကောင်း၊ အထပ်မြင့်တိုက်များ၌ ဘေးဒုက္ခရောက်နေ၍ အကူအညီလိုအပ်လျှင်သော်လည်းကောင်း၊ တိုက်အိမ်များပြိုကျ၍ ဒုက္ခရောက်နေလျှင်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့နေရပြီး အကူအညီရယူလိုလျှင် ဖုန်း-၁၉၁ သို့မဟုတ် ၂၅၂၀၁၁ နှင့် ၂၅၂၀၂၂ သို့ ခေါ်ယူနိုင်ပါကြောင်း တင်ပြလိုပါသည်။

ထို့အတူ နိုင်ငံအနှံ့ရှိ ပြည်သူများကလည်း မိမိတို့မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မီးသတ်ဦးစီးဌာနများ၏ ဖုန်းနံပါတ်များအား သိရှိအောင် မှတ်သားထားပြီး မီးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ တွေ့ကြုံရပါက ခေါ်ယူအကူအညီ တောင်းခံနိုင်ပါသည်ဟု တင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြန်ကြားရေးဝန်ကြီးဌာန
# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## နယူးလိုက်အော့ဖ်မြန်မာသတင်းစာထုတ်ဝေခြင်းလုပ်ငန်းအား
## အကျိုးတူဖက်စပ်ဆောင်ရွက်ရန်အဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေလျက်ရှိသော The New Light of Myanmar နေ့စဉ်ထုတ်သတင်းစာအား အဆင့်အတန်းပိုမိုကောင်းမွန်သော သတင်းစာအသွင် ပြောင်းလဲထုတ်ဝေနိုင်ရန်အတွက် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်ရေး အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာ ခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင်-

(က) ပြည်တွင်းလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်နှင့် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏ နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) ကုမ္ပဏီဆိုင်ရာ အထောက်အထားများနှင့် ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများ၊
- (၄) အနီးကပ်ဆုံးလက်မှတ်ရပြည်သူ့စာရင်းကိုင်မှ အတည်ပြုထားသည့်ဘဏ္ဍာရေးရှင်းတမ်း(၂)နှစ်စာ၊
- (၅) လက်ရှိဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့်အချက်အလက်အထောက်အထားများ၊

(ခ) ပြည်ပလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များ ပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်၊ပတ်စ်ပို့အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) နိုင်ငံခြားကုမ္ပဏီဆိုင်ရာ အထောက်အထားများ၊
- (၄) ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊
- (၅) လက်ရှိ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့် အချက်အလက်အထောက်အထားများ၊

၃။ အဆိုပြုလွှာတင်သွင်းမည့် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများအနေဖြင့် အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာအား ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇) နေပြည်တော်သို့ (၂၅-၄-၂၀၁၃)ရက်နေ့နောက်ဆုံးထား၍ ပေးပို့နိုင်ရန်ခေါ်ယူအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၂၀၁၁၉၂၊ ၀၆၇-၄၁၂၁၂၃နှင့် ၀၆၇-၄၁၂၁၂၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# တပ်မတော်နေ့အထိမ်းအမှတ် ရိုးရာခြင်းအလှခတ်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် မတ် ၂၉**

(၆၈)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ရိုးရာခြင်းအလှခတ်ပွဲအား ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက်၌ မတ် ၂၇ ရက် ည ၇ နာရီတွင် ကျင်းပခဲ့သည်။

ရိုးရာခြင်း အလှခတ်ပွဲသို့ ရပ်ကွက်များရှိ ရိုးရာခြင်း အလှခတ်အဖွဲ့များမှ လာရောက်ခြင်းခတ် ကစားခဲ့ကြပြီး ရိုးရာခြင်း အလှခတ်အဖွဲ့ ၁၀ ဖွဲ့ ပါဝင်ကစားခဲ့ကြသည်။

(၆၈) နှစ်မြောက် အဆိုပါ မြန်မာ့ရိုးရာခြင်းအလှခတ် ပွဲအား စိတ်ဝင်စားသူ အများအပြား လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်း တွေ့မြင်ခဲ့ရသည်။

**မင်းရဲမာန်(နေပြည်တော်)**

# သင်္ကြန်အကြို သံချပ်တိုက်လေ့ကျင့်

**ရန်ကုန် မတ် ၂၉**

သင်္ကြန် အကြိုသံချပ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် သံချပ်တိုက်ကြရာ သာကေတမြို့နယ် မာန်ပြေ (၃) ရပ်ကွက်မှ လူငယ်များ စုပေါင်းလေ့ကျင့်နေကြသည်ကို မတ် ၂၈ ရက်က ဗိုလ်တထောင်မြို့နယ်အတွင်းရှိ YMCA ပထမထပ်၌ တွေ့ရသည်။ ယင်းကဲ့သို့ ယှဉ်ပြိုင်ရာတွင် နေရာပေါင်းစုံမှ အဖွဲ့ပေါင်း ၁၇ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဧပြီ ၁ ရက် တည်းသာကျင်းပသွားမည်ဟု သတ်မှတ်ထားပြီး SKY NET က ထိုက်တန်သော ဆုများအားရွေးချယ်ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

## ပြည်တွင်းရေးရာ

# အင်းလေးဒေသတွင် အပန်းဖြေစခန်းဖွင့်မည်

**ညောင်ရွှေ မတ် ၂၉**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်များကိုရွေးချယ်ခဲ့ရာ ၂၀၁၃ ခုနှစ် နဝမတန်းလူရည်ချွန်များအတွက် အင်းလေးဒေသတွင် အပန်းဖြေစခန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်းလေးဘက်စုံထူးချွန် လူငယ်အပန်းဖြေစခန်းကို အထက(၁) ညောင်ရွှေတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး နဝမတန်း လူရည်ချွန်ကျောင်းသားကျောင်းသူ ၁၇၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမများ လာရောက်အပန်းဖြေကြမည်ဖြစ်သည်။ အပန်းဖြေစခန်းတွင် ဆွေးနွေးပွဲများ ကျင်းပခြင်း၊ အင်းလေးကန်အတွင်းရှိ ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရားများသို့ သွားရောက်ဖူးမြော်ခြင်း၊ ရေခြံ၊ ငွေပန်းထိမ်၊ ရက်ကန်းလုပ်ငန်းများသို့ လေ့လာခြင်း၊ တောင်ကြီး၊ ဟိုပုံး၊ ပင်းတယမြို့များသို့ လေ့လာရေးခရီး သွားရောက်ခြင်း၊ တိုင်းရင်းသားရိုးရာအကများ၊ မီးပုံပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များတင်ဆက်ခြင်းတို့ဖြင့် ဧည့်ခံသွားမည်ဖြစ်သည်။ အင်းလေးအပန်းဖြေစခန်းဖွင့်ပွဲကို ဧပြီ ၁ ရက်မှ ဧပြီ ၅ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာဦးစီးဌာနများအလိုက် စိစစ်ရွေးချယ်ပြီးသော ဘက်စုံပညာထူးချွန်သူ ကျောင်းသား ကျောင်းသူများကို ဘက်စုံထူးချွန်လူငယ် ဂုဏ်ပြုရေးအစီအစဉ်အဖြစ် အပန်းဖြေစခန်းများဖွင့်လှစ်ပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ **(၆၇၃)**

မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကြီး၏ အဓိပတိမဟာနာယကချုပ် ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ အန္တိမ အဂ္ဂိစျာပနပူဇော်ပင့်ဆောင်ရေး လမ်းကြောင်းဖြစ်သော မစိုးရိမ်တိုက်သစ်မှ (၈၉)လမ်းမြောက်ဘက်၊ ထိုမှ (၃၅)လမ်းအရှေ့သို့ (၇၈)လမ်းထိ ဆက်လက်ပြီး (၇၈)လမ်းမှ ဦးပွားခုံးကျော်၊ ဦးပွားခုံးကျော်မှ (၈၄)လမ်း၊ (၈၄)လမ်းမှ လမ်းသစ်လမ်း၊ လမ်းသစ်လမ်းမှ ကန်တော်ကြီးပတ်လမ်း၊ ကန်တော်ကြီးပတ်လမ်းမှ ကမ်းနားလမ်း၊ ရှမ်းကလေးကျွန်းမြောက်ဘက် ဧရာဝတီမြစ်ဘေး အန္တိမ အဂ္ဂိစျာပန ပူဇာတေဇောခတ်ပူဇော်ရာသို့ ပင့်ဆောင်နေစဉ်။ (ဘဦး)

# ကောလာဟလသတင်းများပျောက်၍ ပြည်သူများစိတ်ချမ်းသာစွာ နေထိုင်

**အိမ်မဲ မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြို့ရွာများတွင် ကောလာဟလသတင်းများကြောင့် ပြည်သူများစိုးထိတ်နေရကြောင်း သိရသည်။ အလားတူ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် မတ် ၂၃ ရက် ညနေပိုင်းက ကောလာဟလ သတင်းများ ပျံ့လွင့်မှုကြောင့် မြို့နေပြည်သူများ စိုးထိတ်ခဲ့ရသည်။ အိမ်မဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်းက အချိန်နှင့်တစ်ပြေးညီ ကင်းလှည့်ခြင်း၊ ဘာသာပေါင်းစုံဖွဲ့စည်းထားသော ရပ်မိရပ်ဖများဖြင့် နေ့ညလှည့်လည်ပေးခြင်းတို့ဖြင့် ဆောင်ရွက်ပေးခဲ့သည်။ မတ် ၂၆ ရက် ညတွင် အိမ်မဲမြို့ ရှင်ပင်ချမ်းသာဘုရားတန်ဆောင်းတော်ကြီးတွင် ဆန်းကိုဇာတ်ပွဲရှိပြီး ပြည်သူများအေးချမ်းစွာ အပန်းဖြေအနားယူလျက် ရှိနေကြသည်။ မတ် ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အိမ်မဲမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းတွင် ဘာသာဝင်အဖွဲ့အစည်းခေါင်းဆောင်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံ၍ မြို့ပေါ်တွင် လှည့်လည်စောင့်ရှောက်ကြရန် အဖွဲ့ဖွဲ့စည်းခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့မှ တခြားတစ်ပါးသောအရပ်မှ လာရောက်နိုင်ခြင်းမရှိရန် စုစည်း၍ မြို့ပေါ်တွင် အေးချမ်းစေရန်အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြမည်ဖြစ်ကြောင်းနှင့် ကျေးရွာများသို့တိုင် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ မတ် ၂၇ ရက်ညမှစတင်၍ နယ်မြေခံတပ်နှင့် အိမ်မဲမြို့ ရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ ကြိုတင်ကာကွယ်သည့်အနေဖြင့် ညအချိန် ကင်းလှည့်ပေးခြင်းကိုတွေ့ရှိရပြီး ယခုအခါ ကောလာဟလသတင်းများ ပျောက်ကွယ်ပြီး ပြည်သူများ သံသယကင်းစွာ၊ အေးချမ်းပျော်ရွှင်စွာ ရောင်းဝယ်ဖောက်ကားနေထိုင်လျက်ရှိကြောင်း သိရသည်။

**(ဇော်ထက်-အိမ်မဲ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၀-၃-၂၀၁၃ (စနေနေ့)

၅း၄၀ "ခန္ဓာအိမ်ကြီး (၁၁) မီး"တရားတော် (ဆရာတော်အရှင်ကေသရ) (ရွှေမင်းကံ)
၁၀း၄၅ MRTV-4 မြန်မာ့ရိုးရာသကြံန်
၁၁း၀၀ Myanmar Cooking Master (Third Season)(Round -2) (Part-9)
၁၂း၂၀ Fashion Week (မင်းသက်စံ) (Part-2)
၂း၃၀ ဟတ်ထိတဲ့အလန်းများ တေးစီးရီးရိုက်ကွင်းအမှတ်တရ
၃း၀၀ ဈေးဝယ်လမ်းညွှန် (MJS)
၆း၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ"မင်းမရှိလို့မဖြစ်"(အပိုင်း-၂၀)
၈း၁၅ PAST & PRESENT SOE THU Live @ Minder Ground (LIVE)
၁၂း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၆၄)

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၁၅ | Sunderland-Man U | (Fox Sports) |
| ၉း၃၀ | Arsenal- Reading | (Star Sports) |
| ၉း၃၀ | Man City- Newcastle | (Fox Sports) |

# တံတားဦးမြို့နယ် သစ်တော်ပြားကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**တံတားဦး မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် သစ်တော်ပြားကျေးရွာနေ ဦးအောင်ရွှေ၏နေအိမ်၌ မတ် ၂၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် ရေနွေးအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွားရာ အခင်းဖြစ်ပွားရာသို့ မီးသတ်ယာဉ်လေးစီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း မီးလောင်မှုကြောင့် အိမ်ထောင်စု ၁၀ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

**(အောင်ကျော်-နေပြည်တော်)**

# ကောလာဟလအချို့ကြောင့် အထိတ်တလန့်ဖြစ်ပေါ်

**ကလေး မတ် ၂၉**

မတ် ၂၈ ရက် နံနက် ၁၀ နာရီခန့်တွင် အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ ဆိုင်ကယ်စီးသူတစ်ဦးက ကလေးမြို့ မြို့မဈေးအနီးတွင် ဆူပူလှုံ့ဆော်စေရန်ရည်ရွယ်ချက်ဖြင့် အော်ဟစ်သွားသည်ဟု သိရသည်။ "ဘယ်လို အော်သွားတယ်ဆိုတာ မသိလိုက်ဘူး။ ဒီလိုအော်လိုက်တော့ ဈေးရောင်းနေတဲ့ ဈေးသည်တွေက ထပြေးကုန်ပြီး အထိတ်တလန့်ဖြစ်ကုန်ကြတယ်။ နောက်လုံခြုံရေးတွေလည်း ချက်ချင်းရောက်လာတယ်။ ဘာမှ မဖြစ်လိုက်ပေမယ့် လူတွေအထိတ်တလန့်ဖြစ်ကုန်ပါတယ်"ဟု အခင်းဖြစ်ပွားရာသို့ သွားရောက်ကြည့်ရှုသူဒေသခံတစ်ဦးက ပြောပြသည်။ အဆိုပါ ဆူပူလှုံ့ဆော်စေရန် ရည်ရွယ်ချက်ဖြင့် အော်ဟစ်နေသည်မှာ မတ် ၂၆ ရက် ည ၁၀ နာရီ ခွဲခန့်က တစ်ကြိမ်ဖြစ်ပွားခဲ့သည်ဟု သိရှိရသည်။ "မြို့လူထု အထိတ်တလန့်မဖြစ်အောင် အခု မြို့ထဲမှာ အသံချဲ့စက်နဲ့လှည့်ပြီး ကြေညာပါမယ်။ ကောလာဟလတွေဖြစ်နေတယ်။ အထိတ်တလန့်ဖြစ်အောင်လုပ်တဲ့သူတွေကို သတင်းပေးဖို့ ကြေညာပါမယ်။ ညဘက်ကျရင်လည်း လုံခြုံရေးဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေနဲ့ ကလေးမြို့ပေါ်က လူမှုအဖွဲ့အစည်းတွေ ပူးပေါင်းကင်းလှည့်ဖို့လုပ်မယ်" ဟု နေသာပညာဒါန ဆရာတော် ဦးဓမ္မိက က မိန့်ကြားခဲ့သည်။

ကလေးမြို့၏ လက်ရှိအခြေအနေမှာ ပုံမှန်အတိုင်းရှိနေပြီး ကောလာဟလထွက်ပေါ်ခဲ့ရာ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ စသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်ယူနေကြောင်း သိရသည်။

**(ဂျူနိုင်း)**


(LITE TRUCK)

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ရောင်းသာ/ငွေဆောင်
Ph: 209077, 09-731 67000
209388, 09-731 68000

POST ဝင်ခွင့်သင်တန်း တန်းခွဲသစ်ဖွင့်မည်
မူလတန်းပြဆရာ/မ သင်တန်းဖြေ - စာအုပ်ချုပ်


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်ပညာရေးတက္ကသိုလ် ဆိုင်ခန်းများနှင့် လေ့ကျင့်ရေးအထက်တန်းကျောင်း ကမာရွတ် နယ်မြေနှင့် လှိုင်နယ်မြေရှိဆိုင်ခန်းများအား တစ်နှစ်ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူပါမည်။ တင်ဒါတင်သွင်းပုံစံများကို ရန်ကုန်ပညာရေးတက္ကသိုလ်၊ အင်ဂျင်နီယာဌာနတွင် ရယူပြီး ၉-၄-၂၀၁၃ရက် ညနေ ၄နာရီတွင် နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါသည်။

အသေးစိတ်သိလိုပါက ဖုန်း-၅၃၇၃၅၉၊ ၅၂၇၀၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ
ရန်ကုန်ပညာရေးတက္ကသိုလ်


DI Export Fashion
သင်္ကြန်အထူးဈေးရောင်းပွဲတော်
ဒီနှစ်အတွက်အထူး ပူအိုက်တဲ့နွေရာသီမှာ မြန်မာ့ရိုးရာသင်္ကြန်ပွဲနဲ့ လိုက်ဖက်တဲ့ ကိုရီးယားနိုင်ငံကို တင်ပို့နေသော 100% Cotton T-Shirt မျိုးစုံကို ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်)မှ စတင်ပြီး ရောင်းချပေးသွားမည့်အပြင် ဘောင်းဘီ၊ စကတ်အတို/အရှည် စတိုင်မျိုးစုံနှင့် မိုးကာ ဂျာကင်ရောင်စုံများကို 2013 နိုင်ငံတကာဖက်ရှင်နှင့်အညီ ဝတ်ဆင်နိုင်ဖို့ DI ရဲ့ အထူး Discount ပွဲကို လာခဲ့ပါလို့ ဖိတ်ခေါ်လိုက်ပါတယ်။
နေ့ရက် း (26.3.2013) မှ (11.4.2013) ထိ
နေရာ း အမှတ်(၁၅၈)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
01-526826, 510913, 511412
ပွဲတော်အတွင်း ပိတ်ရက်မရှိ။
လက်လီ/လက္ကားဝယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။
SALE
ယူနီဖောင်းအော်ဒါနှင့် Promotion အတွက် Sport Shit, T-Shirt များကိုလည်း အထူးစီစဉ်ဆောင်ရွက်ပေးနေပါပြီ။ 09-73100397



ရန်ကုန်မြို့ ဒေါပုံမြို့နယ် မြေတိုင်းရပ်ကွက်(၁၃) မြေကွက်အမှတ်(၇၂)
ဦးစိုးဝင်းနိုး (စဉ်-၇၁၈၂)
ဦးအောင်မျိုးသိန်း (စဉ်-၇၈၃၇)
ဦးသန့်ဇင် (စဉ်-၂၅၀၆၈)
ဒေါ်တင်စန္ဒာနိုင် (စဉ်-၂၇၅၄၄)
Ph-09 50 80432 , 09 855 0254
09-731 70516 , 09-4200 73685

## ဂီတအမျိုးအစားပေါင်းစုံပါဝင်မည့် ဂီတပွဲကြီးတွင် ရိုးလင်းစတုန်းရော့ခ်အဖွဲ့ ဖျော်ဖြေမည်

၂၀၁၃ ခုနှစ်၏ Glastonbury အမည်ရှိ ဂီတပွဲတော်ကြီး၌ ဖျော်ဖြေမည့် ထိပ်တန်းအနုပညာရှင်များစာရင်းတွင် နာမည်ကျော် ရော့ခ်ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရိုးလင်းစတုန်းရော့ခ်ဂီတအဖွဲ့လည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။

ဂီတအမျိုးအစားပေါင်းစုံပါဝင်ပြီး နှစ်စဉ်နှစ်တိုင်းကျင်းပလေ့ရှိသည့် Glastonbury ဂီတပွဲတော်ကို ယမန်နှစ်က အိုလံပစ်ပွဲတော်နှင့် တိုက်ဆိုင်နေသဖြင့် မကျင်းပလိုက်ရကြောင်း၊ ရိုးလင်းစတုန်း ရော့ခ်ဂီတအဖွဲ့အနေဖြင့် ယင်းပွဲတော်တွင် လာရောက်ဖျော်ဖြေခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်းနှင့် အဆိုပါပွဲတော်သို့ ပရိသတ်ပေါင်း တစ်သိန်း သုံးသောင်းကျော် လာရောက်ဖွယ်ရှိကြောင်း သိရသည်။

ယင်း Glastonbury ပွဲတော်ကို ဇွန်လ၏ နောက်ဆုံးရက်များတွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါပွဲတော်သို့ ရိုးလင်းစတုန်းဂီတအဖွဲ့အပြင် ရော့ခ်အဖွဲ့များဖြစ်သည့် Arctic Monkeys အဖွဲ့နှင့် Mumford and Sons တို့အဖွဲ့လည်း လာရောက်ဖျော်ဖြေကြမည်ဖြစ်ကြောင်း အဆိုပါပွဲတော်၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

## ဆောင်းဆန်ဟွန်း၏ Dr.Jin ဇာတ်ကား ဂျပန်နိုင်ငံ၌ မေလတွင် စတင်ပြသမည်

၂၀၁၂ ခုနှစ်အတွင်းက ထွက်ရှိခဲ့ပြီး ကိုရီးယားရုပ်ရှင်သရုပ်ဆောင် ဆောင်းဆန်ဟွန်းက နှစ်ကိုယ်ခွဲကာ အဓိက သရုပ်ဆောင်အဖြစ်ပါဝင်ထားသော Dr. Jin အမည်ရှိ ကိုရီးယားသမိုင်းကြောင်းမှတ်တမ်းဇာတ်ကားကို ကိုရီးယား ဇာတ်လမ်းတွဲများကို ကြိုက်နှစ်သက်သည့် ဂျပန်ရုပ်ရှင်ပရိသတ်ကြီးအတွက် ဂျပန်နိုင်ငံ၏ DATV ရုပ်သံလိုင်းတွင် မေ ၂၅ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း အဆိုပါရုပ်သံလိုင်း၏ တရားဝင် အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့သော ကိုရီးယားသမိုင်းကြောင်းဇာတ်ကားကို ဂျပန်နိုင်ငံတွင် တစ်ကြိမ်တစ်ခါမျှ ပြသခဲ့ဖူးခြင်းမရှိကြောင်းနှင့် အဆိုပါဇာတ်ကားတွင် ဂျပန်ပေါ့ပ်ဂီတအဖွဲ့မှ ကင်မ်ဂျေဂျောင်းလည်း ပါဝင်ထားကြောင်း သိရသည်။

Dr. Jin ဇာတ်ကားကို ၂၀၁၂ ခုနှစ်အတွင်းက တရုတ်နိုင်ငံ တိုင်ပေ၌ ထုတ်လွှင့်ပြသခဲ့ပြီး စင်ကာပူ၏ Channel U ရုပ်သံလိုင်းတွင် ဧပြီ ၁ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသပေးရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ၂၀၁၂ ခုနှစ်အတွင်းက ခေတ်ဆရာဝန်တစ်ဦးဖြစ်သူ Jin Hyuk အဖြစ် သရုပ်ဆောင်သူ ဆောင်းဆန်ဟွန်းက ၁၈၆၀ ပြည့်နှစ်အတွင်းက ဂျိုဆန်ခေတ်သို့ ခေတ်ပြန်ခရီးသွားပုံများကို ရိုက်ကူးထားသည့် အဆိုပါဇာတ်ကားကို ၂၀၁၂ ခုနှစ် မေ ၂၆ ရက်မှ ဩဂုတ်လ ၁၂ ရက်အထိ ထုတ်လွှင့်ပြသခဲ့ပြီးဖြစ်ကြောင်း သိရသည်။

## မျက်မမြင်တွေရဲ့ဘဝကို စာနာကာ လှူဒါန်းမှုများပြုလုပ်ခဲ့တဲ့ ကိုရီးယားသရုပ်ဆောင် ဆောင်းဟေကျို

ကိုရီးယားကြယ်ပွင့် ရုပ်ရှင်သရုပ်ဆောင် ဆောင်းဟေကျိုက မျက်မမြင်များ စာပေဖတ်ရှုရန် စာပေများ ပုံနှိပ်ထုတ်ဝေခြင်းအတွက် လိုအပ်သော ငွေကြေးထောက်ပံ့မှုများကို တောင်ကိုရီးယားနိုင်ငံရှိ ကိုရီးယားသမိုင်းပြတိုက်သို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒေသတွင်းမှာရှိတဲ့ ပြတိုက်တွေမှာ ဒီလိုမျိုး မျက်မမြင်တွေ စာပေဖတ်ရှုဖို့အတွက် လက်ကမ်းစာစောင်တွေကို ပုံနှိပ်ထုတ်ဝေပေးတာမျိုးက တော်တော်ကိုရှားပါတယ်။ အခုလောလောဆယ်မှာတော့ သူတို့ဖတ်လို့ရမယ့် လက်ကမ်းစာစောင် ၁၀၀၀ ကို ပုံနှိပ်ထုတ်ဝေပေးခဲ့ပြီး အနာဂတ်မှာ ဒီ့ထက်ပိုပြီးတော့ ဆက်လက်လှူဒါန်းသွားပါဦးမယ်"ဟု သရုပ်ဆောင် ဆောင်းဟေကျိုက ဒေသတွင်းမီဒီယာများအား ပြောကြားခဲ့သည်။

ဆက်လက်ပြီး ကိုရီးယားသရုပ်ဆောင် ဆောင်းဟေကျိုက သူမပါဝင်သရုပ်ဆောင်ထားပြီး အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသနေဆဲဖြစ်သည့် That Winter, the Wind Blows ဒရာမာဇာတ်ကားတွင် ဆောင်းဟေကျိုသည် ရောဂါကြောင့် မျက်စိကွယ်ခဲ့ရသူတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့ကြောင်း၊ ယင်းနောက်တွင် မျက်မမြင်မိန်းကလေးတစ်ဦး၏ နေ့စဉ်ဘဝတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ကိုယ်ချင်းစာမိကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ မျက်မမြင်များအတွက် လှူဒါန်းရခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဖြိုးစန္ဒာမြင့်
စုစည်းရေးသားသည်

## Kara အဖွဲ့၏ အဌမမြောက်အယ်လ်ဘမ် ဂျပန်၌ ပရိုမိုးရှင်းပြုလုပ်

ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ Kara က ၎င်းတို့အဖွဲ့၏ အဌမမြောက်အယ်လ်ဘမ်ဖြစ်သော Bye Bye Happy Days အယ်လ်ဘမ်၏ ပရိုမိုးရှင်းပွဲကို မတ် ၂၆ ရက်က ဂျပန်နိုင်ငံ နီပွန်တီဗွီရုပ်သံလိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအယ်လ်ဘမ်တွင် Kara အဖွဲ့ဝင်များက ကျောင်းဝတ်စုံတူညီလေးများဝတ်ကာ ချစ်စဖွယ်ကကွက်လေးများဖြင့် သီချင်းများအားလုံးကို ပုံဖော်ထားသည့်ယင်းအယ်လ်ဘမ်သည် ဂျပန်နိုင်ငံ၏ Oricon Chat ၌ တတိယနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

ထို့ပြင် "ကျွန်မတို့သီချင်းတွေ ပရိုမိုးရှင်းပွဲအတွက် ဂျပန်နိုင်ငံမှာ နှစ်ပတ်လောက်နေကြဖို့ စီစဉ်ထားပါတယ်"ဟု အဖွဲ့ဝင်များက Bye Bye Happy Days အယ်လ်ဘမ်၏ ပရိုမိုးရှင်းအစီအစဉ်နှင့်ပတ်သက်ပြီး ပြောကြားသွားခဲ့သည်။

ဆက်လက်ပြီး အနာဂတ်အတွက် ဂီတဖျော်ဖြေပွဲများနှင့်ပတ်သက်ပြီး ဒေသတွင်းမီဒီယာများက မေးမြန်းရာတွင် "ဒါဟာလျှို့ဝှက်ချက်ပါ"ဟု ဖြေကြားခဲ့သည်။

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သူရအောင်၏ နိုင်ငံကူး လက်မှတ် A-059633 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၃၀၆၀၉

### ခရစ်ယာန် ညီအစ်ကို မောင်နှမများခင်ဗျား

ရှင်ပြန်ထမြောက်တော်မူရာနေ့ (EASTER DAY) သတင်းကောင်းကို MRTV-4 အစီအစဉ်တွင် ၃၁-၃-၂၀၁၃ ရက် (တနင်္ဂနွေနေ့) ၁၂း၂၅ အချိန်တွင် ကြည့်ရှုနိုင်ပါသည်။

**The Future Collegians World Tour(FCWT) Junior Golf Tournament ၌ ပထမဆုရရှိခဲ့သည့် မြန်မာဂျူနီယာအားကစားသမား စည်သူရဲရင့်**

အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်တွင် ၂၃-၂-၂၀၁၃ မှ ၂၄-၂-၂၀၁၃ ရက်ထိ ကျင်းပခဲ့သော The Future Collegians World Tour(FCWT) Junior Golf Tournament ၌ မြန်မာနိုင်ငံမှ ဂျူနီယာဂေါက်သီးအားကစားသမား စည်သူရဲရင့်သည် နောက်ဆုံးနေ့ရိုက်ချက် (၆၇) ချက်ရိုက်ပြီး နှစ်ရက်ပေါင်း သတ်မှတ်ရိုက်ချက်ထက် (၆)ချက်လျှော့ဖြင့် နှစ်ရက်ပေါင်း (၄)ချက်လျှော့ရိုက်ထားသော မက္ကဆီကိုနိုင်ငံနှင့် ကနေဒါနိုင်ငံတို့မှ ဂေါက်သီးအားကစားသမားနှစ်ဦးတို့အား နှစ်ချက်သာဖြင့် ပထမဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ထို့အတွက် စည်သူရဲရင့်၏ အောင်မြင်မှုသည် မြန်မာ့ဂေါက်သီးသမိုင်းအတွက် ထူးခြားသော ပထမဆုံး အောင်မြင်မှုဖြစ်သည့်အတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

# အာဆင်နယ်နှင့် ရီးဒင်းအသင်းတို့၏ ပွဲစဉ်တွင် ဝီရှိုင်းယားနှင့် ဝဲလ်ကော့ လွဲချော်ဖွယ်ရှိ

အာဆင်နယ်အသင်း၏ အားထားရသော ကစားသမားနှစ်ဦးဖြစ်သည့် ကွင်းလယ်ကစားသမား ဝီရှိုင်းယားနှင့် တောင်ပံကစားသမား သီယိုဝဲလ်ကော့တို့သည် အာဆင်နယ်အသင်းနှင့် ရီးဒင်းအသင်းတို့ မတ် ၃၀ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပွဲစဉ် (၃၁)နှင့် လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဝီရှိုင်းယားသည် ဒဏ်ရာကြောင့် ၁၇ လကြာ အနားယူခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီအစပိုင်းတွင် အာဆင်နယ်အသင်းတွင် ပြန်လည်ပါဝင်ကစားနိုင်ခဲ့သော်လည်း ယခုလအစောပိုင်းတွင် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ချိန်မှစ၍ အရန်ခုံတွင်သာ ကျေနပ်ခဲ့ရသည်။

အာဆင်နယ်တောင်ပံကစားသမား သီယိုဝဲလ်ကော့သည်လည်း နိုင်ငံတကာပွဲစဉ် သွားရောက်ကစားရာမှ တင်ပါးဆုံကြွက်သား နာကျင်ဒဏ်ရာကြောင့် အာဆင်နယ်အသင်းနှင့် ရီးဒင်းအသင်းတို့၏ပွဲစဉ်နှင့် လွဲချော်လိမ့်မည်ဖြစ်သည်။

သီယိုဝဲလ်ကော့ဒဏ်ရာရရှိခဲ့ခြင်းအပေါ် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်အား အပြစ်မပြောလိုကြောင်းနှင့် ပြိုင်ဘက်စပါးအသင်းနှင့် အမှတ်လေးမှတ်ကွာဟနေသော်လည်း ရာသီကုန်တွင် ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ထားကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

## ရုရှားတင်းနစ်မယ် မာရီရာရှာရာပိုဗာ Sony Open နောက်ဆုံးဗိုလ်လုပွဲတက်

ရုရှားတင်းနစ်မယ် မာရီရာရှာရာပိုဗာသည် အမေရိကန်၌ ကျင်းပပြုလုပ်သော Sony Open တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်မယ် ဂျန်ကိုဗစ်ကို အနိုင်ရရှိခဲ့ပြီးနောက် Sony Open တင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လာခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့အဆင့်(၂)ရှိ ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် လေးကြိမ်တိုင်တိုင် ဗိုလ်လုပွဲသို့ တက်ခဲ့သော်လည်း တစ်ကြိမ်မျှနိုင်ပွဲ မရရှိခဲ့ဖူးသော တင်းနစ်မယ်ဖြစ်ခဲ့ရပြီး လက်ရှိတွင်လည်း Sony Open နောက်ဆုံးဗိုလ်လုပွဲသို့ တက်လာခဲ့ပြန်ပြီဖြစ်သည်။

အသက် (၂၅)နှစ်အရွယ်ရှိ တင်းနစ်မယ်ရှာရာပိုဗာသည် BNP Paribas Open ချန်ပီယံဖြစ်သည်နှင့်အညီ လက်ရှိတွင် Sony Open တင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်မယ် ဂျန်ကိုဗစ်ကို ၆-၂၊ ၆-၁ ဖြင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲတွင် ဆရီနာဝီလျံ သို့မဟုတ် လက်ရှိချန်ပီယံ ရက်ဝန်စကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

Sony Open တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးက ခရိုအေးရှား တင်းနစ်ကစားသမား မာရင်စီလစ်ကို ၆-၄၊ ၆-၃ ဖြင့် နိုင်ကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်လာခဲ့ကြောင်း သိရသည်။

## ပရီမီယာလိဂ်ရင်ခုန်သံ-၃၁

ရှိုင်းမင်းမင်း

**မတ် ၃၀၊ ၃၁ ရက်နဲ့ ဧပြီ ၂ ရက်နေ့တို့မှာ ကျင်းပမယ့် ပရီမီယာလိဂ်ပွဲစဉ်(၃၁)အနက်က မတ် ၃၁ နဲ့ဧပြီ ၂ ရက်တို့မှာ ကစားမယ့်ပွဲတွေကို သုံးသပ်တင်ပြပေးလိုက်ပါတယ်။**

### အဲဗာတန် Vs စတုတ်

*နံနက် ၀၀း၀၀(၃၁-၃-၂၀၁၃)* **ပကျော့ စတုတ် ၁-၁ အဲဗာတန်**

ပရီမီယာလိဂ်ပြိုင်ပွဲ တစ်ခုတည်းအပေါ်မှာသာ အာရုံထားရတော့မယ့် အဲဗာတန်ဟာ ပရီမီယာလိဂ်မှာ ဥရောပဝင်ခွင့်ရရှိရေးအတွက် အိမ်ကွင်းမှာဖိအားပေး ကစားသွားမှာပါ။ အဲဗာတန်ရဲ့ ခြေကလည်း အခုနောက်ပိုင်း ပြန်လည်တည်ငြိမ်မှုရှိလာသလို အိမ်ကွင်းမှာခြေပိုကောင်းတတ်ပါတယ်။ စတုတ်က ကစားအား မာကျောပေမယ့် အဝေးကွင်းမှာ ကစားအားကျဆင်းတတ်သလို တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေအားနည်းလွန်းပါတယ်။

### ဗီလာ Vs လီဗာပူး

*ည ၇း၀၀ (၃၁-၃-၂၀၁၃)* **ပကျော့ လီဗာပူး ၁ - ၃ ဗီလာ**

အကြိတ်အနယ်ရှိမယ့်ပွဲပါ။ ဗီလာက တန်းမဆင်းရဖို့အတွက် အိမ်ကွင်းမှာခြေကုန်ထုတ်လာမှာပါ။ ဗီလာရဲ့ လက်ရှိခြေကလည်း မဆိုးသလို အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်ပါတယ်။ လီဗာပူးက ခြေမငြိမ်သလို အဝေးကွင်းပွဲတွေမှာ ခြေပိုမိုအားနည်းတတ်ပေမယ့် ဥရောပဝင်ခွင့်အတွက် ခြေကုန်ထုတ်လာမှာပါ။

### ဖူလ်ဟမ် Vs ကျူပီအာ

*နံနက် ၁း၃၀(၂-၄-၂၀၁၃)* **ပကျော့ ကျူပီအာ ၂ - ၁ ဖူလ်ဟမ်**

ဒီပွဲကလည်း ပွဲကောင်းတစ်ခုပါ။ အထူးသဖြင့် ဖူလ်ဟမ်အနေနဲ့ အခုနောက်ပိုင်း ခြေစွမ်းပိုင်းကောင်းမွန်လာသလို အိမ်ကွင်းမှာလည်း ကစားပုံ ပိုမိုကောင်းမွန်တတ်ပါတယ်။ ကျူပီအာကလည်း တန်းမဆင်းရဖို့ အားစိုက်ကစားနေချိန်ဖြစ်ပြီး ခြေကလည်းကောင်းမွန်နေပါတယ်။ တိုက်စစ်ကလည်း ဂိုးသွင်းခြေရရှိနေပြီး အဆုံးသတ်အားကောင်းနေပါတယ်။

## ဒေးဗစ်ဘက်ခမ်းအား စာချုပ်သက်တမ်းတိုးရန် ပီအက်စ်ဂျီနည်းပြ အန်ဆန်လော့တီမျှော်လင့်

ပါရီမြို့အခြေစိုက် ပြင်သစ်ပထမတန်းကလပ်၏ ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းမှ နည်းပြကားလို့စ်အန်ဆန်လော့တီသည် ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းအား စာချုပ်သက်တမ်းထပ်တိုးချုပ်ဆိုရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် အမေရိကန်ကလပ် အယ်လ်အေဂလက်ဆီအသင်းမှ ထွက်ခွာခဲ့ချိန်တွင် ကလပ်အသင်း ၁၁ ခု၏ ခေါ်ယူကမ်းလှမ်းမှု

များရရှိခဲ့သော်လည်း ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့အတွင်း ငါးလစာချုပ်တစ်ရပ်ချုပ်ဆိုကာ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

အသက် (၃၇)နှစ်အရွယ်ရှိပြီဖြစ်သည့် အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် ၎င်း၏ ရရှိသောလစာထဲမှ ပေါင်တစ်သန်းကို မရှိဆင်းရဲသားများကို ပေးကမ်းလှူဒါန်းလျက်ရှိပြီ လက်ရှိတွင် ကွင်းလယ်ဖန်တီးရှင်တစ်ဦးအနေဖြင့် ပီအက်စ်ဂျီအသင်းအတွက် လေးပွဲပါဝင်ကစားပေးနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ဇလက်တန်အီဘရာဟီမိုဗစ်ချ်၊ သီယာဂိုဆေးလ်ဗား၊ လူကက်မော်ရာ၊ လာဗက်ဇီစသည့် ဝါရင့်ကစားသမားများအပါအဝင် အသင်းအတွက် ကစားသမားများ ခေါ်ယူခဲ့ခြင်းကြောင့် လွန်ခဲ့သည့် ၁၈ လတာ ကာလအတွင်း ပေါင်သန်း ၂၀၀ ကျော် သုံးစွဲခဲ့ပြီး လက်ရှိတွင်လည်း ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းအား စာချုပ်သက်တမ်းတိုးရန် မျှော်လင့်ထားကြောင်း ပီအက်စ်ဂျီအသင်းနည်းပြ ကားလို့စ်အန်ဆန်လော့တီက ပြောကြားခဲ့သည်။

နိုင်လင်းကြည်

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာစက်မှုဇုန်၊ဇုန်(၅)၊ ဧရာလမ်း၊ အမှတ်-၁၁၉နှင့်ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ယောဂီကျောင်းလမ်း၊ အမှတ်(၁၃၉) တို့တွင် စက်ရုံတည်ရှိပြီးနေထိုင်သူ ဦးအေးဆွေ[၁၂/ကတတ(နိုင်)၀၁၅၁၄၄]က အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင် ကုန်အမှတ်တံဆိပ်အဖြစ်သုံးစွဲရန် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၁၇၂၆/၂၀၁၃ဖြင့်(၁၈-၂-၂၀၁၃)ရက်က မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

အထက်ပါ "ပြုံးချို" "PYONE CHO" ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား ဖြင့် ဘီစကစ်၊ကွတ်ကီးနှင့်မုန့်မျိုးစုံကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

အထက်ပါ"ပြုံးချို" "PYONE CHO"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့် စာလုံးဒီဇိုင်းပုံစံ(Logo)အမှတ်အသားကို အသုံးပြုပြီး ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်းဂျာနယ်၊ စာစောင်အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ ငွေရပြေစာများ၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပလတ်စတစ် အိတ်များပေါ်တွင်လည်းကောင်း၊ ထုပ်ပိုးပစ္စည်း၊ ထည့်သွင်းပစ္စည်း၊ တံဆိပ်တုံးအစရှိသည်တို့ တွင်လည်းကောင်း အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးဖြင့်ရိုက်နှိပ်၊ ကပ်နှိပ်ထည့်သွင်းဖော်ပြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ မြို့ရွာဒေသမြို့နယ်အနှံ့အပြား၌ အသုံးပြုလျက် ရှိပါသည်။

သို့ဖြစ်၍"ပြုံးချို" "PYONE CHO"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်စာလုံးဒီဇိုင်းပုံစံ(Logo)အမှတ်အသား ကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ပုံတူကူး၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှားထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားတုပပြုလုပ်၍ဖြစ်စေ ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

အထက်ပါသတိပေးတားမြစ်ချက်ကိုလိုက်နာခြင်းမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တည်ဆဲတရား ဥပဒေနှင့်အညီ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ထိရောက်စွာတရားစွဲဆို အရေးယူဆောင်ရွက်သွားမည ဖြစ်ကြောင်း အများသိစေရန်သတိပေးကြေညာအပ်ပါသည်။

ဦးအေးဆွေ[၁၂/ကတတ(နိုင်)၀၁၅၁၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၇၃)

ဒေါ်လွင်မာ(စဉ်-၂၅၆၃၈)၊ ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉)၊ ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)၊

ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)၊ ဒေါ်လဲ့လဲ့ဝင်း(စဉ်-၃၉၈၈၀)

အထက်တန်းရှေ့နေများ

အမှတ်(၅၅)၊ ဒုတိယထပ်၊ အခန်း(၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

# မွေးနေ့ဆုမွန်

ချစ်ခင်မြတ်နိုးတန်ဖိုးထားရပါသော ချစ်ခင်ပွန်း၏ ၃၀-၃-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် "ကို" ချစ်သောမိသားစုနှင့်အတူ သာယာချမ်းမြေ့သော ဘဝခရီးကို နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး - စူးမာ**(Fashion Euphoria)**

ချစ်သားကြီး - အောင်စစ်မိုး**(Aerosin Flight Academy)**
**(Florida)**

ချစ်သမီး - ရည်သွယ်အောင်**(University of Virginia)**

လက်ခံနေပါပြီ
Great Banner Travel & Tours
Tel: 01-389628, 09-450029817

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph:209200,430480,544383

## မှုခင်းနှင့် အထွေထွေ

# အတ္ထရံတံတားအနီး ကားသုံးစီးဖမ်းဆီးရမိ

**မော်လမြိုင်  မတ်  ၂၉**

တစ်ဖက်နိုင်ငံမှ တရားမဝင် အကောက်ခွန်မဲ့ ခိုးသွင်းလာသည့် ဇိမ်ခံကားများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူ၍ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး၊ သထုံခရိုင် ရဲတပ်ဖွဲ့မှူးတို့၏ ညွှန်ကြားချက်အရ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ မြို့နယ်အသီးသီးတွင် အကောက်ခွန်မဲ့ ဇိမ်ခံကားများကို စစ်ဆေးဖမ်းဆီးအရေးယူလျက်ရှိသည်။

မွန်ပြည်နယ် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းဌာနစိတ်မှ ရဲအုပ်ခိုင်သန်း၊ ရဲအုပ်မြင့်နိုင်နှင့်အဖွဲ့သည် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မတ် ၂၇ ရက် နံနက် ၉ နာရီတွင် ကရင်ပြည်နယ်ဘက်မှ မော်လမြိုင်သို့ မောင်းနှင်လာသော ယာဉ်မောင်းသုံးဦးနှင့် ဇိမ်ခံကားသုံးစီးကို အတ္ထရံတံတားအနီး၌ တွေ့ရှိဖမ်းဆီးခဲ့သည်။ ကားသုံးစီးတန်ဖိုးမှာ ငွေကျပ်သိန်း ၉၀ ရှိကြောင်း သိရသည်။

ယင်းအမှုနှင့်စပ်လျဉ်း၍ ကျိုက်မရောရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေပုဒ်မ (၈) အရ အမှုဖွင့်အရေးယူထားသည်။

ဇိမ်ခံကားများသည် မော်လမြိုင်မြို့နယ်နှင့် အခြားမြို့နယ်အတွင်း မောင်းနှင်လာရာတွင် နေ့နံပါတ်တစ်မျိုး၊ ညနံပါတ်တစ်မျိုးဖြင့် မောင်းနှင်လျက်ရှိကြပြီး ယာဉ်တိုက်မှုများဖြစ်ခြင်း၊ လိုင်စင်ရှိသကဲ့သို့ မောင်းနှင်နေခြင်းများအပေါ် သက်ဆိုင်ရာက ဇိမ်ခံကားများကို အချိန်မီအရေးယူဖမ်းဆီးခြင်းဖြစ်ကြောင်း သိရသည်။

(ကျော်သန်း-မော်လမြိုင်)

# မော်လမြိုင်၌ ရေနစ်သေဆုံးမှုဖြစ်ပွား

**မော်လမြိုင်  မတ်  ၂၉**

မော်လမြိုင်မြို့ သံလွင်ဥယျာဉ်အတွင်းရှိ ပုဂ္ဂလိကပိုင် နယူးစကိုင်းရေကူးကန်၌ မတ် ၂၄ ရက် ညနေ ၄ နာရီခွဲတွင် မရမ်းကုန်းရပ်ကွက် အုန်းတောရပ်နေ မောင်စိုးလင်းအောင် (၁၆)နှစ်သည် ညီအစ်ကိုဝမ်းကွဲများနှင့်အတူ ရေကူးရာမှ ရေနစ်သေဆုံးခဲ့သည်။

အမှုကို မော်လမြိုင်မြို့ မြို့မရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းအမှတ်စဉ် (၂/ ၂၀၁၃)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ဆေးရုံပေါ်မှ ခုန်ချသေဆုံး

**ပဲခူး  မတ်  ၂၉**

ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ဆောင်အပေါ်ထပ် ခုတင်အမှတ် (၁၅)တွင် ပဲခူးမြို့ အမှတ် (၂)ရဲစခန်းက ယာဉ် (ပ) ၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၇ ဖြင့် အမှုဖွင့်ထားရှိသည့် လူနာဦးသန်းလွင် (၅၂)နှစ် ရွှေပြည်တန်(၃)လမ်း ကလျာဏီရပ်ကွက် ပဲခူးမြို့နေသူမှာ ဆေးဝါးကုသမှုခံယူနေစဉ် မတ် ၂၀ရက် နံနက် ၁၁နာရီခွဲက ပဲခူးဆေးရုံခွဲစိတ်ဆောင်ရှေ့ ကော်ရစ်တာမှတစ်ဆင့်အောက်သို့ ခုန်ချသေဆုံးခဲ့သဖြင့် ပဲခူးမြို့အမှတ်(၁) ရဲစခန်းက သေမှုသေခင်း ၆/၂၀၁၃ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ (၅၈၈)

# စက်သုံးဆီဆိုင်တွင် ဆီဖြည့်စဉ် တည်ငြိမ်လျှပ်စစ်ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွား

**တောင်ကြီး  မတ်  ၂၉**

တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ ဝင်းမေတ္တာစက်သုံးဆီဆိုင်တွင် ဆီဖြည့်ရန်လာသော ဆီဘောက်ဆာကားမှ ဆီဖြည့်စဉ် တည်ငြိမ်လျှပ်စစ်ဖြစ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၃ ခုနှစ် မတ် ၂၈ ရက် ညနေ ၄နာရီ ၄၀ မိနစ်တွင် တောင်ကြီးမြို့ ကံကြီးရပ်ကွက် တောင်ကြီး-ဟိုပုံးသွားကားလမ်းဘေး (သစ်တောဂိတ်အထွက်) နှစ်မိုင်ရှိ ဝင်းမေတ္တာစက်သုံးဆီဆိုင်တွင် ဆီဖြည့်ရန်လာသော ဆီဘောက်ဆာယာဉ်အမှတ် ၁ခ/----- မှ ဆီဖြည့်စဉ် တည်ငြိမ်လျှပ်စစ်ဖြစ်သဖြင့် ဆီဂေါက်ကိုင်သူ ဟန်ဝင်းကျော်က ဆီဂေါက်ကို လွှတ်ချ၍ မီးငြိမ်းသတ်ရန် မီးသတ်ဆေးဘူးသွားယူစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့်အဖွဲ့များ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မီးသတ်အင်အား ၁၃၀ နှင့် ပြည်သူအင်အား ၂၀၀ ခန့်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် ဦးချမ်းငြိမ်း၏ ဝင်းမေတ္တာဆီဆိုင်အဆောက်အအုံနှင့် အနီးကပ်လျက်ရှိသည့် ဦးစိုင်းမျိုးခင်၏ ၁၀၃ ဆီဆိုင်နောက်ကျောရှိ ဆီပီပါများ မီးလောင်ကျွမ်းခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်း ကျပ်သိန်း ၆၀ ခန့်ရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ဝင်းမေတ္တာဆီဆိုင်မှ ဆီဂေါက်တန်ကိုင်ဆောင်သူ ဟန်ဝင်းကျော် (၂၃) နှစ်အား တောင်ကြီးမြို့ အမှတ် (၁)ရဲစခန်းက(ပ) ၈၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုင်းတင်ဦး(ရှမ်း/တောင်)

# မဆင်မခြင်သွားလာမှုကြောင့် တမံပျက်စီးမှုများ ဖြစ်ပေါ်မည်ကိုစိုးရိမ်

**ငါးသိုင်းချောင်း  မတ်  ၂၉**

ငါးသိုင်းချောင်းမြို့သည် ဧဝန်မြစ်အရှေ့ဘက်ခြမ်းတွင် တည်ရှိသော ရေကြည်မြို့နယ်၏ မြို့နယ်ခွဲတစ်ခုဖြစ်သည်။ မြို့၏ အနောက်ဘက် ဧဝန်တာတမံ အရှေ့ဘက်တွင် ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကျောင်းကုန်းမြို့နယ်များလည်း တည်ရှိသည်။

ယင်းမြို့နယ်များတွင် နေထိုင်သော မိဘပြည်သူများသည် နှစ်စဉ်မိုးတွင်းကာလသို့ ရောက်ရှိပါက တာတမံများ ကြံ့ခိုင်မှုအတွက် စိုးရိမ်သောကဖြစ်ခဲ့ကြရသည်။ ယခုအခါ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ဧဝန်မြစ်ရေလမ်းကြောင်း လွှဲပြောင်းခြင်းလုပ်ငန်းကို ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော် အကုန်အကျခံဆောင်ရွက်ပေးခဲ့သဖြင့် ပြည်သူအများ ဝမ်းသာပီတိ ဖြစ်ခဲ့ကြရသည်။

ထို့ကြောင့် တာတမံကြီးကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ရေးမှာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး၏ တာဝန်ဖြစ်လာသည်။ ယခင်က ကျွဲ၊ နွားများ တာတမံအပေါ်သို့ တက်ရောက်ခြင်းကို တာတမံအက်ဥပဒေနှင့် တားမြစ်ခဲ့သည်။ တွေ့ရှိပါက ခွာတစ်လုံး ၅ ကျပ် ဒဏ်ရိုက်သည်ဟု သိရသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် တာတမံ၏အရေးကြီးပုံကို သိရှိနိုင်သည်။ မြို့မရပ်ကွက်၊ မြို့မဈေးကြီးအနီးရှိ အချို့သော အဆောက်အအုံများသည် တာတမံအား မေးတင်၍ ဆောက်လုပ်ထားသဖြင့် တာခြေပျောက်ပြီး တာလုံးမပေါ်ဘဲ ဖြစ်နေသည်။ တာခြေမပေါ်သဖြင့် အောက်ခြေတွင် ဖြစ်ပေါ်နေသော အကြောင်းတရားများကို သိရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် တာတမံ၏ ကြံ့ခိုင်ရေးအတွက် ဆိုးရွားသောအခြေအနေများကို ဖြစ်ပေါ်လာစေနိုင်သည်။

ယခုအချိန်အခါသည် စပါးပေါ်ချိန်၊ ပဲပေါ်ချိန်ဖြစ်သဖြင့် နယ်အသီးသီးမှ ဂွန်ဒေါင်းများ၊ မြို့ပေါ်ရှိပွဲရုံများမှ ကုန်တင်ကားများ၊ ဂွန်ဒေါင်းများသည် ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးကို အကြောင်းပြလျက် နေ့ရောညပါ တာတမံပေါ်သို့ တက်ရောက်လျက်ရှိသည်။ အထူးသဖြင့် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးနှင့် သဘော်ဆိပ်အနီး ကုန်သည်လမ်းနှင့် ကမ်းနားလမ်းဆုံရာနေရာတွင်လည်းကောင်း၊ မသန်းကုန်းနှင့် နေဝင်းလမ်းဆုံနေရာတွင်လည်းကောင်း၊ ဗိုလ်ချုပ်နေဝင်းလမ်းအစ ရှေ့ဆောင်ဓမ္မာရုံအနီးတွင် လည်းကောင်း ယာဉ်များရပ်နားခြင်း၊ ကုန်တင်ကုန်ချပြုလုပ်ခြင်း၊ စည်းကမ်းမဲ့ မဆင်မခြင်မောင်းနှင်ခြင်းများကို ပြုလုပ်လျက်ရှိသည်။ ဤလုပ်ရပ်များကြောင့် မော်တော်ဆိုင်ကယ်၊ အနေးယာဉ်ဆိုက္ကား၊ လမ်းသွားလမ်းလာများနှင့် တိုက်ခိုက်မှုများ၊ လမ်းဘေး ဝဲ၊ ယာရှိ ခြံစည်းရိုးနှင့် လှေကားခုံများ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့နေကြရသည်။ (၆၉၇)

# ကျိုင်းတုံမြို့ရှိ နောင်တုံကန်အတွင်း ငါးများသေဆုံး

**ကျိုင်းတုံ  မတ်  ၂၉**

ကျိုင်းတုံမြို့၏ ကျက်သရေဆောင်အလှအပ နေရာတစ်ခုဖြစ်သော မြို့လယ်ရှိ နောင်တုံကန်တော်ကြီးတွင် ကန်အတွင်းရှိငါးများ သေဆုံးပြီး ရေပေါ်တွင် ဖွေးဖွေးလှုပ်ပေါလောပေါ်နေခဲ့ကြောင်း သိရသည်။

မတ် ၂၈ ရက် နံနက်ပိုင်းမှစ၍ ငါးအသေးများ စတင်တွေ့ရှိခဲ့ရပြီး ညနေ ၃ နာရီခန့်တွင် ငါးအကောင်လတ်များပါ သေဆုံး၍ရေပေါ်တွင် ပေါ်နေကြောင်းသိရသည်။ ယင်းငါးအသေများအား မသိနားမလည်သူတို့အား အခမဲ့ပေးဝေခြင်းနှင့် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချပေးမှုများလည်းရှိခဲ့ကြောင်း ကိုယ်တွေ့ကြုံခဲ့ရသူတစ်ဦးက ပြောပြသည်။

ယခုအချိန်သည် ရေပြင်အပူချိန်မြင့်တက်သော ရာသီဥတုဖြစ်ပြီး နောင်တုံကန်ရေသည် ရေသေဖြစ်ရာ ရေထွက်ပေါက်မရှိဘဲ ဝင်လာနေသောရေကလည်း မြို့အနှံ့က စွန့်ပစ်ရေဆိုးများဖြစ်နေသောကြောင့် ရေထုညစ်ညမ်းမှုကြောင့်ကလည်းဖြစ်နိုင်ကြောင်း ပုဂ္ဂလိကငါးကန်လုပ်ငန်းပိုင်ရှင်တစ်ဦးက ပြောပြခဲ့သည်။ မတ် ၂၉ ရက် နံနက်စောစောတွင် ငါးအကောင်ကြီးများပင် သေဆုံးနေသည်ကို တွေ့ရှိရပြီး ငါးအပုပ်နံ့များသည် နောင်တုံကန်အနီးဝန်းကျင်တွင် ပျံ့လွင့်လျက်ရှိကြောင်း သိရသည်။ (၅၁၃)


**သရဖူမြတ်နိုးသူ Travel & Tours Co.Ltd**

**VIP Class**

| | | |
|---|---|---|
| မန်း၊ မြင်ဦးလွင်၊ ကျောက်ဆည်၊ ပုဂံ (ရွှေတော်ဝင်ရှု) ပုပ္ပါး | Apr:13, | 150000 |
| မန်း၊ မြင်ဦးလွင်၊ ပုဂံ (ရွှေတော်လေးဆူ) ပုပ္ပါး | Apr:13, | 130000 |
| ရွှေစက်တော်၊ ပုဂံ (ရွှေတော်လေးဆူ) ပခုက္ကူ ပုပ္ပါး | Apr:12, | Full |
| [illegible] | Apr:14 | - 140000 |
| [illegible] | Apr:12, | - Full |
| [illegible] | Apr:13 | 170000 |
| [illegible] | Apr:12, | -Full |
| [illegible] | Apr:13 | - 180000 |
| [illegible] | Apr:13 | - Full |
| [illegible] | Apr:12,14 | - 160000 |
| [illegible] | Apr:13, | - 160000 |

**Upper Class**

| | | |
|---|---|---|
| မန်း၊ ပုဂံ (ရွှေတော်ဝင်ရှု) ကျောက်ဆည်၊ ပခုက္ကူ | Apr:12 | - Full |
| မန်း၊ မြင်ဦးလွင်၊ ပုဂံ (ရွှေတော်လေးဆူ) ပခုက္ကူ | Apr:12,13 | - 95000 |
| ရွှေစက်တော်၊ ပုဂံ၊ ပခုက္ကူ ပုပ္ပါး | Apr:12 | - Full |
| [illegible] | Apr:12,14 | - 110000 |
| [illegible] | Apr:13 | -Full |
| [illegible] | Apr:12 | - Full |

Star Hotel, Restaurant, New Model Air Coach, Special Services, ......
Ph: 01-551453, 09 5156297, 09 5014517, 09 5044489 ,09 450053758, 09 73162418 .


## မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဗိုလ်ကြီးအုံးကျော်(ငြိမ်း)၏ ၃၀-၃-၂၀၁၃ရက်တွင်ကျရောက်သော (၆၁)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သောဘဝလေးကို ပိုင်ဆိုင်ရရှိနိုင်ပါစေ။

| | |
|---|---|
| ချစ်ဇနီး | - ဒေါ်မူမူလွင် |
| ချစ်သားသမီးများ | - ကိုမင်းညွန့်-မထက်ထက်အောင်ကျော် |
| | - ကိုကျော်ဇောထွန်း၊ မဇင်ဇင်ယုကျော် |
| | - ဗိုလ်ကြီးဖြိုးဟိန်းကျော်-မခင်နွေးနွေးဖြိုး |
| ချစ်မြေးများ | - ဆုရတနာ **Primary III (ILBC)** |
| | သုတဖြိုး |
| | သဲရတနာ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၂)လမ်း၊ တိုက်အမှတ်(၁၇/၂၇)၊ ဒုတိယထပ်၊ အခန်းအမှတ် (၃/၄) အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှဝယ်ယူကာ အမည်ပေါက်ပိုင်ဆိုင်သူ ဦးလင်းဇာနည်ရွှေ [၁၄/မမက(နိုင်) ၁၃၅၁၆၁] ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအား ကျွန်ုပ်၏မိတ်ဆွေများမှ စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်ခွင့်မူရင်း အထောက်အထားများနှင့်တကွ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့ နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နေရည်လင်း
အထက်တန်းရှေ့နေ (စဉ်-၂၈၇၉၁)
**LL.B., D.I.L., D.B.L.,Dip in Global English**
အမှတ်(၁၇၉/၁၈၁)၊ ဒုတိယထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၇၃၉၇၊ ၀၉-၇၃၁၉၉၅၅၀


ဦးထွန်းဦး-ဒေါ်ဝင်းမာ ဦးစီးသော
**T.V (ရန်ကုန်)**
ပထမဦးဆုံး
အမျိုးသား/သမီး ကားမောင်းစက်ပြင်သင်တန်း
ဖုန်း-၀၉-၅၀၄၁၅၅၀၊ ၀၉-၄၂၀၆၆၉၅၊ ၀၉-၇၃၀၄၄၃၁၁၊ ၀၁-၂၃၁၀၇၊ ၀၁-၅၄၅၄၀၉၊ ၀၁-၂၀၅၃၀
ရက်တိုတိုဖြင့် နည်းစနစ်မှန်ကန်စွာ ကားမောင်းအမြန်တတ်လိုလျှင် T.V (ရန်ကုန်) ကားမောင်းသင်တန်းကိုသာ ဆက်သွယ်ကြည့်လိုက်ပါ။
မှတ်ချက် ။ ။ မိမိတို့ တက်ရောက်လိုသော သင်တန်းအချိန်များအား အဆင်အပြေဆုံးဖြစ်စေရန် ညှိနှိုင်းရွေးချယ် လေ့ကျင့်သင်ကြားနိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာများ - အမှတ်(၁၆)၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကားမောင်းသင်တန်း၊ ဝင်ပေါက်အရှေ့
(၂) ဗိုလ်မှူးဗထူးလမ်း၊ **U-9**အကွက်၊ မြောက်ဥက္ကလာ ယာဉ်မောင်းသင်တန်းကွင်းအတွင်း
(၃) မဆလာစက်မှတ်တိုင်၊ သိမ်ဖြူတင်းနစ်ကွင်းဘေး၊ ကားကက်ဆက်တန်းထိပ်။
(၄) အမှတ်(၉၉)၊ ဗညားဒလလမ်း၊ ၁၂၄ လမ်းမှတ်တိုင်အနီး



ကျော်
ရာထူးဝန်အဖွဲ့မှခေါ်သော ရာထူးဝင်ခွင့်
Ph:01-389370,09421042332,09420005131



Asia Top 0943164118, 0949764458, 098635520

| | |
|---|---|
| [illegible] 40000 | Mar 29 Apr 5,12 |
| [illegible] | 65000 |
| [illegible] | 65000 |
| [illegible] | 70000 |
| [illegible] | 70000 |
| [illegible] | 90000 |

## အထက်မြန်မာပြည်သတင်း

# ကျောက်ပန်းတောင်းမြို့နယ်၌ စက်ရေတွင်းများတူးဖော်

**ကျောက်ပန်းတောင်း မတ် ၂၉**

မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှားဒေသရှိ ကျေးရွာများတွင် သောက်သုံးရေခက်ခဲမှုမရှိစေရေးအတွက် ပူပြင်းခြောက်သွေ့သော နွေရာသီအမီ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့များ အစီအစဉ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန အစီအစဉ်ဖြင့်လည်းကောင်း၊ ဂျပ်ကာအဖွဲ့ အစီအစဉ်ဖြင့် လည်းကောင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ညောင်ကန်ဒေါင့်ကျေးရွာအုပ်စုအေးရွာတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် Soe &Sonsကုမ္ပဏီလီမိတက်မှ တာဝန်ယူ၍လေးလက်မစက်ရေတွင်း တစ်တွင်းတူးဖော်ပြီးစီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၁ မြို့နယ်၊ ကျေးရွာပေါင်း ၁၅ ရွာမှာ တူးဖော်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လမ်းညွှန်မှုနဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေရဲ့ အကူအညီကိုရယူပြီး လုပ်ငန်းအားလုံးကို သုံးလအတွင်း အပြီးဆောင်ရွက်သွားမှာပါ။ အပြီးဆိုတဲ့နေရာမှာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းတစ်ခုတည်းမဟုတ်ပါဘူး။ ဂါလန် ၅၀၀၀ ဆံ့ရေစုရေဝေကန်ပါမယ်၊ ရေတင်စက်၊ ပန့်စက်ပါမယ်။ အဲဒီစက်တွေထားဖို့ အဆောက်အအုံပါမယ်။ အားလုံးအပြည့်အစုံလုပ်ပေးသွားမှာပါ"ဟု Soe & Sons ကုမ္ပဏီမှ MD ဖြစ်သူ ဦးကိုကြီးကရှင်းပြသည်။

အေးရွာစက်ရေတွင်းကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်တူးဖော်ခဲ့ပြီး အနက်ပေ ၆၆၀ တွင် ရေကြောတွေ့ရှိ၍ မတ် ၂၆ ရက်တွင် ရေထုတ်ပိုက်နှင့် ပန့်ချခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ရေစုကန်တည်ဆောက်မှုမပြီးစီးခင် ကျေးရွာနေပြည်သူများ သောက်သုံးရေခက်ခဲမှု မရှိစေရေးအတွက် အချိန်သတ်မှတ်၍ ရေစက်မောင်းနှင့်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုနေ (ကျောက်ပန်းတောင်း)**

# ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

**မန္တလေး မတ် ၂၉**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၅ ရက်နံနက် ၈ နာရီတွင် မန္တလေး ချမ်းအေးသာစံမြို့နယ် (၃၁) လမ်း၊ လမ်း (၇၀) ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ရတနာပုံခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန် ဦးအောင်မောင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးဆွေက ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် မြွက်ကြားမည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး၏ မိန့်ခွန်းကို ဖတ်ကြားရာတွင် တီဘီရောဂါသည်လူများတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၆၀၀၀ နီးပါးကစပြီး ကူးစက်ပြန့်ပွားခဲ့ရာ တီဘီရောဂါဖြစ်စေသည့် တီဘီပိုးကို ၁၈၈၂ ခုနှစ် မတ် ၂၄ ရက်မှာ ဂျာမန်သိပ္ပံပညာရှင် ဒေါက်တာရောဘတ်ကော့ချ်က ပထမဦးဆုံးစတင်တွေ့ရှိသောကြောင့် မတ် ၂၄ ရက်ကို ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်ပြီး ၁၉၉၆ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံအပါအဝင်တစ်ကမ္ဘာလုံးမှာ ကျင်းပလာရာ ယနေ့ဆိုလျှင် (၁၈) ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်ဟု ပြောကြားသွားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တီဘီဆရာဝန်ကြီး ဒေါက်တာစောသိန်းက ပြောကြားရာတွင် တီဘီရောဂါဟာ Mycobacterium tuberculosis ဟု ခေါ်သော အလွန်သေးငယ်သည့် bacterium ပိုးကြောင့်ဖြစ်ပြီး မျိုးရိုးလိုက်သောရောဂါမဟုတ်ဘဲ ကူးစက်ရောဂါတစ်မျိုးဖြစ်ကြောင်း၊ လူ့ခန္ဓာကိုယ်နေရာအနှံ့အပြားတွင် တီဘီဖြစ်နိုင်သော်လည်း ၇၅ ရာခိုင်နှုန်းသည် အဆုတ်တီဘီဖြစ်ပြီး ပြည်သူအတွင်းရောဂါကူးစက်မှု အများဆုံးပေးနိုင်သောကြောင့် ရက်သတ္တနှစ်ပတ်ကျော်ချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း၊ သလိပ်တွင်သွေးပါခြင်း၊ တဖြည်းဖြည်းပိန်ချုံးလာခြင်း၊ ကြောရင်အောင့်ခြင်း၊ ကိုယ်ပူချိန်တက်ခြင်း၊ ညဘက်ချွေးထွက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ မလှုပ်ချင်မကိုင်ချင်ဖြစ်ခြင်းများဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနတို့တွင် အမြန်ဆုံးလာရောက်ပြသရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွင် အောင်မြင်စွာဆောင်ရွက်ခဲ့သော ချမ်းမြသာစည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်တို့အား ဆုများချီးမြှင့်ပြီး ဝန်ကြီးနှင့်ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများနှင့်တာဝန်ရှိသူများက ပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ကျော်ထူး)**

# ပြည်ပစားတော်ပဲတင်သွင်းမှုနည်းပါး၍ ပြည်တွင်းဈေးမြင့်တက်

**ပခုက္ကူ မတ် ၂၉**

ဧရာဝတီမြစ်အနောက်ဘက်ကမ်း မြို့တော်ဖြစ်လာသည့် ပခုက္ကူမြို့သို့ ယောနယ်ဒေသမှ စားတော်ပဲများ သကြံန်မတိုင်ခင် ဝင်ရောက်လာကြောင်းသိရသည်။ မတ်လအတွင်း ဝင်ရောက်ခဲ့သော စားတော်ပဲဈေးသည် ယခင်နှစ်ဈေးထက်ပို၍ ဝယ်ယူနေရကြောင်း ပွဲစားတစ်ဦးက ပြောသည်။ "ခါတိုင်းနှစ်တွေမှာ စားတော်ပဲ တစ်တင်းကျပ် ၁၆၀၀၀ ဝန်းကျင်ပဲ၊ မနှစ်က ကျပ် ၂၃၀၀၀ ဈေးရှိခဲ့တယ်။ ဒီနှစ်၂၃၅၀၀၊ ၂၄၀၀၀ နှုန်းနဲ့ဝယ်နေရတယ်"ဟုပွဲစားကြီး တစ်ဦးကပခုက္ကူယောဒေသထွက် စားတော်ပဲဈေးကွက်ကိုပြောသည်။ ပခုက္ကူမြို့သို့ ထီးလင်း-ကလေး-ဂန့်ဂေါနယ်မှ စားတော်ပဲများသည် ဈေးနှုန်းမြင့်သောကြောင့် ပြည်တွင်းစားသုံးသူများမှာ ဈေးချိုသော တရုတ်၊ ကနေဒါစားတော်ပဲကို အသုံးများသည်ဟု သိရှိရသည်။ ပြည်ပ စားတော်ပဲမှာ နူးလွယ်၍ပြုတ်ရလွယ်ခြင်း၊ အလုံးကြီးခြင်းတို့ကြောင့် လက်ဖက်ရည်ဆိုင်များက အသုံးများကြသည်။ ဂန့်ဂေါ-ကလေး စားတော်ပဲများထက် ထီးလင်းနယ်စားတော်ပဲသည် အကောင်းဆုံးအရသာအရှိဆုံးဖြစ်သော်လည်း အလုံးသေးခြင်း၊ ပြုတ်ရမလွယ်ကူခြင်းကြောင့် အသုံးနည်းကြောင်းသိရသည်။ "ဒီနှစ်မှာ နိုင်ငံတော်က ပြည်ပစားတော်ပဲတွေ တင်သွင်းတာ နည်းသွားတယ်။ ပြည်တွင်းစားတော်ပဲကို အဓိကအားထားရောင်းဝယ်လို့ဈေးကောင်းတာလည်းပါတယ်။ ပြည်ပစားတော်ပဲဈေးက တစ်တင်း ကျပ် ၂၀၀၀၀ ဝန်းကျင်ပဲရှိတယ်" ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။ ပခုက္ကူပဲမျိုးစုံဈေးကွက်သို့ တစ်ရာသီလျှင် စားတော်ပဲတင်းပေါင်း နှစ်သိန်းဝန်းကျင်ဝင်ရောက်ကြောင်း သိရသည်။

**(နေဦးမောင်-ပခုက္ကူ)**

**မီးမလောင်ခင် သတိယူဉ် ကြိုတင်ကာကွယ်ပါ**

# ဘိုးဘွားများ စောင့်ရှောက်ရန် အကြင်နာလက်များဖွဲ့ပြီ

**မန္တလေး မတ် ၂၉**

မန္တလေးတိုင်းချမ်းမြသာစည်မြို့နယ် တမ္ပဝတီ ရွှေစံကိုင်ရပ်ရှိ ချမ်းမြသုခပရဟိတ လူမှုကူညီရေးအသင်းမှ အကြင်နာလက်များ ဂီလာနသက်ကြီးစောင့်ရှောက်ရေးအမည်ဖြင့် ပြုစုမည့်သူမရှိသော ဂီလာနဘိုးဘွားများအား အနီးကပ် ပြုစုစောင့်ရှောက်ရန် ဖွဲ့စည်းလျက်မတ် ၁ ရက်မှ စတင်ကာ ဘိုးဘွားများအား အသင်းရုံးတွင် ခေါ်ယူစောင့်ရှောက်နေပြီဖြစ်ကြောင်း အသင်းအတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

"အသင်းက လစဉ် မှီခိုမဲ့ဘိုးဘွား ၂၀၂ ဦးကိုအိမ်တိုင်ရာရောက် စောင့်ရှောက်ရေး ဆောင်ရွက်နေရင်း ပြုစုမယ့်သူမရှိတဲ့ ဂီလာနအဘိုး တစ်ဦး၊ အဘွားတစ်ဦးကို အနီးကပ်စောင့်ရှောက်နိုင်ဖို့ အသင်းရုံးမှာ ခေါ်ယူစောင့်ရှောက်နေပြီဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အကြင်နာလက်များဂီလာနသက်ကြီးစောင့်ရှောက်ရေးအဖွဲ့သည် အမရပူရမြို့နယ် အောင်မင်္ဂလာအေးကျောင်း စေတီပရိဝုဏ်အတွင်းရှိ ဇရပ်တွင်နေထိုင်သူ အသက် (၇၄)နှစ်ရှိ လေဖြတ်ဝေဒနာရှင် အဘိုးဦးထွန်းအောင်အား အမရပူရမြို့နယ် ဆေးရုံပေါ်မှ မတ် ၁ ရက်တွင် ပိုးချဲ့ဖြင့်ခေါ်ဆောင်ခဲ့ပြီး မန္တလေးမြို့ ကျောက်ဆစ်တန်းမှ အဘွား ဒေါ်စိုး အသက် (၈၁)နှစ်မှာ ဆိုင်ကယ်တိုက်မှုကြောင့် ပေါင်ကျိုးကာ စတီးချောင်းထည့်ထားရသူတို့အား ခေါ်ယူစောင့်ရှောက်ထားရှိကြောင်း သိရသည်။ **(ကျော်မင်းသော်)**

# ကျောက်ပန်းတောင်းတွင် အကျွတ်အလွတ်ဒါနပြုအမျှဝေပွဲ ကျင်းပ

**ကျောက်ပန်းတောင်း မတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် မြို့နယ်လုံးဆိုင်ရာ လူမှုကူညီရေးအသင်းများနှင့် အလှူရှင်စေတနာရှင်များ စုပေါင်း၍ ဒုတိယအကြိမ်မြောက် အကျွတ်အလွတ်ဒါနပြု အမျှဝေပွဲကြီးကို ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၇၊ ၈ ရက် (ဧပြီ ၂၊ ၃ )ရက်များတွင် ကျောက်ပန်းတောင်းမြို့အမှတ် (၁) သုသာန်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အကျွတ်အလွတ်အမျှပေးဝေပွဲတွင် ဓမ္မဒါနအကြိုတရားပွဲအဖြစ် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော် အရှင်ဥတ္တမ (သာသနဓဇဓမ္မာစရိယ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဧပြီ ၂ ရက် ည ၇ နာရီခွဲတွင် အမှတ် (၁)သုသာန်၌ ဟောကြားချီးမြှင့်မည်ဖြစ်ပြီး ည ၁၁ နာရီတွင် မကျွတ်မလွတ်ကြသေးသည့် ဘဝတစ်ပါးမှ ပြိတ္တာများအား အစားအစာများဖြင့် ကျွေးမွေးမည်ဖြစ်ကြောင်းနှင့် ဧပြီ ၃ ရက် နံနက် ၈ နာရီတွင် ဆရာတော် သံဃာတော်များအား ပင့်ဖိတ်၍ လှူဖွယ်ဝတ္ထုအစုစုတို့ကို ကွယ်လွန်အနိစ္စရောက်ပြီးကြသူများကိုယ်စား ကုသိုလ်ပြုလှူဒါန်းကြပြီး ရေစက်ချ တရားနာကြားကာ အမျှပေးဝေကြမည်ဖြစ်ကြောင်း သိရသည်။

**(၆၂၈)**

# ရေနွေးငွေ့ဖြင့်မောင်းသော လမ်းကြိတ်စက်ကြီး

**မကွေး မတ် ၂၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့ လွတ်လပ်ရေးကျောက်တိုင်ပန်းခြံနှင့် ကလေးကစားကွင်းထဲ၌ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရှေးဟောင်းလမ်းကြိတ်စက်ကြီးတစ်ခုအား သမိုင်းဝင်ပစ္စည်းတစ်ခုအဖြစ် ထိန်းသိမ်းပြသထားသည်ကို တွေ့ရသည်။**(ဝဲပုံ)**

ယင်း လမ်းကြိတ်စက် သက်တမ်းမှာ နှစ် ၁၀၀ ကျော်ခန့်ဟု ခန့်မှန်းကြသည်။ ကျောက်မီးသွေးကို အသုံးပြု၍ ရေနွေးငွေ့ဖြင့် မောင်းရသောရှေးဟောင်းပစ္စည်းတစ်ခုဖြစ်သည်။ လမ်းကြိတ်စက်ကြီး၏ အတွင်း၌ မထင်မရှားစာများတွေ့ရသည်။

ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေရန် တီထွင်သူများ၏ကြိုးပမ်းခဲ့ရသောသမိုင်း ပုံရိပ်ကို မီးမောင်းထိုးပြလျက်ရှိပါသည်။

**မကွေး-လှမြင့်**

# ဂျုံစေ့တန် ၃၀၀ ပြည်တွင်းသို့ဝင်ရောက်

**ရန်ကုန် မတ် ၂၉**

မြန်မာ- အိန္ဒိယ -တမူး နယ်စပ်ကုန်သွယ်ရေးစခန်းမှ မတ် ၆ ရက်မှ ၁၂ ရက်အထိ ဂျုံစေ့တန် ၃၀၀ ကျော်နှင့် ဂျုံမှုန့် ၁၈ တန် တင်သွင်းလာကြောင်း သိရသည်။ ဂျုံစေ့ဈေးများမှာ မုံရွာမြို့ဘက်၌ ၅၀ ကီလိုဂရမ်ဝင်တစ်အိတ်ကျပ် ၁၅၇၅၀ ဈေးပေါက်ပြီး အိန္ဒိယနိုင်ငံဘက်တွင် တစ်ကီလိုဂရမ်လျှင် ၁၆ ရူပီးဈေးရှိကြောင်း သိရသည်။

ဂျုံစေ့ တစ်ကီလိုဂရမ်ကို ယခင်က ၁၇ ရူပီးမှ ယခု ၁၆ ရူပီးဖြစ်သောကြောင့် လည်းကောင်း၊ ပြည်တွင်းအဝယ်ရှိခြင်းကြောင့် လည်းကောင်း တင်သွင်းမှုပိုမိုရခြင်းဖြစ်ကြောင်း သိရသည်။ ယခင်အပတ်ကထက် ဂျုံစေ့တန် ၁၀၀ နီးပါးနှင့် ဂျုံမှုန့် ၁၀ တန်ခန့်ပိုမိုတင်သွင်းလာကြောင်း ဂွာလတီးဒေသထွက် ဂျုံမှုန့်များကို တမူးနယ်စပ်မှ တစ်ဆင့် တင်သွင်းလျက်ရှိပြီး ဒေသခံပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် ဒေသသုံးအတွက် ရည်ရွယ်ပြီး တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။ Shree Brand /OM Brand နှင့် Cross Brand စသည့်တံဆိပ်သုံးမျိုးဖြင့် ပြည်တွင်းသို့ ဂျုံမှုန့်များဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ရိုးရာဓလေ့နွားလှည်းမောင်းပြိုင်ပွဲ ကျင်းပပြီးစီး

**ကလေး မတ် ၂၉**

ကလေးမြို့နယ် ကျောင်းတိုက်စံပြကျေးရွာ အသံမစဲမဟာပဋ္ဌာန်းအောင်ပွဲနှင့် သီတာအေးဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် တတိယအကြိမ်မြောက် ရိုးရာဓလေ့နွားလှည်းယဉ်ကြော့၊ ဒုံးမောင်း၊ လက်ကိုင်ကြိုးကြော့ ပြိုင်ပွဲများကို ကျောင်းတိုက်စံပြကျေးရွာအဝင်လမ်းမဘေး လယ်ကွင်းပြင်၌ မတ် ၂၂ ရက်တွင် စတင်ကျင်းပကာ မတ် ၂၅ ရက်တွင် ပြိုင်ပွဲပြီးခဲ့သည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲသည် ရိုးရာယဉ်ကျေးမှုဓလေ့ထိန်းသိမ်းခြင်း၊ ဒေသတွင်းရှိ နွားကောင်းများ ဘေးသို့ထွက်မသွားရေးကို ရည်ရွယ်လျက် ကျင်းပခြင်းဖြစ်သည်။ ယခင်က နွားလှည်း ရှစ်စီးဖြင့်စတင်ခဲ့ကာ ယခုပြိုင်ပွဲတွင် နွားလှည်း ၁၆ စီး ပြိုင်ပွဲဝင်ခဲ့ကြသည်။ ပြိုင်ပွဲကာလသည် လေးရက်ကြာမြင့်ပြီး ပြိုင်ပွဲဝင်များအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုအပါအဝင် ဆုလေးမျိုးဖြင့် ဒိုင်အဖွဲ့တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ဂျူနိုင်း)**

# ပြည်မြို့တွင် ဝင်ငွေခွန် (ငါးရာခိုင်နှုန်း) ကောက်ခံရငွေလွှဲပြောင်းပေးအပ်

**ပြည် မတ် ၂၉**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ပြည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း ဝင်ငွေခွန်ကဏ္ဍ ပုဂ္ဂိုလ်တစ်ဦးချင်း ကောက်ခံရရှိငွေ၏ (ငါးရာခိုင်နှုန်း)ကို ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အတွက် လွှဲပြောင်းပေးအပ်သည့်အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၁၁ နာရီတွင် ပြည်မြို့စည်ပင်သာယာရေးအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်း အခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှမြင့်က စည်ပင်သာယာရေးအဖွဲ့အတွက် ဝင်ငွေခွန် (ငါးရာခိုင်နှုန်း) ကောက်ခံရငွေဖြစ်သည့် ၆၁၂၃၉၉၄ကျပ်အား ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(၄၉၇)**

# ယူရီးယားဓာတ်မြေဩဇာ ထုတ်ယူခွင့်ပါမစ် နေ့ချင်းပြီးဆောင်ရွက်

**ရန်ကုန် မတ် ၂၉**

ယူရီးယားဓာတ်မြေဩဇာဝယ်ယူခွင့်ရရှိသူများကို ငွေရပြေစာနှင့်အတူ ကိုယ်စားလှယ်မှန်ကန်မှုရှိ/မရှိ စစ်ဆေးထုတ်ယူခွင့်ပါမစ် နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းကို စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကုန်ထုတ်ဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ယူရီးယားဓာတ်မြေဩဇာ ထုတ်ယူခွင့်ရရှိသူများသည် သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲမှ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ငွေစာရင်းအား တိုက်ရိုက်ငွေသွင်းမည်ဆိုပါက သက်ဆိုင်ရာသို့ လူကိုယ်တိုင်လာရောက်ရန်မလိုဘဲ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့စီးပွားရေးဘဏ်ခွဲ သက်ဆိုင်ရာမြို့မှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)သို့ မြန်မာ့ရေနံဓာတုအမည်ဖြင့် ငွေလွှဲပြီး Fax နှင့် အကြောင်းကြားပေးရမည်ဖြစ်ပြီး Fax နှင့် ငွေလွှဲပြီးပါက ဘဏ်မှထုတ်ပေးသည့် သက်ဆိုင်ရာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ငွေရချလန် အပြာရောင်စာရွက်နှင့် ငွေပေးသွင်းသူက ငွေပေးသွင်းပြီးကြောင်းရေးသားထားသည့် စာအားမြန်မာ့ရေနံဓာတုလုပ်ငန်း ကုန်ထုတ်သို့ Fax ပို့ပေးရမည်ဖြစ်ကြောင်းသိရသည်။ ငွေပေးသွင်းပြီးပါက စက်ရုံတွင် ထုတ်ယူမည့် ကိုယ်စားလှယ်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖော်ပြပါဝင်သည့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရ၏ထောက်ခံသည့်ကိုယ်စားလှယ်လွှဲစာအား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ထုတ်ကုန်သို့ Fax ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# သမိုင်းဝင်သားတော်ရဘုရားပွဲစည်ကား

**ရေတာရှည် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရမြို့ရှိ သမိုင်းဝင်သားတော်ရဘုရား ဗုဒ္ဓပူဇနိယပူဇော်ပွဲကို တပေါင်းလဆန်း ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တိုင် စည်ကားစွာကျင်းပခဲ့သည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်တွင် လှေလှော်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများပါဝင်ပြီး ညစဉ်ဇာတ်ပွဲများ၊ ၁၂ ပွဲဈေးသည်များအပြင် ရပ်ဝေးရပ်နီးမှလာရောက်ကြသူများဖြင့် စည်ကားသည်ကို တွေ့ရှိခဲ့သည်။

**(၅၇၈)**

# လှိုင်သာယာ၌ အမှိုက်ပုံးများချထား

**ရန်ကုန် မတ် ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စည်ပင်သာယာ(သန့်ရှင်းရေး)ဌာနမှ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ လုပ်သားပြည်သူများမှ စွန့်ပစ်သော စားကြွင်းစားကျန်များ၊ မီးဖိုချောင်ထွက်အမှိုက်များကို စနစ်တကျ စွန့်ပစ်နိုင်စေရန် ၆၆၀ လီတာ၊ ၂၄၀ လီတာဆံ့ အမှိုက်ပုံးကြီးများအား ချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။**(အပေါ်ပုံ)**

**မင်းထက်ပိုင်(လှိုင်သာယာ)**

## စီးပွားရေးတက္ကသိုလ် ၁၉၉၄-၉၅ ဘွဲ့ရများအသင်း၏ (၂၉)ကြိမ်မြောက် ပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲ ဖိတ်ကြားခြင်း

| | | |
|---|---|---|
| ဟောပြောမည့်ပုဂ္ဂိုလ် | - | ရဲမြင့် (စွန့်ဦးတီထွင်) |
| ဟောပြောမည့်အကြောင်းအရာ | - | Entrepreneurial Idea for Youth "လူငယ်များအတွက် စီးပွားရေးအတွေးအခေါ်" |
| နေ့ရက်၊ အချိန် | - | ၃၁-၃-၂၀၁၃ ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီ |
| နေရာ | - | လင်းရောင်နီခန်းမ အမှတ်(၄/၆/၁၉၅၄)၊တပင်ရွှေထီးလမ်းသွယ်(၁) တပင်ရွှေထီးတာဝါအနီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရန် | - | ဖုန်း-၀၉-၅၁၀၄၆၇၅၊ ၀၉-၄၂၃၆၇၄၂၂၄၊ ၀၉-၅၀၁၁၄၄၃ |

## ပင်မဗုဒ္ဓဝါဒီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်

(၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်အထူးတရားစခန်းပွဲကို ၁၀-၄-၂၀၁၃ ရက် ညနေမှစ၍ ၁၇-၄-၂၀၁၃ ရက် နှစ်ဆန်း ၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**

## လက်ထပ်ပြီးစီးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ ဦး...+ဒေါ်မြင့်မြင့်ခင်တို့၏သား
မောင်ဇော်နောင်စိုး
နှင့်
...တိုင်းဒေသကြီး၊ ...မြို့နေဦး...+ဒေါ်...တို့၏သမီး
မအိမ်မြခန့်
တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်ဖြင့် ၂၅၊ ၃၊ ၂၀၁၃ နေ့တွင် လက်ထပ်ထိမ်းမြားပြီးစီးပါကြောင်း။
မောင်ဇော်နောင်စိုး+မအိမ်မြခန့်

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၃-၂၀၁၃ ရက် ကြေးမုံသတင်းစာ စာ(၁၉)ပါ ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာမှ တရားနိုင် ဦးအောင်ကို၏ ကြော်ငြာစာတွင် (၁၃၇၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်အား တပေါင်းလပြည့်ကျော် ၇ ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်တွင်းဂြိုဟ်တု ဆက်သွယ်ရေးစနစ်တွင် လက်ရှိဝန်ဆောင်မှုပေးနေသော Ipstar System ၌ အသုံးပြုရန် Extended C-Band အတွက် Bandwidth (80 MHz)နှင့် လက်ရှိဝန်ဆောင်မှုပေးနေသော VSAT စနစ်တွင် အသုံးပြုရန် Standard C-Band အတွက် Bandwidth (10 MHz)တို့အား နိုင်ငံခြားငွေဖြင့် ပေးချေငှားရမ်းလိုပါသည်။

၂။ တင်ဒါပုံစံများအား ပြည်ပ ဆက်သွယ်ရေးရုံးချုပ်၊ (၈)မိုင်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် ၂၈-၃-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာများအား ၁၁-၄-၂၀၁၃ ရက် ညနေ ၁၆း၃၀ နာရီမတိုင်မီ တင်သွင်းရပါမည်။

၃။ ဈေးနှုန်းတင်ပြလွှာများကို ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်၍ တင်ပြရပါမည်။

၄။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း(ဖုန်း-၀၁-၆၅၀၁၁၈)သို့ စုံစမ်းနိုင်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## တိုက်နှင့်ခြံရောင်းမည်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကန်တော်ကြီး တော်ဝင်ကေတုမတီဟိုတယ်အနီး လက်ခြောက်ဘက်နတ်စင်လမ်းတွင် ဘိုးဘွားပိုင်မြေ ခြံအကျယ်မျက်နှာစာ(၆၂ ပေ × အလျား ၁၂၅ပေ)ပေါ်တွင် ပေ(၃၂ × ၄၅) အဆင့်မြင့်ပြင်ဆင်ထားသော တစ်ထပ်တိုက်အသစ် နှစ်ယောက်အိပ်ခန်း(၂)ခန်း အဲယားကွန်းတပ်ဆင်ပြီး ဧည့်ခန်း၊ ဘုရားခန်း ကြွေပြားခင်းပြီး၊ ဧည့်ခန်းနှင့် အိပ်ခန်း(၂)ခန်းတွင် မျက်နှာကြက်အလှဆင် ဂျပ်ဆင်ဘုတ်နှင့် မီးဆိုင်းအလှများ၊ အဆင့်မြင့် ခန်းစီးလိုက်ကာများ ပြတင်းပေါက်တိုင်း စတီးသံပန်းများ၊ ရေချိုးခန်း ရေပူ ရေအေး၊ သီးခြား ဘိုထိုင်အိမ်သာ တစ်လုံး၊ ရိုးရိုး အိမ်သာတစ်လုံး၊ ခြံပတ်လည် အုတ်တံတိုင်းခတ်ပြီး၊ ကားဝင်ပေါက် စတီးထိုးတံခါးမကြီးနှင့် လူဝင်ပေါက်စတီးတံခါး၊ ခြံရှေ့မျက်နှာစာ အုတ်တံတိုင်းစတီးတိုင်များနှင့် အလှဆင်ထားသည့် တိုက်အသစ် အသင့်တက်နေနိုင်ပါသည်။

ညှိနှိုင်းဈေးနှုန်းဖြင့်ရောင်းမည်။

**ဖုန်း-၀၉၄၃၀၁၈၂၅၇၊ ၀၉၄၃၁၁၈၇၉**

အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

ခြေစုံရပ်လျက်ပင် သူက မတုန်မလှုပ် ရပ်နေ၏။

“ရပ်ပဲနေတော့မလား၊ ထိုင်ပါဦး မောင်”

မောင် . . . သည်အသံကို မကြားရသည်မှာ ကြာခဲ့ပြီ။ နားမှာချိုပေမယ့် ရင်မှာက ထူးခြားစွာဆွေးမြည့်နာကျင်၏။

သူက ဖြည်းညင်းစွာဖြင့် စင်သီယာနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။

မျက်ရည်ဝဲလျက်ကပင် စင်သီယာက သူ့ကို ပြုံးပြုံးလေး ကြည့်နေ၏။

“မောင့်ဘဝကလည်း ရုန်းရတုန်း၊ ကန်ရတုန်းပဲ ဟုတ်လား မောင်”

သူက နှုတ်ဖြင့်မဖြေဘဲ ခေါင်းညိတ်ပြ၏။

“စင်သီယာတို့ ကွဲသွားကြတာ ငါးနှစ်ရှိပြီနော်”

ဒါကိုလည်း သူက ခေါင်းညိတ်ပြ၏။

“ဘယ်လိုလဲ စင်သီယာ့ကို စကားမပြောတော့ဘူးလား”

သည်တော့မှ သူက လှုပ်ရှားမိ၏။

“ခွင့်လွှတ်ပါ စင်သီယာ၊ ကိုယ် ရုတ်တရက်ဆိုတော့ ဘယ်လိုစကားပြောရမှန်း မသိဘူး”

“စကားပြောလို့ မရတာလား၊ စင်သီယာ့ကို စကားမပြောချင်တော့တာလား”

“ဒီလိုတော့ မပြောပါနဲ့ စင်သီယာ၊ ကိုယ်တို့ကြားမှာ စိတ်နာစရာဟာ မရှိခဲ့ပါဘူး”

“တကယ်ပြောတာလား မောင်၊ ကွဲသွားကြပြီး မောင့်ဆီကို စင်သီယာ စာလေးတစ်စောင်တောင်မှ မထည့်ခဲ့တာ စိတ်မနာဘူးလား”

“ကွဲသွားကြပြီး ဘာကြာသလဲ စင်သီယာ၊ တိုင်းပြည်ကြီးက သောင်းကျန်းမှုတွေနဲ့ ကမောက်ကမဖြစ်၊ ပုသိမ်မြို့ပေါ်မှာတင် တိုက်ပွဲတွေက ဖြစ်လို့၊ ကိုယ်လည်း ဟိုပြေးဒီပြေးနဲ့ဥစ္စာ”

“ထားပါတော့လေ၊ အဲဒီမတိုင်ခင် အချိန်တော့ကောင်းနေပါသေးတယ်၊ စင်သီယာ တမင် စာမထည့်ခဲ့တာ”

သူက မဖြေ။

“စင်သီယာ အမှန်ကို ဝန်ခံမယ်၊ မောင့်ကို စင်သီယာ နည်းနည်းတော့ စိတ်နာသွားတယ်၊ ပထမတော့ တစ်မျိုးပေါ့လေ၊ နောက် စေ့စေ့တွေးတော့ ဘာပဲပြောပြော မောင် စင်သီယာ့ကို ချစ်တယ်ဆိုတာ စင်သီယာက မောင့်ကို ချစ် တာကို မမီဘူး၊ အဲဒီတော့ စင်သီယာ စိတ်နာတယ်၊ မောင့် ကိုလဲစိတ်နာတယ်၊ မောင့်ကိုထက် ချစ်တယ်ဆိုတာကို စိတ် နာတယ်၊ စင်သီယာ ပြောတာကို နားလည်ရဲ့လား”

“နားလည်ပါတယ် စင်သီယာ၊ စင်သီယာ့ကို ကိုယ် အပြစ်လည်းမတင်ပါဘူး”

“ဒီစကားကို ကြားရလို့ မောင့်ကို ကျေးဇူးတင်ပါတယ်၊ အဲဒီအချိန်ကစပြီး ဖြစ်ခဲ့တာမှန်သမျှကို စင်သီယာ အကုန်မေ့ပစ်လိုက်တယ်၊ ဘဝမှာ ပျော်ပျော်ပဲ နေပစ်လိုက်မယ်၊ အဲဒါကိုလည်း မောင်ခွင့်လွှတ်နိုင်မယ်လို့ ထင်ပါတယ် နော်”

“ဘာကြောင့် ဒါတွေကို ပြောနေရသလဲ စင်သီယာ၊ စင်သီယာ မှတ်မိသေးလား၊ ဘာတွေဖြစ်လာဖြစ်လာ ကိုယ် အပြစ်မတင်ဘူးလို့၊ စင်သီယာ့ကို ကိုယ်မချုပ်ချယ်ဘူး၊ စတည်းက ကိုယ်ဟာ အဆိုးဆုံးအတွက် ပြင်ဆင်ထားတဲ့ လူပါ”

“ဒါကို စင်သီယာယုံတယ်၊ ယုံလို့လည်း မမျှော်လင့်ဘဲ မောင့်ကို ဒီညတွေ့တော့ စင်သီယာ့ ဝတ္တရားတစ်ခုကို စင်သီယာ သတိရလာတယ်၊ အဲဒါပြောချင်လို့ အခုတွေ့ရတာ”

“ဘာများလဲ စင်သီယာ”

“စင်သီယာ မှတ်မိသေးလားလို့ ခုနင်က မောင်က မေးခဲ့တယ်၊ စင်သီယာ မှတ်မိတာပေါ့၊ မောင်ပြောခဲ့တယ်လေ၊ မျှော်လင့်ချက်နဲ့ လူလုပ်လာရတဲ့ ဘဝမို့ မောင့်ဘက်က မျှော်လင့်ချက်ကိုတော့ မစွန့်ဘူး ဆိုတာလေ၊ ဒီည စင်သီယာ ပြောချင်တာက မဖြစ်နိုင်တော့တဲ့ အဲဒီ မျှော်လင့်ချက်ကိုလည်း စွန့်လိုက်ပါတော့လို့၊ စင်သီယာနဲ့ ဖြစ်ခဲ့တာတွေရဲ့ အရိပ်မိုးမခံဘဲ မောင့်ဘဝမောင် ဖြောင့်ဖြောင့် ဆက်သွားတော့လို့”

စင်သီယာ့ ဆိုလိုချက်ကို သူက သဘောပေါက်သွား၏။ သဘောပေါက်ပြန်တော့ အဆိုးဆုံးအတွက် ပြင်ဆင်ထားလျက်က ရင်မှာ နင့်ဖြစ်အောင် နင့်မိသည်။

အတန်ကြာလေး ငိုင်စဉ်းစားပြီးမှ စကားကို တစ်လုံးချင်း ပြောမိ၏။

“အခုလို ပွင့်ပွင့်လင်းလင်းပြောလို့ စင်သီယာ့ကို ကျေးဇူးတင်မိပါတယ်၊ ရှေးတုန်းကသုံးတဲ့ စကားတစ်ခုရှိတယ်၊ လွမ်းတာကို နာတာနဲ့ဆို့တဲ့၊ ကိုယ့်အတွက်တော့ အဲဒီလိုဆို့ဖို့ နာတာဟာ မရှိပါဘူး စင်သီယာ၊ လွမ်းတာတော့ရှိတယ်လေ၊ ရှိနေဦးမှာပေါ့၊ ကိုယ်တို့ငယ်ငယ်က ရေကြည်ရေနောက် ဥပမာကိုပဲ ပြန်ပေးမယ်၊ ရေကြည်ကလည်း ရှိနေတယ်၊ ရေနောက်ကလည်း ရှိနေတယ်၊ အရှိတွေကတော့ အရှိတွေပါပဲ စင်သီယာ၊ ငြင်းပယ်လို့ မရဘူး၊ ဒါပေမယ့် သူတို့ မရောကြဘူး၊ ကိုယ့်ရင်မှာလည်း ဒီအတိုင်းပဲ ရှိပါစေ၊ လွမ်းတဲ့ရေနောက်ကတော့ ရှိနေမှာပဲ၊ ဒီလိုပဲ ကိုယ့်မေတ္တာ စင်သီယာ့မေတ္တာဆိုတဲ့ ရေကြည်လည်းရှိနေပါတယ်၊ ရေနောက်ကိုမြင်ပေမယ့် ကိုယ်ရေကြည်ကိုပဲ ကြည့်ဖြေပါ့မယ် စင်သီယာ”

စင်သီယာက သူ့ကို ငေးစိုက်ကြည့်နေ၏။ မျက်နှာလေးမှာက အပြုံးနှင့် အမဲ့ရောနေသည်။ မျက်လုံးများဆီမှ မျက်ရည်များကမူ လျှံကျနေ၏။

စင်သီယာသည် နေရာမှ ဆတ်ခနဲ ထလိုက်၏။

“ဒီစကားကြားရလို့ စင်သီယာ ဝမ်းသာပါတယ်၊ ဩော် . . . ဒါထက် မောင့်မေမေကော ကျန်းမာရဲ့လား”

သူ့နှုတ်က မဆိုစလောက်လေး ဆိုင်းသွားသည်။ သူ လိမ်ရတော့မည်။

“ကျန်းမာပါတယ် စင်သီယာ၊ ကိုယ့်အမေဟာ ကျန်းမာချမ်းသာစွာ ရှိနေပါတယ်”

အမှန်ကတော့ အမေ မရှိတော့ပြီ။ ပုသိမ်မြေမှာ အမေ့ကို မြှုပ်နှံသင်္ဂြိုဟ်၍ သားတစ်ယောက်၏ နောက်ဆုံးဝတ္တရားကို ပြုခဲ့သည်မှာ လပိုင်းသာရှိသေးသည်။

“ဝမ်းသာပါတယ် မောင်၊ စင်သီယာလည်း မိုက်တုန်းက မိုက်ခဲ့ပေမယ့် မကြာခင်မှာ စင်သီယာ့မိဘ စိတ်ချမ်းသာမယ့်ကိစ္စကို စင်သီယာ လုပ်ပေးနိုင်တော့မယ်၊ မောင်လည်း ဝမ်းသာရစ်ပါ၊ သွားပြီ မောင်”

အခန်းတွင်းမှ စင်သီယာ ထွက်သွားသည်။

ကျန်ရစ်သော သူ့ရင်မှာ ဝမ်းသာမှုနှင့် ဝမ်းနည်းမှုတို့ ရောယှက်နေသည်။

ကိုယ့်တုန်းက ကိုယ့်မိခင် စိတ်ချမ်းသာမှုကို ဦးစားပေးလုပ်ခဲ့သည်။ ယခု နောက်ဆုံးစကားအရ စင်သီယာသည် သူ့မိဘစိတ်ချမ်းသာမှုကို လုပ်တော့မည်ဟု သိရသည်။

သည်အတွက်တော့ ဝမ်းသာမိပါသည်။

တစ်ပြိုင်နက်မှာပင် ဆွဲထားသော ကောက်ရိုးမျှင်လေးတစ်စ ရေမှာမြုပ်လိုက်ပြီကို နားလည်မိသည်။

အဲသည်အတွက်တော့ ဝမ်းနည်းရသည်။

ဩော် . . . ရေကြည်နှင့် ရေနောက်၊ မရောလေသော ရေကြည်နှင့် ရေနောက်။

မွန်မွန်တို့အိမ်မှ ပြန်လာပြီး ဦးမြင့်နွယ်သည် စားပွဲတွင် ထိုင်လျက် လေးနက်စွာ တွေးနေသည်။

ရေကြည်နှင့် ရေနောက်။

သည်သဘောကတော့ ပြေး၍ မလွတ်နိုင်ပြီ။

ချစ်ဖွယ် သနားဖွယ်သော မွန်မွန်၏ မျက်နှာလေးက မျက်လုံးများတွင် ပေါ်လာသည်။ မွန်မွန့်မျက်နှာလေးနှင့် ယှဉ်ပြီး စင်သီယာ၏ မျက်နှာကလည်း ပေါ်လာသည်။

အခုမှ ကိုယ့်စိတ်ကို ကိုယ် ထင်ထင်သိပြီ။

ကလေးမအတွက် ရင်မှာ ခိုင်ခိုင်မြဲနေပြီဖြစ်သော ကရုဏာနှင့် သံယောဇဉ်။ ကရုဏာကတော့ ရေကြည်ပါ၊

သံယောဇဉ်ကတော့ အင်း . . . ရေနောက်ပါ တကား။

အခုမှ သိရသည်။

ရေနောက်ပါတကား။ ကြောက်ဖွယ်သော၊ ရှက်ဖွယ်သော ရေနောက်ပါတကား။

စိတ်ပညာဌာန၏ သီးခြားပြုပြင်ထားသော အခန်းတွင်းရှိခုတင်ပေါ်တွင် မွန်မွန်က ပက်လက်ကလေးလှန်၍ လှဲနေ၏။ ခုတင်ခေါင်းရင်းတွင် ဦးမြင့်နွယ်က ကုလားထိုင်တစ်လုံးနှင့် ထိုင်နေ၏။

မွန်မွန့်အနေနှင့် မျက်နှာကြက်နံရံများကိုမူ မြင်နိုင်မည်။ ခေါင်းရင်းမှ ဦးမြင့်နွယ်ကိုကား သာမန်အားဖြင့် မမြင်နိုင်။

ဦးမြင့်နွယ်က မွန်မွန်၏တစ်ကိုယ်လုံးကို ကောင်းစွာ မြင်နိုင်၏။

မွန်မွန်တော့ သိမည်မဟုတ်။ အခန်းတစ်နေရာရှိ လျှို့ဝှက်မှန်ပေါက်မှနေ၍ တာဝန်ချထားသော စိတ်ပညာဌာနမှ ဆရာမတစ်ဦးနှင့် နော်မြသွေးတို့ကလည်း အခန်းတွင်းကို စောင့်ကြပ်ကြည့်ရှုနေကြသည်။

ဦးမြင့်နွယ်က အမိန့်ပေးသည်။

“ကဲ . . . ပြောလေ မွန်မွန်”

မွန်မွန့်ထံမှ စိတ်ပျက်ခြင်းရောသော ရယ်သံလေး အရင်ပေါ်လာ၏။

“မွန်မွန်က ဘာပြောရမှာလဲ”

“ဆရာ ရှင်းပြခဲ့ပြီးပြီ မဟုတ်လား၊ မွန်မွန် ပြောချင်တာပြောနိုင်တယ်၊ စိတ်ထဲပေါ်လာတာကိုပြော၊ ဘာပေါ်လာလာ ပြော”

“မွန်မွန့်စိတ်ထဲ အခု ဘာမျှ . . . မှ မပေါ်ပဲဟာ”

“အခု မပေါ်ရင် ပေါ်တော့မှပြော၊ ဆရာ စောင့်နားထောင်မယ်”

“ဒုက္ခပါပဲ”

မွန်မွန့်ထံမှ အသံတိတ်သွား၏။ ဦးမြင့်နွယ်က နားထောင်နေ၏။

“ဆရာ”

“ဘာလဲ မွန်မွန်”

“မွန်မွန် ရယ်ချင်တယ်”

“အင်း”

“ပက်လက်ကြီးနေရတာ တစ်မျိုးကြီးပဲ၊ လူမမာလိုပဲ၊ မွန်မွန်က လူမမာလည်း မဟုတ်ဘူး”

“အင်း”

“မွန်မွန် အိပ်ပျော်သွားရင် ဘယ့်နှယ်လုပ်မလဲ”

ဦးမြင့်နွယ်က မဖြေ။

“အလကား ပြောတာပါ၊ ပက်လက်ကြီး မွန်မွန် မအိပ်တတ်ပါဘူး၊ အိပ်ပျော်သွားလည်း ဖျတ်ဆို လန့်နိုးတာပဲ”

“အင်း”

“အမှန်တော့လည်း ညဆို မွန်မွန်က တော်တော်နဲ့ အိပ်မပျော်ပါဘူး၊ အိပ်လျက်နဲ့ အိပ်မပျော်တာဟာ တော်တော်စိတ်ညစ်ဖို့ကောင်းတယ်”

**(ဆက်လက်ဖော်ပြပါမည်)**

> “ကိုယ်တို့ငယ်ငယ်က ရေကြည်ရေနောက် ဥပမာကိုပဲ ပြန်ပေးမယ်၊ ရေကြည်ကလည်း ရှိနေတယ်၊ ရေနောက်ကလည်း ရှိနေတယ်၊ အရှိတွေကတော့ အရှိတွေပါပဲ စင်သီယာ၊ ငြင်းပယ်လို့ မရဘူး၊ ဒါပေမယ့် သူတို့ မရောကြဘူး၊ ကိုယ့်ရင်မှာလည်း ဒီအတိုင်းပဲရှိပါစေ၊ လွမ်းတဲ့ရေနောက်ကတော့ ရှိနေမှာပဲ၊ ဒီလိုပဲ ကိုယ့်မေတ္တာ စင်သီယာ့မေတ္တာဆိုတဲ့ ရေကြည်လည်းရှိနေပါတယ်၊ ရေနောက်ကိုမြင်ပေမယ့် ကိုယ်ရေကြည်ကိုပဲ ကြည့်ဖြေပါ့မယ် စင်သီယာ”

FAIR & SQUARE
Travels and Tours Co., Ltd.
မြန်မာသင်္ကြန်လောက်ပျော်စရာကောင်းတဲ့ပွဲတော် ကမ္ဘာမှာမရှိပါ .....
‘ မန္တလေးသင်္ကြန်အထူးအစီအစဉ် ’
- မန္တလေးမှာ ရေတစ်ရက်ပက်မယ် ......
- မေမြို့တစ်ရက် လည်မယ် .......
- စစ်ကိုင်း ၊ အမရပူရ တစ်ရက်လည်မယ် ......
သုံးညအိပ် လေးရက်ခရီး (အဆင့်မြင့် ခရီးစဉ်)- 160,000/- K
ခရီးစဉ်ထွက်ခွာမည့်ရက် - ဧပြီလ (၁၂)ရက် / ဧပြီလ (၁၄)ရက်
Tel : 01 377688, 09 7300 2211, 01 245993, 09 7300 5511

မူလတန်းကျောင်းပိတ်ရက်တွင် Grammar အခြေခံပိုင်အောင် လေ့လာထားချင်သူ ကျောင်းသူကျောင်းသားများအတွက် Grammar Skill, Reading Skill & Writing Skill တို့ဖြင့် ပြည့်စုံအောင် အတန်းစဉ်အလိုက် စီစဉ်ထားသော
Student's Guide
Grammar
Grade 2 to Grade 11



ညာဏ်လင်းစာပေ
အမှတ် (၃၃) ၄၄-လမ်း ဗိုလ်တထောင်မြို့နယ်။
Ph - 01-296110, 398557, 8610088, 09-73001442
ထွက်ပြီ

အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယကဆရာတော်

အထိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇဝိလ

ဆရာတော်ကြီး၏သိင်္ကြာထပ် မွေးနေ့မင်္ဂလာ ပိတ်ကြားလွှာ

အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယကဆရာတော် အထိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇဝိလ မဟာထေရ်မြတ်၏ သက်တော် (၉၄)နှစ်၊ သိင်္ကြာတော် (၇၄) ဝါပြည့် သိင်္ကြာထပ် မွေးနေ့မင်္ဂလာကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမတို့အား ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂) ရက်၊ ၇-၄-၂၀၁၃ (တနင်္ဂနွေနေ့) |
| သိင်္ကြာထပ် သိမ်ဆင်း | - နံနက် (၈း၃၀) နာရီ သိမ်ဆင်းသံဃာတော် (၃၀) ပါး |
| ရေစက်ချ မင်္ဂလာ | - နံနက် (၉း၃၀) နာရီ |
| ဧည့်ခံကျွေးမွေး | - နံနက် (၈း၀၀) နာရီမှ မွန်းတည့်(၁၂း၀၀) နာရီထိ |
| နေရာ | - အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် (၁၀)မိုင်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၆၆၇၉၉၂ |



[illegible] ၁၀ ၂၀ ပညာရှင်အတင်အချုပ်ပွဲ
၁.၄.၂၀၁၃ မှ ၁၀.၄.၂၀၁၃ အထိ



တရုတ်
စကားပြောနှံ့ပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang

ENGLISH
Conversation Practice

Great Wall
TAMWE - 540714, 09 5183636
09 49 285182



ချမ်းသာသုခ
One Stop Service for Agarwood



Maritime Management Institute (MMI) မှ

Advanced Certificate in Logistic & Supply Chain Management (တစ်လ)
ညနေပိုင်းသင်တန်းဖွင့်လှစ်မည်။

သင်တန်းလက်ခံပြီ။

| | |
|---|---|
| ဖွင့်လှစ်မည့်ရက် | : ၆-၅-၂၀၁၃ (တနင်္လာနေ့) |
| အချိန် | : ညနေ (၅) နာရီမှ (၇) နာရီ (တနင်္လာ မှ သောကြာနေ့အထိ) |
| လက်ခံမည့်ဦးရေ | : (၂၀) ဦး |
| သင်တန်းကြေး | : တစ်သိန်းကျော် (စာအုပ်စာတမ်း အပါ) |
| ဖုန်းနံပါတ် | : [illegible] |


## အမည်ပြောင်း

အမှတ်-၂၈/ခ၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးစိန်လှိုင်-ဒေါ်သီတာစိုးတို့၏ တစ်ဦးတည်းသော ချစ်သမီးလေး လုမ္ဗနီအကယ်ဒမီကျောင်း၊ Grade (III)တွင် တက်ရောက်နေသော မအဥ္ဇလီဦးအား နှင်းဦးခင်ဟု ပြောင်းလဲခေါ်ပါရန်။ **နှင်းဦးခင်**

## ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးဘူးဆိုရင် မဖြစ်ချင်တာတွေ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေးလုံခြုံမှုကိုအာမခံပါသည်။

**ဖုန်း-၀၉-၅၀၇၅၈၂၇**

## JOB VACANCY

(Local Service Only/ Salary in Kyat)

Business Development Manager (M/F) 2 Posts

Any Graduate (B.C. Tech, B.C.Sc, IT Diploma, Management is Preferred)

- At least over 3 years working experience and 4 years direct experience in a business--- development fields and activities, including knowledge & experience of working process in relation with Government Ministries, experience in International Trade procedure in Importation, sourcing and dealing with Oversea suppliers
- Must have knowledge in Tender Project
- Must have energetic, computer literate,Strong written and oral communication skills
- Must have fluently in English for (4)skills, Strong Interpersonal & Leadership skills
  Experience at working both independently and in a team-oriented, collaborative environment is essential
- Excellent public relation skills

V-SAT Engineer (M) 1 Post

- High School graduate, preferably diploma in Telecom/IT.
- Ku/C band and IP knowledge.
- Minimum of 2 years experience in workstation configuration and deployment of networked computer systems.
- Excellent knowledge of Windows environments, software installations,and directory structures.
- Experience in deploying and troubleshooting of web-based applications.
- Should have excellent writing, reading and speaking skills in English languages.
- Should have proficiency in MS Word, Excel, PowerPoint and official e-mail ing/computer skills.
- Should have a presentable,courteous and pleasant personality.
- Should be hardworking, sincer, honest, dedicated,and self achiever

Pre-sale Engineer (M/F) 2 Posts

- Degree or Diploma in IT or Engineering
- Minimum 2-3 years of sales or sales engineering experience in a business -to-business, large/strategic customer segment; or
- A record of achievement and technical solution expertise in a comparable sales role.
- Product certification,engineering credential, or equivalent technical credential.
- PC proficiency
- Very good understanding in Telecom Industry.
- Must have fluently English for 4-Skill, Strong Interpersonal& leadership skills
- This position includes outside travel to customers' premises

Junior Engineer (M) 2Posts

- Associated Degree or Networking Certification required. Bachelor degree preferred
- Minimum experience(2)year in related field
- Must be valid CCNA, MCSE, MCITP are preferred
- Must be good in English
- Strong written, verbal,and interpersonal communication skills required
- Exhibit adaptability and strong problem solving skills
- Demonstrated knowledge of the Windows Server environment and networking equipment
- Willing to learn in internetworking
- Basic knowledge of telecommunication
- Able to travel

Interest person shall submit CV a with passport size photo, a copy of labour registration card and other related attachments to the following address. Short listed candidates will be contacted for interview. Building-7, Room-1,Myanmar info-Tech, Hlaing University Campus, Hlaing Tsp., Yangon, Myanmar.
Tel:+95-1-652324, 652232, 507054, 521288, 521289, 521290
Fax:+95-1-507052

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၈-စီ၊ မြေကွက်အမှတ် ၆၂-ဒီ၊ မြေကွက်တည်နေရာအမှတ်(၁၇)၊ ဇေတဝန်လမ်း၊ စမ်းချောင်းမြို့နယ်၊ (ဦးဘသိန်း-ဒေါ်မြ) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ၁။ဦးဘသိန်းနှင့် ပထမဇနီး ဒေါ်မြ၊ ဒုတိယဇနီး ဒေါ်သန်းစိန်တို့အသီးသီး ကွယ်လွန်သဖြင့် ဒေါ်တင်သိန်း[၁၂/စခန(နိုင်)၀၁၈၄၄၃]၊ ဦးသံလုံး[၁၂/စခန(နိုင်)၀၁၈၂၄၇]၊ ဦးဝင်းဗိုလ်[၁၂/ စခန(နိုင်)၀၁၈၆၇၆]၊၂။ဦးတင်ဝင်း[၁၂/စခန(နိုင်)၀၁၇၉၅၉]၊ ဒေါ်မြင့်မြင့်သိန်း[၁၂/စခန(နိုင်)၀၁၈၇၄၂]၊ ဒေါ်တင်ကြည်[၁၂/စခန(နိုင်)၀၁၈၃၂၇]၊ဒေါ်ခင်မိုးမိုး[၁၂/စခန(နိုင်)၀၇၁၀၇၉]တို့က သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းစာချုပ်ချုပ်ဆိုရန်အထွေထွေကိုယ်စားလှယ် လွှဲစာ ၂၀၁၆၃/၂၀၁၂ဖြင့်ရသူ ဦးချမ်းမြေ့ဆွေ [၇/တငန(နိုင်)၁၆၂၆၈၄]က မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၆၊ မြေကွက်အမှတ် ၄၄၈၊ မြေကွက်တည်နေရာအမှတ်(၄၄၈)၊စက်မှုဒေသလမ်း ကျောကပ်၊ ၃၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊(ဒု-ဗိုလ်မှူးကြီးမင်းလှငွေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒု-ဗိုလ်မှူးကြီးမင်းလှငွေကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
# သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)
## Advanced ICT Engineer Training သင်တန်းများနှင့် Wireless and Mobile Computing သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာသင်တန်း(လှိုင်)ရှိ India-Myanmar Center for Enhancement of Information Technology Skills (IMCEITS) သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | ဖွင့်လှစ်မည့်နေ့ |
|---|---|---|---|
| (၁) | Java Programming Course | (၂၄)ပတ် | ၂၇-၅-၂၀၁၃ |
| (၂) | MS.Net Programming Course | (၂၄)ပတ် | ၂၇-၅-၂၀၁၃ |
| (၃) | Wireless and Mobile Computing | (၂၄)ပတ် | ၂၇-၅-၂၀၁၃ |
| (၄) | Android Application Development | (၈)ပတ် | ၂၇-၅-၂၀၁၃ |
| (၅) | Win CE.Net Programming | (၆)ပတ် | ၁၂-၈-၂၀၁၃ |

ဗန်းမော်မြို့၊ မြေနုရပ်နေ (ဦးသန်း မော်-ဒေါ်စက်မေ)တို့၏ သမီးချွေးမ၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၆)လမ်းမြောက်နေ (ဦးချစ်လှိုင်)-ဒေါ်မြကြီးတို့၏သမီးကြီး၊ ဦးနေလွှမ်း-ဒေါ်သီတာဆန်း၊ ဦးနေသွေး-ဒေါ်အေးအေးသိန်း၊ ဦးနေလင်းတို့၏မွေးသမိခင်၊ မောင်နေထက်၊ မောင်ဘုန်းနေဆက်၊ မောင်ဟိန်းနေလတ်တို့၏ အဘွား၊ ဦးကျော်မြင့်၏ဇနီးသည် ၂၅-၃-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂း၄၀နာရီတွင် စင်ကာပူနိုင်ငံ Novenaဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၃ရက် ညနေ ၄ နာရီတွင် စင်ကာပူမြို့၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၃၁-၃-၂၀၁၃ရက်တွင် အရှေ့ကြို့ကုန်း (၇)လမ်းမြောက်၊အမှတ်(၅၆၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြမူ (၇၅)နှစ်
## (ကုန်သွယ်ရေးဦးစီးဌာန)

ပဲခူးမြို့နေ (ဦးဘသစ်-ဒေါ်စော) တို့၏သမီး၊ ပုသိမ်မြို့နေ (ဦးသန်းရွှေ-ဒေါ်သန်းရင်)တို့၏ သမီးချွေးမ၊ ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅) ရပ်ကွက်၊ TOSTA အိမ်ရာ၊ (A/6-၄၀၁) နေ ဦးသန်းမင်းရွှေ၏ဇနီး၊ ဦးတောကျော်၊ (မြမင်းဦး)တို့၏မိခင် ဒေါ်ခင်မြမူ သည် ၂၅-၃-၂၀၁၃ (တနင်္လာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၂၆-၃-၂၀၁၃ (အင်္ဂါနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးတင်အုန်း(ငြိမ်း) (၆၃)နှစ်

သူငယ်ချင်း ဗိုလ်မှူးတင်အုန်း(ငြိမ်း)ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့် မိသားစု**
**O.T.S(45)**

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာလေး
## မင်းအုပ်စိုး(ခ)ရာဇာစိုး
## (၃၀-၃-၂၀၁၁) မှ (၃၀-၃-၂၀၁၃)

သိပ်ချစ်ရပြီး ထာဝရမေ့မရတဲ့သားငယ်လေး မင်းအုပ်ရေ သားလေးမေမေတို့ဘဝထဲက ထာဝရခွဲခွာသွားတာ ယခုဆိုရင် နေ့တွေ၊ လတွေ၊ နှစ်တွေပြောင်းလို့ ဒီနေ့ဆိုရင်လေ (၂)နှစ်တိတိပြည့်ခဲ့ပါပြီသားရေ-သားငယ်လေးမေမေတို့ဘဝထဲက ထာဝရခွဲခွာသွားပြီဆိုတာ သိနေရက်နဲ့ မေမေရဲ့စိတ်ထဲမှာ သားလေးတစ်ယောက် ဟိုးအဝေးကိုခေတ္တခဏသွားနေတယ်လို့ မဖြစ်နိုင်မှန်းသိရက်နဲ့ မေမေလေ-အိပ်မက်မက်နေခဲ့တယ်သား၊ အိပ်မက်သာဖြစ်လိုက်ပါတော့လို့ သားငယ်လေးဟာ သက်ရှိထင်ရှားရှိစဉ်အခါတုံးက နှစ်စဉ်နှစ်တိုင်း၊ တန်ဆောင်မုန်းလပြည့်နေ့နဲ့ နှစ်ဆန်း ၁ရက်နေ့တိုင်း စတုဒိသာအမြဲကျွေးမွေးနေကျအတိုင်း သားလေးမရှိတော့ပေမယ့် သားငယ်ကိုယ်စား တန်ဆောင်မုန်းလပြည့်နေ့နဲ့ နှစ်ဆန်း ၁ရက်နေ့တိုင်း သားကိုရည်စူးပြီး စတုဒိသာကျွေးမွေးခဲ့ပါတယ်။ သားလေးဟာသက်ရှိထင်ရှား ရှိစဉ်အခါက ကုသိုလ်ကောင်းမှု၊ အလှူဒါနတွေပြုလုပ် သွားနိုင်တဲ့အတွက်ရယ်၊ သားငယ်အတွက် မေမေတို့ နေ့စဉ်နေ့တိုင်း၊ လစဉ်လတိုင်း၊ နှစ်စဉ် နှစ်တိုင်းပြုခဲ့သမျှ၊ ကုသိုလ်ကောင်းမှုနှင့်တကွ၊ ယခု(၂)နှစ်ပြည့်မှာလည်း သားငယ်ကိုရည်စူးပြီး ဘုန်းကြီးကျောင်းမှာ သံဃာတော်တွေကို နေ့ဆွမ်းဆက်ကပ်နေပါတယ်သား၊ မေမေတို့ သားငယ် အတွက် ပြုခဲ့သမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်အစုစုကို သားငယ်လေးတစ်ယောက်၊ ဖြစ်လေရာဘုံဘဝ၊ မြင့်မြတ်တဲ့ဘုံဘဝမှာ ထာဝရအေးချမ်းနိုင်ပါစေ၊ အမျှရနိုင်ပါစေ၊ သာဓုခေါ်ဆိုနိုင်ပါစေလို့ မေမေဆုတောင်းပေးနေပါတယ်သား အမျှပေးဝေပါတယ်။

သားငယ်ရေ-အမျှ-အမျှ-အမျှ
ညီလေးရေ-အမျှ-အမျှ-အမျှ
ကိုရေ-အမျှ-အမျှ-အမျှ
ပါးပါးရေ-အမျှ-အမျှ-အမျှ

**သားငယ်ကိုထာဝရသတိရလွမ်းဆွတ်နေမယ့်**
**သားရဲ့မေမေ၊ ဘွားတော်ဒေါ်တင်နွယ်ဝင်း**
**မောင်နှမတစ်စုနှင့် တူ၊ တူမလေးများ**
**ဇနီး-ဝင့်ရွှေစင်ထွန်း**
**သမီးလေး-မေစိုးမိုးခင်**



## လင်မယားကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊(၂)ရပ်ကွက်၊ဇီဇဝါ(၂)လမ်း၊အိမ်အမှတ် (၂/၁၅၇)တွင်နေထိုင်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးမြင့်[၁၂/ဥကမ(နိုင်)၀၉၅၆၀၀] နှင့်ဦးဟန်တင်[၁၂/ဒပန(နိုင်)၀၀၄၅၉၃]တို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်၍ ဆက်လက်ပေါင်းသင်းနေထိုင်ရန်မဖြစ်နိုင်တော့သဖြင့် ၁၂-၃-၂၀၁၃ရက်တွင် ကျောက်တံတားမြို့နယ် တရားရုံးတော်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းစာချုပ်ပြုလုပ်၍ လက်မှတ်ထိုး ကွာရှင်းပြတ်စဲထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးဟန်တင်နှင့်ပတ်သက်သော ငွေကြေးများ၊ အခြားကိစ္စအဝဝတို့သည် ကျွန်မနှင့်လုံးဝ(လုံးဝ)ပတ်သက်ခြင်းမရှိ၊ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ကျွန်ုပ်မိတ်ဆွေဒေါ်အေးအေးမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်ချို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၉၈)**
**တိုက်အမှတ်(၉/၁၁)၊အခန်းအမှတ်-၃၀၆၊စတုတ္ထလွှာ(ယာ)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၂၈၈၂၄၄(လိုင်းခွဲ)၃၀၆၊ ၀၉ ၄၉၂၇၆၈၇၆**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ကျေးဇူးအထူးတင်ရှိခြင်း

၂၁-၃-၂၀၁၃(ကြာသပတေးနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားခဲ့သော ချစ်လှစွာသောခင်ပွန်း ဦးကျော်ဇောနိုင်၏ ဈာပနသို့ကြွရောက် သံဝေဂဉာဏ်ပွားများတော်မူခဲ့သော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၊ မော်ကွန်းထိန်းဆရာတော်ဦးပညာဝံသနှင့် ဌာနမှူး ဆရာတော်ကြီးများ၊ သင်ကြားစီမံဆရာတော်များနှင့် သံဃာတော်များ၊ စိန်ရတနာဓမ္မာစရိယစာသင်တိုက် ဆရာတော်ဦးသာသနနှင့် သံဃာတော်များ၊ ဓမ္မရေအေးတိုက်ကျွေးပေးပါသော ဆရာတော်ဦးဝီရိယ (ဓမ္မဘေရီ)၊ မဟာမြိုင်ဆရာတော်ဦးဇောတိကနှင့် သံဃာတော်များ၊ ကွယ်လွန်ချိန်မှစ၍ ဈာပနကိစ္စအဝဝတွင် ဝမ်းနည်းကြေကွဲစွာဖြင့် အလုံးစုံကူညီပေးခဲ့ကြသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သတင်းစာအယ်ဒီတာချုပ်များ၊ အယ်ဒီတာများ၊ အရာထမ်း၊ အမှုထမ်းများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ဆရာကြီးဒေါက်တာတင်အောင်အေးနှင့် ဥပဒေဆရာကြီး/ဆရာမကြီးများ၊ ဥပဒေပညာမိသားစုများ၊ ဆရာကြီးဦးမျိုးညွန့်နှင့်ဇနီး၊ တက္ကသိုလ်များမှ အငြိမ်းစားဆရာကြီး/ဆရာမကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆရာကြီးဦးသော်ကောင်း-ဆရာမကြီးဒေါ်စုစုမိသားစု၊ ဆရာကြီး ဦးစောဝင်း-ဆရာမကြီး ဒေါ်တင်ဘုန်းနွယ် မိသားစုနှင့်တကွ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်မိသားစုများ၊ မီဒီယာများနှင့် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ခင်ပွန်းသည်အတွက် လျှုဖွယ်ဝတ္ထုအစုစု၊ ကုသိုလ်ကောင်းမှုအဖုံဖုံ ပြုလုပ် ပေးကြသူများ၊ ဈာပနသို့လိုက်ပါပို့ဆောင်ပေးခဲ့သူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဝမ်းနည်းမှတ်တမ်းတင်ကြသူများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းဖြင့်နှစ်သိမ့်အားပေးခဲ့ကြသော ပြည်တွင်းပြည်ပ၊ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ၊ မြသားလွင်ပြင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမိသားစု၊ Myanmar Prestige မိသားစု၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက် မိသားစု၊ သူငယ်ချင်းမိတ်ဆွေလုပ်ဖော်ကိုင်ဖက်များ၊ အနီးကပ်စောင့်ရှောက်လျက်ရှိသော အန်တီဒေါ်ကြည်လေးမိသားစု၊ ဒေါ်အေးအေးရီမိသားစုနှင့် ဓမ္မမိတ်ဆွေများ၊ ညီအစ်ကိုမောင်နှမ ဆွေမျိုးများ၊ ဆရာ၏ချစ်တပည့်များအားလုံး၊ ဒဂုံမြို့သစ် မြောက်ပိုင်း၊ (၂၉)ရပ်ကွက်မှ ရပ်ကွက်သူ ရပ်ကွက်သားများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူဇနီး ဒေါ်တင်ဝင်းရည်နှင့် မိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှကြွယ် (၈၇)နှစ်
### ဆင်ဖြူတော်ဆေးတိုက်၊ နမ့်ခမ်းမြို့

တောင်ကြီးကောလိပ်ကျောင်းသူဟောင်း ဒေါ်နန်းညွန့်တင် (ညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန)၏ဖခင် ဦးလှကြွယ်သည် ၁၇-၃-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူများစွာဝမ်းနည်းကြေကွဲရပါကြောင်း။

**တောင်ကြီးကောလိပ်နှစ်စဉ်အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်သင်းသင်းမာ(ပုညခင်)၏မိခင် ဒေါ်ငွေးငွေး အသက်(၆၂)နှစ်သည် ၂၈-၃-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးကျော်ရွှေ(ဖျာပုံ) (၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ အမှတ်(၉)၊ (၈၇)လမ်း၊ ပထမထပ်နေ (ဦးဘိုးလှ-ဒေါ်အေးမြ)တို့၏သား၊ ဒေါ်စိန်လုံ၏ ခင်ပွန်း၊ ဦးလှမြင့်သန်း-ဒေါ်အုန်းသန်း၊ ဦးငွေးအောင်- ဒေါ်ထားထားလွင်၊ ဦးပေါက်စ-ဒေါ်ပေါက်ပေါက်၊ ဦးထွန်းရွှေ-ဒေါ်မြင့်မြင့်ဝေ၊ ဦးတင်မြိုင်-ဒေါ်တင်တင်ညို၊ ဦးမြင့်စိုး-ဒေါ်နန်းအေးအေးမိုး၊ ဦးနိုင်ဝင်း-ဒေါ်သိန်းသိန်းထွေး၊ မညွန့်ညွန့်ရွှေတို့၏ဖခင်၊ မြေး ၁၉ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မဲ့ကျန် (၇၁)နှစ်

သံတွဲမြို့၊ ကင်းမော်ရွာနေ (ဦးကံဘော်-ဒေါ်လှတင်)တို့၏ သမီးကြီး၊ ဦးလှကိုး(စီးပွား/ကူးသန်း-ငြိမ်း)၏ဇနီး၊ ဒေါ်စီစီ၊ ဦးသန်းဖေ-ဒေါ်ခင်ဝင်းမြင့်၊ ဦးသန်းရွှေ-ဒေါ်သန်းမြင့်၊ ဦးသန်းထွန်း-ဒေါ်ချိုချိုဝင်းတို့၏ အစ်မကြီး၊ ဦးခင်မောင်ထူး(စီးပွား/ ကူးသန်း)-ဒေါ်ခင်စိုးစိုး၊ ဦးတင်မောင်ဆန်း-ဒေါ်မာမာဝင်းတို့၏မိခင်၊ တူ/တူမ ၁၃ယောက်၊ မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်မဲ့ကျန်သည် ၂၈-၃-၂၀၁၃ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ အေးရိပ်သာ(၂)လမ်း၊ အမှတ်(၆၆၆)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၃(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၃ရက်တွင် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ပါမောက္ခဒေါက်တာ ဒေါ်ခင်ကြည်ကြည် အသက်(၈၅)နှစ်
### ဆေးဝါးဗေဒဌာန၊ ဆေး(၁)(ငြိမ်း)

ရန်ကုန်မြို့၊ (၄၆/ဒီ)၊ မေလိခလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဦးဘအေး-ဒေါ်သိန်းတင်တို့၏သမီး၊ [ဒုတိယဗိုလ်မှူးကြီး ဝင်းလွင်(ငြိမ်း)]၏ဇနီး၊ ဒေါက်တာသော်ဇင်-ဒေါ်ရွှေရည်၊ ဒေါ်တင်ယုယုလွင်-ဒေါက်တာခင်မောင်ဟန်၊ ဒေါ်ဝင်းမာလွင်-ဒေါက်တာညီညီဟန်၊ ဒေါ်ဆွေမာလွင်-ဒေါက်တာမြတ်သူ၊ ဦးအောင်ရဲထွဋ်-ဒေါ်သီတာစိုးဦးတို့၏ မိခင်ကြီး၊ ကေခိုင်ဟန်- Dave၊ အိဖြူဟန်- Andrew၊ သီတာဟန်၊ ဝင့်မွန်ဦး- Reise၊ သီရိမြတ်သူ၊ သက်စန္ဒာထွဋ်၊ စံပယ်ထွဋ်တို့၏အဘွား၊ မြစ် Caleb ၏ ဘွားဘွားကြီးသည် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးဝေတင် (၆၃)နှစ်
### တိုင်းတာရေးမှူး၊မြေတိုင်းဦးစီးဌာန၊ အမှတ်(၂)မြေတိုင်း(ငြိမ်း)

ရန်ကုန်မြို့နေ [ဦးစိန်သွင်(ဒု-လ/ထ ညွှန်မှူး၊ ရုပ်ရှင်ကော်ပိုရေးရှင်း၊ ငြိမ်း)-ဒေါ်ခင်ထွေး]တို့၏သားကြီး၊ [ဦးအောင်မြင့် (ခရိုင်ဥပဒေအရာရှိ ငြိမ်း)]-ဒေါ်ခင်မာမာတို့၏ ညီ/မောင်၊ ဦးစိန်ဝင်း(ဒု-ဌာနမှူး၊ ရေ/သန့် စည်ပင်၊ ငြိမ်း)-ဒေါ်မြင့်မြင့်မာ(ထ/၁၊ အင်းစိန်-ငြိမ်း)၊ ဒေါ်လဲ့လဲ့မာ၊ (ဦးပဥ္စ)-နော်မြင့်မြင့်အေး၊ (ဦးသန့်စင်)၊ ဒေါ်တူးတူးမာ၊ ဦးအဌသွင်-ဒေါ်သီတာ၊ ဦးနုဝသွင် (GEWIN MARITIME Co.,)-ဒေါ်ခိုင်ခိုင်လတ်တို့၏အစ်ကိုကြီး၊ တူ/တူမ ၁၃ ယောက်တို့၏ ဘကြီးသည် ၂၉-၃-၂၀၁၃ ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (က/၃၊ စည်ပင် သာယာအားကစားဝင်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# အနိဋ္ဌ

### ရဟန်းအမ
## ဒေါ်တင်ဥ (၈၃)နှစ်
### အောက်စိန်တုံးကြီး၊ သာရဝေါ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်း(တောင်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၅၂/ဘီ)၊ ငါးလွှာနေ (ဦးသန်းဖေ-ဒေါ်လှခင်)တို့၏သမီး၊ (ဦးအေး)၏ဇနီး၊ (ဦးကျော်ဇောလှ)-ဒေါ်အေးအေးဝင်း (ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး-ငြိမ်း)၊ ဦးသိန်းမြင့်-ဒေါ်တင်တင်ဝင်း (အမှတ်-၃၊ အခြေခံပညာဦးစီး)၊ ဦးမြင့်စိုး (ကုန်သွယ်/ဦးစီး)-ဒေါ်မြင့်မြင့်အေး (ကုန်သွယ်/ဦးစီး)၊ ဦးလှိုင်မြင့် (မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း) (AGD Bank-IBD)- ဒေါ်ဘေဘီ (ငွေစုဘဏ်ခွဲ-၁)၊ ဦးလှိုင်အေး၊ ဒုရဲမှူးလှိုင်ထွေး (သတင်းတပ်ဖွဲ့)၊ ဦးလှိုင်မျိုး (Shade Agency)-ဒေါ်စန်းစန်းဝင်း (Thiri Cosmetic Co., Ltd.)တို့၏မိခင်၊ ဦးစည်သူကျော် (ဟိုတယ်/ခရီး)-ဒေါ်နေခြည်ခိုင်၊ မခင်သက်ဝေ (အမှတ်-၃၊ အခြေခံပညာဦးစီး)၊ မမြသက်ချယ် (Grade -VII၊ အထက-၂၊ စမ်းချောင်း)တို့၏ ချစ်လှစွာသော အဘွားသည် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၃ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောဘသန်း(ခ)ဦးလုံးလုံ အသက်(၆၈)နှစ်
### ဆေးမှူး၊ မြန်မာ့မီးရထား(ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၂)၊ (အေ-3)၊ သုဓမ္မာလမ်း၊ ကျောက်မြောင်းနေ (ဦးစံဝင်း-ဒေါ်ဒေါင်း)တို့၏သား၊ (ဦးပိုးယို-ဒေါ်ငွေခင်)တို့၏ သားသမက်၊ လှိုင်သာယာမြို့နယ်နေ ဦးရွှေလှိုင်-(ဒေါ်နုနု)၊ ညောင်တုန်းမြို့၊ အလယ်ကုန်းကျေးရွာနေ ဦးချစ်ဆွေ- (ဒေါ်ဆာဖော)တို့၏ညီ/မောင်၊ (ဦးစောအားလုံး-ဒေါ်ရှီလာ)၊ (ဦးစိုးသိန်း-ဒေါ်မူးမူ)တို့၏ အစ်ကို၊ ဒေါ်ပုံးပုံ(ခ)ဒေါ်မြင့်မြင့်စန်း၏ ခင်ပွန်း၊ ဒေါ်သစ်သစ်ဦး (Concordia Int'l Co., Ltd.)၊ ဦးစောသဂလဲ (Ever Seiko Co., Ltd)- ဒေါ်ဝင်းဝင်းမေ၊ ဦးကျော်မျိုးလွင်-ဒေါ်စီစီဖော(Green Cross Hospital)၊ ဦးစောပေါ်သို (ခေတ္တ-စင်ကာပူ)တို့၏ ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ည ၇နာရီတွင် သျှင်ပါကူအထူးကုဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၃၀-၃-၂၀၁၃ (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်ခရစ်ယာန်သုသာန်၌ ဝတ်ပြုပြီး မြေမြှုပ်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေလှ(စမ်းချောင်း) အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ်(၁၅-ခ)၊ မြေညီထပ်နေ (ဦးဆန်းဘွေ-ဒေါ်ဆောင်တော်ကူး)တို့၏ သမီး၊ [ဦးပိုက် (ညွှန်ကြားရေးမှူး-ငြိမ်း)၊ ဗဟိုစာရင်းရုံး]၏ချစ်လှစွာသောဇနီး၊ (ဦးငွေစိုး)၊ ဦးအောင်မြင့်-ဒေါ်တင်လှ၊ (ဒေါ်စိန်မြင့်)၊ ဒေါ်ငွေခက်တို့၏ညီမ၊ ဦးထွန်းလှရင်-ဒေါ်ထွန်းလှိုင်တို့၏ အစ်မ၊ (မောင်မျိုးဇော်နိုင်)-မစန္ဒာမြင့်တို့၏ မွေးသမိခင်၊ မောင်ပြည့်ဖြိုးဇော်၊ မောင်ကောင်းထက်နိုင်တို့၏အဘွား၊ မသင်းသင်းချို(ရေသန့်-ဒေါ်ပုံ)၊ မအေးအေးချို (YESB-သန်လျင်)တို့၏ အဒေါ် ဒေါ်ငွေလှသည် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၃(စနေနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်အေးသိန်းတင် အသက် (၅၆)နှစ်
### မကျီးကျွန်း(ရခိုင်ပြည်နယ်)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ မကျီးကျွန်းရွာနေ ရဟန်းဒါယိကာမကြီး ဒေါ်အေးသိန်းတင်သည် ၂၉-၃-၂၀၁၃ ရက် နံနက် ၈း၃၀နာရီတွင် သဃ်န်းကျွန်းမြို့နယ် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် စံပြဆေးရုံမှ ၃၁-၃-၂၀၁၃ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း(အပါ) (ပျဉ်းမနား)
### (လ/ထအင်ဂျင်နီယာချုပ်၊ မြန်မာ့လေကြောင်း)
## အသက်(၈၉)နှစ်

ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်(၂၂၄)၊ အခန်း(၄)နေ ဒေါ်ခင်ဝင်းကြည် (Grace Ni)၏ခင်ပွန်း၊ ဒေါ်စန္ဒာသန်းထွန်း(ရန်ကင်း TTC-ငြိမ်း)-ဦးစိုးလွင် (ဂျပန်နိုင်ငံ၊ မြန်မာသံရုံး)၊ ဦးတင်အောင်သန်း (နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-ကနေဒါ)တို့၏ဖခင်၊ မဆုယဉ်ဝင်း (Grade-6-I၊ ပြည်လမ်း TTC)၏အဘိုး၊ (ဒေါ်တင်ညွန့်)၊ (ဒေါ်စန်းရီ)၊ (ဦးစိန်လွင်-ဒေါ်သန်းညွန့်)တို့၏မောင်/ညီ၊ ဦးထွေးမောင်-ဒေါ်မြင့်မြင့်၊ ဦးကျော်တင့်ဆွေ (သံအမတ်ကြီး-ငြိမ်း)-ဒေါ်မေယဉ်ထွန်း၊ ဒေါ်ခင်ဝင်းနီ-ဦးမြင့်သင်း (ခေတ္တ-စင်ကာပူ)၊ ကပ္ပတိန်တင်အောင်ကျော်-ဒေါ်ညိုညိုချစ်(ခေတ္တ-USA)၊ ဒေါက်တာဝင်းနိုင်-ဒေါက်တာမဉ္ဇူအောင်(ခေတ္တ-ဘရူနိုင်း)တို့၏အစ်ကိုသည် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၄၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ နတ်လမ်း ဒါယိကာမကြီး
## ဒေါ်သိန်းဆင့်(ကော့မှူး-သခွတ်ပင်) (၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀)၊ ကံ့ကော်မြိုင်လမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (တိုက်သူကြီး ဦးသာထူး-ဒေါ်သင်းမြိုင်)တို့၏သမီး၊ (ဦးထွန်းအိ-ဒေါ်ညှာ)တို့၏ သမီးချွေးမ၊ (ဦးစံမြင့်)၏ ဇနီး၊ ဦးသန်းဝင်း-ဒေါ်တင်စိန်၊ ဦးထင်ကျော်-ဒေါ်ခင်ထွေးမြင့်(လက်ထောက်မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးထွေးမြင့်အောင်(ဦးစီးမှူး-ငြိမ်း၊ သာသနာရေးဝန်ကြီးဌာန)-ဒေါ်ခင်စိုးဝင်း၊ ဒေါက်တာအောင်ဇေယျမြင့် (M.D Mar Mar Wor Co., Ltd.)-(ဗိုလ်ကြီး ဒေါ်မာမာဝေ-ငြိမ်း)၊ ဦးညီညီဝင်း-ဗိုလ်ကြီးဒေါ်ခင်ခင်စု(ငြိမ်း)၊ ဒေါ်တင်တင်နွဲ့တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၉-၃-၂၀၁၃(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ဗဟိုရဲစည်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၄-၂၀၁၃(ကြာသပတေးနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေးငွေး(ကျောင်းကုန်း) အသက်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နေ (ဦးဒေါင်းစိန်-ဒေါ်တင်မြ)တို့၏ သမီးထွေး၊ (ဦးဖိုးမှတ်-ဒေါ်မြတင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း(ကမ္ဘာအေးစေတီလမ်းထောင့်)၊ တိုက်(၄-က)၊ အခန်း(၅-ခ)နေ ဦးညွန့်ရှိန်၏ ချစ်လှစွာသောဇနီး၊ ကိုသူရကျော်-မသင်းသင်းမာ(ပုညခင်)၊ မဇင်ဇင်သော် (Living Color Media)၊ မောင်ချစ်ဝင်းရှိန်တို့၏ ချစ်လှစွာသော မိခင်၊ ကျောင်းကုန်းမြို့နေ (ဦးပေါ်သိန်း)-ဒေါ်တင်နု၊ (ဦးမြသိန်း)-ဒေါ်စိန်မြင့်၊ ဦးအောင်မြိုင်-(ဒေါ်တင်တင်ပု)တို့၏ ချစ်လှစွာသောညီမ ဒေါ်ငွေးငွေးသည် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ည ၈း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၃(စနေနေ့) ညနေ ၄း၄၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမင်းအောင်သောင်း အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ တိုက်(၁)၊ အခန်း(၃၃)၊ ရွှေဂုံရိပ်မွန် အိမ်ရာနေ ဦးမြသောင်း-ဒေါ်ခင်ပုတို့၏ သားငယ်၊ (ဦးမောင်မောင်ကြီး)-ဒေါ်လှကြည်တို့၏ သားသမက်၊ (ဦးဝင်းအောင်သောင်း-ဒေါ်ခင်သန်းဝါ)၊ ဒေါက်တာထင်အောင်သောင်း-ဒေါ်ခင်မေဥ(USA)၊ ဒေါက်တာငွေးအောင်သောင်း-ဒေါ်ဝင်းမြင့်ဦး(Australia)တို့၏ညီ၊ ဒေါ်သီသီချို (ဌာနစိတ်မှူး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန)၏ ခင်ပွန်း၊ မမြတ်သူအောင်၊ မောင်ဝေဖြိုးအောင်(Franco shipping Co.,)တို့၏ဖခင်သည် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) ည ၈း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၃-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးအေးမောင် အသက်(၉၀)
### လွတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်) (ကျိုက်လတ်)

ကျိုက်လတ်မြို့နေ (ဦးစိန်-ဒေါ်သန်း)တို့၏သား၊ (ဦးသောင်းတင်-ဒေါ်အေးကြည်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်ရေတွင်း(၁)လမ်း၊ တိုက်(၈)၊ ပထမထပ်နေ (ဒေါ်တင်အေး)၏ခင်ပွန်း၊ ဦးတင်မြင့်-(ဒေါ်သန်းမြင့်)၊ ဦးမြင့်သန်း-ဒေါ်မိမိ၊ ဦးကျော်စန်းလွင်-ဒေါ်အေးသန်း၊ (ဦးကိုကိုကြီး)-ဒေါ်ခင်စန်းမြင့်၊ ဦးကိုကိုလေး-ဒေါ်ခင်အေးကြူတို့၏အစ်ကိုကြီး၊ ကပ္ပတိန်ကျော်လွင်-ဒေါ်မြင့်မြင့်အေး၊ ဒုတိယဗိုလ်မှူးကြီး စိုးမင်း(ငြိမ်း) (ဌာနမှူး၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ရန်ကုန်ပညာ/လေ့ကျင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်နီနီအေး (ဒုညွှန်မှူး၊ ငြိမ်း၊ စက်မှုဝန်ကြီးဌာန)၊ ဦးရန်နိုင်-ဒေါ်ဖြူဖြူအေး၊ (ဒေါ်စန္ဒာအေး)၊ (ဦးဇော်မင်းထွဋ်အေး)၊ ဦးညာဏ်လင်းထွန်း(အင်ဂျင်နီယာဌာန၊ အဆောက်အအုံ၊ Y.C.D.C)-ဒေါ်စိုးစိုးစုလှိုင်အေး (အမှတ်-၁၊ ပလတ်စတစ်စက်ရုံ၊ စက်မှုဝန်ကြီးဌာန)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၈-၃-၂၀၁၃ (ကြာသပတေးနေ့) ည ၈နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားသဖြင့် ၃၀-၃-၂၀၁၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ် ၁၀၃၊ ရန်ကုန်-အင်းစိန်လမ်းမကြီး နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်တင်စု (၈၄)နှစ်
### (ထားဝယ်)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပိန္နဲတောရပ်၊ သုခလမ်း၊ အမှတ်(၂၆၁)နေ (ဦးဘအင်- ဒေါ်ဖွားမို)တို့၏သမီး၊ ဦးသိန်းမြင့်- ဒေါ်သိန်းမြ၊ ဦးကျော်လွင်-ဒေါ်ရီရီလွင်၊ ဦးဘမြင့်-ဒေါ်အေးရီ၊ ဒေါ်စမ်းစမ်းသစ်၊ ကိုနိုင်ဦး-မချိုချို၊ မသိန်းမူတို့၏အဒေါ်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၂၉-၃-၂၀၁၃ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးတင်မောင်ဝင်း(ငြိမ်း)
### (ကြည်း-၈၉၃၄)
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ဇေတရုံလမ်း၊ အမှတ်(၆၇၇)နေ (ဦးကံထွန်း-ဒေါ်ညွန့်ညွန့်)တို့၏ သားကြီး၊ (ဒေါ်စန်းစန်းရီ)၏ ခင်ပွန်း၊ ဦးကိုကိုဦး၊ ဦးသန်းထိုက်-ဒေါ်စန်းစန်းသစ်တို့၏ ဖခင်၊ (ဦးမြင့်ဆွေ-ဒေါက်တာဒေါ်မြင့်မြင့်မေ)၊ ဦးအောင်မြင့်-ဒေါ်ဖြူ၊ ဦးသန်းဇော်-ဒေါ်ခင်သက်နွယ်၊ ဦးဇော်ဇော်ထွန်း-(ဒေါ်ခင်မြင့်)၊ ဒေါ်အေးအေးမူ၊ ဦးခင်ဇော်တို့၏ အစ်ကိုကြီးသည် ၂၉-၃-၂၀၁၃(သောကြာနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးကောဏ္ဍည(ခ)ဦးတင်ငွေ
## သိက္ခာတော်(၁၅)ဝါ၊ သက်တော်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၄၁)လမ်း၊ အမှတ်(၂၈)၊ ပထမထပ်နေ ဒေါ်သန္တာအေး(ခ)မမီးမီးတို့၏ဖခင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နော်မံကျောင်းကြီးတိုက်တွင် သီတင်းသုံးတော်မူသော ဘဒ္ဒန္တကောဏ္ဍညအရှင်သူမြတ်သည် (၁၃၇၄ ခုနှစ်၊ တပေါင်း လပြည့်ကျော် ၂ရက်) ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ရက်) ၃၀-၃-၂၀၁၃ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။ (နော်မံကျောင်းကြီးတိုက်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

တပည့် ဒါယကာ၊ ဒါယိကာမများ

## ဒေါ်မြသန်း(ဒေစီ) (စစ်ကိုင်း) (၉၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်(B-1/3)နေ (အခွန်ဝန် ဦးဆင့်-ဒေါ်ဒေါ်သစ်)တို့၏သမီး၊ (အရေးပိုင်ဦးကျော်ငြိမ်း-ဒေါ်ဒေါ်အုန်း)တို့၏သမီးချွေးမ၊ (ဦးလှိုင်ဦး)-ဒေါ်နီနီအုန်း၊ ဗိုလ်မှူးမိုးမြင့်(ငြိမ်း)-ဒေါ်သင်းသင်း၊ (ဦးအောင်မှူး)-ဒေါ်နုနုစိန်၊ ဒေါ်မွန်မွန်၊ ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်း-ဒေါ်စန်းစန်းတင်တို့၏ မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား၊ [ဦးကျော်မောင် (ပြည်နယ်အကောက်ခွန်ဦးစီးမှူး-ငြိမ်း)]၏ဇနီး ဒေါ်မြသန်း(ဒေစီ) သည် ၂၉-၃-၂၀၁၃ရက် နံနက် ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြသန်း(ဒေစီ)(စစ်ကိုင်း) (၉၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်(B-1/3)နေ (အခွန်ဝန် ဦးဆင့်-ဒေါ်ဒေါ်သစ်)တို့၏သမီး၊ (အရေးပိုင်ဦးကျော်ငြိမ်း-ဒေါ်ဒေါ်အုန်း)တို့၏ သမီးချွေးမ၊ (ဦးတင်ဦး-ဒေါ်သန်းသန်း)၊ (ဒေါ်ခင်သန်းနု)၊ (ဒေါ်ခင်ညွန့်)တို့၏ညီမ၊ ဦးတင်အောင်(စက်မှု-၁၊ ညွှန်ချုပ်-ငြိမ်း)-ဒေါ်ခင်မြ၊ [ဒုတိယဗိုလ်မှူးကြီးကိုလေး(ငြိမ်း)]-ဒေါ်စန်းရွှေ၊ [ဒုတိယဗိုလ်မှူးကြီးဘထွေး(ငြိမ်း)]-ဒေါ်ခင်မေမေ၊ (အငြိမ်းစား-သံအမတ်ကြီး သီဟသူရ ဦးလှမော်)-ဒေါ်ခင်ခင်လှတို့၏ အစ်မ၊ [ဦးကျော်မောင် (ပြည်နယ်အကောက်ခွန်ဦးစီးမှူး-ငြိမ်း)]၏ဇနီး ဒေါ်မြသန်း(ဒေစီ)သည် ၂၉-၃-၂၀၁၃ရက် နံနက် ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယကာကြီး
## ဗိုလ်ကြီးတင်ရှိန်(ငြိမ်း) (၇၈)နှစ်
### (ကြည်း-၂၂၅၁၂)၊ စစ်ရေးချုပ်ရုံး
### (မုရစ်ကြီး)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၅)ရပ်ကွက်၊ နန္ဒသူရိန်လမ်း၊ အမှတ်(၁၂၈)နေ (ဦးထွေး-ဒေါ်နှင်းဖြူ)တို့၏သား၊ (ဦးသိန်း-ဒေါ်ပု)တို့၏သားသမက်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကြီးကျေးရွာနေ ဦးညွန့်မောင်-(ဒေါ်ကွန်ကျင်)၊ ကုလားတို့ကျေးရွာနေ ဦးစံသိန်း-(ဒေါ်စောညွန့်)၊ မြောက်/ဒဂုံ(၅၀)ရပ်ကွက်နေ ဦးသန့်စင်-(ဒေါ်ထား)တို့၏ညီ၊ ဦးသက်နိုင်ဦး၊ ဒေါ်ယုယုနိုင်(လဝက မြောက်ဥက္ကလာပ)၊ ဒေါ်စုစုခိုင်(ခေတ္တ-မလေးရှား)၊ ဦးအောင်ဇော်မိုး(ပါရမီတက္ကစီ)-ဒေါ်အေးအေးထွဋ်တို့၏ဖခင်၊ ထွဋ်ဥက္ကာ၊ ဝဏ္ဏအောင်၊ သီဟဇော်၊ မြတ်သူရအောင်တို့၏အဘိုး၊ ဒေါ်ခင်အုန်းကြည်၏ခင်ပွန်းသည် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၃-၂၀၁၃ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြကေသီ(ခ)ရိုစီကြီး (၇၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်း၊ ငွေကြာရံရိပ်သာ၊ အမှတ်(၆)နေ (ဦးကိုကြီး-ဒေါ်သိန်းနု)တို့၏သမီး၊ ဦးပီကျော်ဟန် [ဗိုလ်မှူးကြီး/သံအမတ်ကြီး(ငြိမ်း)]၏ ဇနီး၊ ဒေါ်ခင်စု၏ အစ်မ၊ ဒေါက်တာမြင့်သန်းဝင်း-ဒေါ်ကေသီဦး၊ ဦးနေဝင်းဦး- Mrs.Cristine၊ Mr. Jakrit- ဒေါ်ပပဦး၊ ဦးသန့်ကျော်ဦး-ဒေါက်တာခင်ယဉ်ယဉ်ထွေးတို့၏မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၇-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၁၃(အင်္ဂါနေ့)၊ နံနက် ၉နာရီမှ ၁၁နာရီအထိ ငွေကြာရံရိပ်သာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမအမီနာဘီဘီ(ခ)ဒေါ်ခင်သန်းဝင်း(ခ)Kitty (၇၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၆၁/၃၆၃)၊ (ပ)ထပ်နေ (ဦးကာစင်-ဒေါ်ခင်ခင်ဝင်း)တို့၏ ဒုတိယသမီး၊ (ဦးစရက်ဟူစိန်-ဒေါ်သန်းတင်)တို့၏ သမီးချွေးမ၊ ဟာဂျီဦးချစ်လွင် (အထွေထွေမန်နေဂျာ၊ Myanmar Sutech Co., Ltd.၊ ညွှန်ကြားရေးမှူး-ငြိမ်း၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ လယ်/ဆည် ဝန်ကြီးဌာန)၏ ဇနီး၊ ဦးမောင်မောင်လွင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန) (စီမံကိန်းမန်နေဂျာ၊ ခေတ္တ-FAO)-ဒေါ်ခင်သက်မွန်၊ ဟာဂျီမဒေါ်သီဂီလွင် (Managing Director Peace Garment)- ဟာဂျီဦးဝင်းမောင်ဦး (Managing Director Win Theingi Engineering Co., Ltd.)၊ ဒေါ်မင်းမင်းလွင်-ဦးခင်မောင်မြင့်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ဘွားဘွား ဟာဂျီမအမီနာဘီဘီ(ခ)ဒေါ်ခင်သန်းဝင်း(ခ) Kitty သည် ၂၈-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၉-၃-၂၀၁၃ (သောကြာနေ့) ဂျုမ္မာဟ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွာနာပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖု များထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက် ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေထိ ဖြစ်တတ်သည်။

**လိုက်နာဆောင်ရွက်ရန်-**

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ် ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါ သည်-

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ် ၍ အရိပ်ရအေးမြသော နေရာများ တွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ် ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်
အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများကို
ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151,01-8603389, 09-5426261, 09-73152381

NATURAL BREEZE Travels & Tours
" Breeze Brings the Remembrance of Your Life......"
ကိုးရိုးယား April 12 ၈ည ၉ရက်
စင်ကာပူ - မလေးရှား April 12-13
ဖနံပင် - ပတ္တရား April 13-14
April 21
မလေးရှား - စင်ကာပူ - ဘန်ကောက် April 10
01 500734,09 73 211441 , 09 73 211442

### ရုံးခန်းပြောင်းရွှေ့ခြင်း

အိုင်အယ်လ်အို (ILO) ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးအား
၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍
အောက်ပါလိပ်စာသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
အမှတ်-၁(က)၊ ကန်ဘဲ့(သစ္စာ)လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း-၀၁-၅၆၆၅၃၈၊ ၅၆၆၅၃၉၊ ၅၇၈၉၂၅၊ ၅၇၉၉၅၆**
**ဖက်စ် ၀၁-၅၆၆၅၈၂**
**PO BOX 679**

PUN HLAING HOSPITAL
မှန်ပြောင်းဖြင့်အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာ ခွဲစိတ်ကုသမှုအစီအစဉ်
Laparoscopic Gastrointestinal Surgery
အစာအိမ်၊အူလမ်းကြောင်းဆိုင်ရာရောဂါများနှင့်သည်းခြေအိတ်ဆိုင်ရာ ရောဂါများအား မှန်ပြောင်းဖြင့်ခွဲစိတ်ကုသခြင်းတို့ကို
မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံမှ အထူးကုဆရာဝန်ကြီး တို့ပူးပေါင်း၍ ဧပြီလ ၅ ရက်မှ ၈ ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်
လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၁) ၂၄၃၀၁၀ /မန္တလေး (၀၉) ၄၃၂၀၇၇၈၁



**GOLDEN STAR Travels & Tours**

| | |
|---|---|
| ☆ ရွှေဂက်တော်၊ ပုဂံ(ရွှယ်တော်လေးဆူ)-ပုပ္ပါး | Apr-12 |
| ☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ | Apr-12 |
| ☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ | Apr-12 |
| ☆ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ | Apr-12 |
| ☆ တောင်ကြီး-အင်းလေး-ပင်းတယ | Apr-12,13,17 |
| ☆ ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်) | |

Ph: 209200, 544383, 430480, 703448, 09-5081580

**ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း**

Myanmar Golden Rock Int'l Co.Ltd၏ရုံးခန်းကို အောက်ဖော်ပြပါ လိပ်စာသို့ ၁-၄-၂၀၁၃ရက်မှ စတင်၍ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**# 06-01, Block 8, Myanmar Info -Tech,**
**Universities' Hlaing Campus,**
**Hlaing Township, Yangon, Myanmar.**
**Contact Ph-01-654810 to 01-654817**

**ဗိနိုဝင်းနှင့်ရောင်းရင်းများမှ**
**သင်္ကြန်ခရီးစဉ်များ**

- ▲ ရွှေဂက်တော်နှင့် လမ်းဘုရားစုံ (၄)ရက်
- ▲ ရွှေဂက်တော်နှင့် ပုဂံ၊ ပုပ္ပါး (၅)ရက်ဆက်၍ (တောင်ကြီး၊ အင်းလေး) (မန္တလေးပြင်ဦးလွင်စစ်ကိုင်းမုံရွာ) (၈)ရက် ခရီးစဉ် အစအဆုံး (၁၁)ရက်
- ▲ ရွှေဂက်တော်နှင့် အလောင်းတော်ကဿပ (၅)ရက်
- ▲ အလောင်းတော်ကဿပနှင့် မုံရွာဘုရားစုံ (၃)ရက်
- ▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ရွှေတော်၊ ထန်ဆမ်းရွာ (၅)ရက်
- ▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၅)ရက်
- ▲ မန္တလေး၊ ပြင်ဦးလွင်၊ သီပေါ၊ လားရှိုး၊ မူဆယ်၊ ရွှေလီ (၇)ရက်
- ▲ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ကျိုက်ထီးရိုး (၄)ရက်
- ▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ၊ မော်လမြိုင် (၆)ရက်

ကျိုက်ထီးရိုး-ချောင်းသာ(နေ့စဉ်) ခရီးစဉ်များအားလုံး မြေ(၁၂-၁၃-၁၇)နေ့ထွက်မည်

၂၂၉၊ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)249871, 255553, 389611, 09-5137245

သနှာရှင်
ကားငှားလုပ်ငန်း
ကျိုက်ထီးရိုး-ငွေဆောင်-ချောင်းသာ
Ph : 09 73215988, 09 5021278

အဘွားဝါချစ်သူ
"ပေလီ"
Hyundai Bus - 80,000/-
Hyundai Bus - 1,00,000/-
Air-Con Bus - 1,30,000/-

HOME GALAXY Interior Mall

2012 နောက်ဆုံးပေါ် 3D Micro Crystal Stone၊ ထူးထူးခြားခြား အရည်အသွေးမြင့် ကြွေပြားကျောက်ပြား Granite၊ Marble၊ ကိုရီးယား ကြမ်းခင်းအမျိုးမျိုး၊ ကိုရီးယား Wallpapers၊ Carpets အမျိုးမျိုး၊ Modern & Classic Furniture၊ Professional Office Furniture၊ Lighting အမျိုးမျိုးတို့ကို အထူးလျှော့ဈေးနှုန်းများဖြင့် ရရှိနိုင်ပါသည်။



Project, Hotel၊ စက်ရုံ၊ အလုပ်ရုံ၊ ဆောက်လုပ်ရေးကုမ္ပဏီများ၊ ဘာသာရေးအဆောက်အအုံများ အတွက်လည်း အထူးဈေးနှုန်းများဖြင့် ရောင်းချပေးပြီး သီးသန့်အော်ဒါများလည်း မှာယူနိုင်ပါသည်။

LED HIGH GRADE BRAND




Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon.
Tel : 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513

# SAKURA AUTO AUCTION CENTRE

STC

## RAN SPEED AUTO CENTRE

RS AUTO

URL : www.sakura-auction.com, Email : sakuragroup11@gmail.com

Saloon ကားလေးများ လေလံဆွဲဝယ်ယူမည်ဆိုပါက (Auction Prices + ကျပ် ၁၇ သိန်း) CIF YANGON ဆိပ်ကမ်းအရောက်တန်ဖိုး

Wagon ကားများ လေလံဆွဲဝယ်ယူမည်ဆိုပါက (Auction Prices + ကျပ် ၁၉ သိန်း) CIF YANGON ဆိပ်ကမ်းအရောက်တန်ဖိုး

ဘဏ်အကောင့်ဖွင့်ပေးခြင်း၊ ပါမစ်လျှောက်ထားပေးခြင်း၊ ငွေလွှဲပေးခြင်း၊ သင်္ဘောတင်ခြင်းအပါအဝင် ရန်ကုန်ဆိပ်ကမ်းရောက်သည်အထိ တာဝန်ယူဆောင်ရွက်ပေးပါသည်။ စုစုပေါင်းတန်ဖိုး၏ ၅၀% သာပေးချေ၍ ကျန်ငွေကို သင်္ဘောတင်ပြီး BL ရောက်မှပေးချေနိုင်ပါသည်။

အလုပ်ရှုပ်ခံ၍ ဘဏ်တွင်အကောင့်ဖွင့်ရန်မလို၊ ကုမ္ပဏီအရောင်းခန်းမတွင် One Stop Services ဖြင့် အားလုံးဝန်ဆောင်မှုပေးနေပါသည်။

မီနီလိုက်ထရပ် များအား ကျပ်သိန်း ၅၀/၆၀ ဝန်းကျင်ဖြင့်ရောင်းပေးနေပါသည်။

(၁)တန် လိုက်ထရပ် များအား ကျပ်သိန်း ၉၀/၁၀၀ ဝန်းကျင်ဖြင့်ရောင်းပေးနေပါသည်။

မော်တော်ယာဉ်ဝယ်ယူသူများအား Free Routine Check up & Free Servicing လုပ်ငန်းများအား (၁)နှစ် လက်ခံမဲ့ ဝန်ဆောင်မှုပေးနေပါသည်။

April (၁)ရက်နေ့မှစ၍မော်တော်ယာဉ်ဝယ်ယူသူတိုင်း Free Service Coupon Card များ ရယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဒုတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲ(၁.၆.၂၀၁၃) စနေနေ့**

**တတိယအကြိမ် ကံစမ်းမဲဖွင့်ပွဲ(၃၁.၁၂.၂၀၁၃) New Year Dinner ပွဲနှင့်အတူ**

၂၀၁၃ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ ဝယ်ယူအားပေးကြသော
မိတ်ဟောင်း မိတ်သစ်များ ကို ကျေးဇူးတုံ့ပြန်သောအားဖြင့်

**မော်တော်ကား (၅) စီး (အမည်ပေါက်)၊ မော်တော်ဆိုင်ကယ် (၅) စီး၊ ၄၀ လက်မ TV (၅) လုံးနှင့်**

ဇလာမပါ အခြားဆုမဲပေါင်းများစွာ စုစုပေါင်းကျပ်သိန်း (၁၀၀၀)ကျော်ဖိုးကို ကံစမ်းမဲဖောက်၍
ညစာစားပွဲ၊ တေးဂီတဖျော်ဖြေပွဲများနှင့်အတူ ကျေးဇူးတုံ့ပြန်မည်ဖြစ်ပါသည်။

SAKURA AUTO AUCTION CENTRE
ချယ်ရီဥယျာဉ်အိမ်ရာ ၊ ၁၄/၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) - ၅၆၆၁၀၆၊ (၀၁) - ၅၆၆၁၀၉၊
သံသုမာလမ်းနှင့် သစ္စာလမ်းထောင့်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၈၅၀၀၆၈၂၊ (၀၉) ၈၆၁၈၃၈၆။

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## Diamonds and Fine Jewelry

ဦးဝင်းနိုင် + ဒေါ်စမ်းစမ်း

**“နှစ်သစ်မဟာသင်္ကြန်အထူးအစီအစဉ်အဖြစ်”** တော်ဝင်စင်တာရှိ **Win & San Diamonds and Fine Jewelry** မှ စက်ထည်၊ လက်ထည် ဒီဇိုင်းအသစ်အဆန်းများအပြင် မြန်မာ့တွင်းထွက် ကျောက်မျက်ရတနာမျိုးစုံဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများနှင့် ဖြူသန့်စိန် အကြွေဆိုဒ်စုံ၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ပါ တစ်ပွင့်စိန်များကို မိတ်ဟောင်းမိတ်သစ်များအတွက် တစ်မူထူးခြားသော အထူးလျှော့ဈေး **15% to 25%** ဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

✦ ဖိတ်စာမရောက်ရှိသော မိတ်ဆွေများလည်း လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။ ✦

**Promotion Date : 30.3.2013, 31.3.2013, 1.4.2013**

**Show Room (2)** ❖ အမှတ် (၄၅)၊ အခန်း (၁၀၂၇)၊ မြေညီထပ်၊ တော်ဝင်စင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ Ph : 8600111 (Ext - 1027), 09-500-6683

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

၂၀၁၂ ခုနှစ် မတ်လ (၃၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော
**“ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ”**ကို ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်
ISO 14001 : 2004 အားကျင့်သုံးလျက်ရှိသော ပန်းလှိုင်ဆေးရုံကြီးမှ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။
ပန်းလှိုင်ဆေးရုံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်ကို ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြသည့်
လူနာများ၊ လူနာရှင်မိသားစုများ၊ ဧည့်သည်များ နှင့်ဆေးရုံဝန်ထမ်းများအားလုံးကိုလှိုက်လှဲစွာ
ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ပန်းလှိုင်ဆေးရုံအုပ်ချုပ်ရေးအဖွဲ့**

## ယနေ့ မာတိကာ


မည်သူမပြု မိမိမှု
စာမျက်နှာ - ၂

ကမ္ဘာလှည့်ခရီးသွားများနှင့် မြန်မာလက်ဘက်ဆရာ
စာမျက်နှာ - ၅

မီးသတ်ဦးစီးဌာနဆိုသည်မှာ
စာမျက်နှာ - ၁၀

အင်းလေးဒေသတွင် အပန်းဖြေစခန်းဖွင့်မည်
စာမျက်နှာ - ၁၁

ရုရှားတင်းနစ်မယ် မာရီရာ ရှာရာပိုဗာ ဗိုလ်လုပွဲတက်
စာမျက်နှာ - ၁၃


# အာဆီယံဥက္ကဋ္ဌရာထူးတာဝန်ကို ကျယ်ပြန့်သည့် ရှုမြင်မှုနှင့် ဆောင်ရွက်သွားကြရန်လို ဥက္ကဋ္ဌရာထူးတစ်ခုတည်းအတွက်မဟုတ်ဘဲ အာဆီယံအသိုက်အဝန်း ထူထောင်ရန်အတွက်ပါ တာဝန်ရှိ

နေပြည်တော်  မတ်  ၂၉

**အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏တာဝန်ကို ဆောင်ရွက်တာဖြစ်သလို မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ၊ စွမ်းဆောင်နိုင်မှု၊ ယဉ်ကျေးဖော်ရွေမှု၊ သာယာလှပသည့် တောတောင်သဘာဝ၊ ယဉ်ကျေးမှုအမွေအနှစ်များစသည့် မြန်မာ့ဂုဏ်ရည်ကို ထုတ်ဖော်ပြသမှုလည်းဖြစ်ပါကြောင်း၊ အာဆီယံဥက္ကဋ္ဌ ရာထူးထမ်းဆောင်မှုကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသည် လာရောက်မှုကိုလည်း များစွာအထောက်အကူ ပြုစေမှာဖြစ်ကြောင်း၊ သို့ဖြစ်၍ အာဆီယံဥက္ကဋ္ဌ ရာထူးတာဝန်ထမ်းဆောင်သည်ကို အဖွဲ့ဝင်တစ်ဦး၏တာဝန်ဟု မမြင်ဘဲ ကျယ်ပြန့်သည့် ရှုမြင်မှုနှင့် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယင်းဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးနှင့် CLMV၊ ACMECS ထိပ်သီးအစည်းအဝေးကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။**

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရေးနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးဆိုင်ရာ ဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးနှင့် CLMV၊ ACMECS ထိပ်သီးအစည်းအဝေးကျင်းပရေးအကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**(သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတက ပြောကြားရာတွင် ယခုအစည်းအဝေးသည် လာမည့် ၂၀၁၄ ခုနှစ်တွင် အလှည့်ကျအာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်အောင်မြင်မြင် ဦးစီးဆောင်ရွက်နိုင်ရေးနှင့် ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်မည့် ASEAN Community ၌ မိမိတို့နိုင်ငံအနေဖြင့် အကျိုးရှိရှိ ပူးပေါင်းပါဝင်နိုင်ရန် ကြိုတင်ပြင်ဆင်ရေးအတွက် ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် အာဆီယံအသိုက်အဝန်းနှင့် ဆက်နွှယ်နေသည့် CLMV နှင့် ACMECS ဆိုင်ရာ လုပ်ငန်းဖော်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အာဆီယံဥက္ကဋ္ဌ တာဝန်ယူသည့် ၂၀၁၄ ခုနှစ်၌ တစ်ပြိုင်တည်း ကျင်းပသွားနိုင်အောင် ထည့်သွင်းစဉ်းစားဆွေးနွေးကြရန် လိုကြောင်း။

ASEAN Summit ကို တစ်နှစ်နှစ်ကြိမ်သာ ကျင်းပသော်လည်း ကြားကာလတွင် အဆင့်မြင့်အစည်းအဝေးများစွာ ပြုလုပ်ရသည့်အတွက် Summit အစည်းအဝေးများအပါအဝင် ဆက်စပ်အစည်းအဝေးများ ချောမောစေရန် ဆောင်ရွက်စရာရှိသည်များ ပြီးပြတ်အောင်ဆောင်ရွက်သွားကြရန် လိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရာတွင် အခြားနိုင်ငံများကဲ့သို့ ပင်မဆောင်ရွက်သွားမည့် အကြောင်းအရာ၊ ဦးတည်ရာလမ်းကြောင်းနှင့် ဦးစားပေး

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

# မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် ဆူပူမှုများဖြစ်ပွားမှုအပေါ် သတိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက် (၁/၂၀၁၃)
**၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့**
**၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်**

**မြန်မာနိုင်ငံအတွင်း ဒေသအချို့တွင် ဆူပူမှုများဖြစ်ပွားမှုအပေါ် သတိပေးကြေညာခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများဖွဲ့စည်းဆောင်ရွက်ခွင့်၊ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်"ဟု ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်သူလူထုအား ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ရာတွင် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ သာမန်စျေးရောင်းဝယ်ရာတွင် ခိုက်ရန်ဖြစ်ပွားခဲ့ပြီး အဖျက်အမှောင့်ပြုလိုသူများသည် လူစုလူဝေးများဖြင့် ဆူပူမှု၊ ရုန်းရင်းဆန်ခတ်မှုများ ပြုလုပ်ခဲ့သည့်အပြင် သေစေလောက်သော လက်နက်စွဲကိုင်၍ အကြမ်းဖက်မှု ကျူးလွန်သည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ပါသည်။ ဆူပူဆန္ဒပြမှုမှ မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်မှုအထိ ဖြစ်ပေါ်လာခဲ့သည့် ယင်းဖြစ်စဉ်မှ အစပြု၍ အခြားတိုင်းဒေသကြီးရှိ မြို့နယ်များသို့ ကူးစက်ဖြစ်ပေါ်ခဲ့ပြီး ယနေ့အထိ မြို့နယ် (၁၅)မြို့နယ်တွင် အကြမ်းဖက်မှု (၁၆၃) ကြိမ်၊ သေဆုံးသူ (၄၃) ဦး၊ ဒဏ်ရာရရှိသူ (၈၆) ဦးရှိ၍ အိုးအိမ်၊ ဈေးဆိုင်၊ အဆောက်အအုံ (၁၃၅၅)လုံးနှင့် ယာဉ်မျိုးစုံ (၃၉)စီး ပျက်စီးဆုံးရှုံးကာ လူဦးရေ(၁၁၃၇၆) ဦး အိုးမဲ့အိမ်မဲ့ဖြစ်ပေါ်ခဲ့ပြီး ကယ်ဆယ်ရေးစခန်း (၆)ခုတွင် ဒုက္ခသည် (၉၀၆၅) ဦးအား ကူညီစောင့်ရှောက်ပေးခဲ့ရပါသည်။ ယင်းဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်သူ တရားခံ (၆၈) ဦး ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၃။ ဖြစ်ပွားခဲ့သည့်ပဋိပက္ခများ တည်ငြိမ်စပြုလာသည့် အခြေအနေတွင် ဆူပူမှုများကူးစက်ပျံ့နှံ့ရန်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

**ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၄)တွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ဖော်ပြထားပါသည်။**

**ကြော်ငြာစာမျက်နှာ အပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအပို က၊ ခ၊ ဂ၊ ဃ လေးမျက်နှာ ပါရှိပါသည်။